# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၉)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. General To Lam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ လေကြောင်းပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုဆောင်ရွက်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ အပြန်အလှန်ခရီးစဉ်များ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. General To Lam အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်

# ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အတွင်းရှိ ဘန်ဘွေးကျင်းရေတံခွန်အား ခရီးစဉ်ဒေသသစ်တစ်ခု ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်သွားမည်



**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အတွင်းရှိ ဘန်ဘွေးကျင်းကျေးရွာအနီးတွင် သဘာဝအရင်းအမြစ်အဖြစ် လှပစွာတည်ရှိနေသည့် ဘန်ဘွေးကျင်းရေတံခွန်ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဝင်ရောက်လေ့လာကြည့်ရှု အပန်းဖြေနိုင်သည့် ခရီးစဉ်ဒေသအသစ်တစ်ခု ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်နိုင်ရန် ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသသည် မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာခရီးသွားများ အများဆုံး စိတ်ဝင်တစား သွားရောက်လေ့လာလည်ပတ်လျက်ရှိသော ပြင်ဦးလွင်မြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့်အပြင် လက်ရှိတွင်လည်း ၎င်းဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ သိရှိဝင်ရောက်လေ့လာမှုများ ရှိနေသဖြင့် ခရီးစဉ်ဒေသသစ်အဖြစ် စနစ်တကျပေါ်ပေါက်၍

*စာမျက်နှာ ၇ ကော်လံ ၁ ✻*


**ယနေ့ မာတိကာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာ ၈

**ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ဘရီးဇစ်မဲပေးပွဲကို မတ်လ ၁၂ ရက်သို့ ရွှေ့ပြောင်း** စာ ၁၄



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဆင်းရဲ ချမ်းသာကွာဟမှုနှင့် အဂတိကင်းစင်ရေး

လူ့ဘဝမှာ ငွေကြေးချမ်းသာကြွယ်ဝခြင်းသည် ကောင်း၏ဟုဆိုလာလျှင် ငြင်းစရာမရှိ။ သို့သော် ဘယ်လိုဘယ်နည်း ချမ်းသာကြွယ်ဝလာသလဲ ဆိုလျှင်မူ ကောင်း၏၊ မကောင်း၏ ဆိုခြင်းကို ဆွေးနွေးစရာရှိလာမည်ဟု ထင်သည်။

ထို့အတူပင် လူတစ်ဦး တစ်ဖွဲ့တစ်စုက ချမ်းသာကြွယ်ဝနေပြီး လူများစုက ဆင်းရဲနွမ်းပါးနေပြီဆိုလျှင် ကောင်း၏ဟုဆိုရန် ပို၍ပင် ခက်ခဲပါလိမ့်မည်။ ထို့ကြောင့် ဘယ်သူတွေချမ်းသာကြွယ်ဝပြီး ဘယ်သူတွေ ဆင်းရဲနွမ်းပါးနေသလဲ ဆိုတာကို ခွဲခြမ်းစိတ်ဖြာလျှင် ပြောဆို ငြင်းဆိုစရာ အများအပြား ရှိလာမည်။

ထို့ကြောင့် လူတစ်ဦး ချမ်းသာကြွယ်ဝသည်ဟု သိရလျှင် မုဒိတာ ဖြစ်ဖို့ကောင်းသည်၊ ဝမ်းသာစရာ ဖြစ်သည်ဆိုသော်လည်း မည်သို့မည်ပုံ ချမ်းသာကြွယ်ဝသည်က ပို၍အရေးကြီးသည်ဟု ဆိုရပါမည်။

ဥပဒေနှင့် မညီဘဲ၊ သို့မဟုတ် ဥပဒေကို ချိုးဖောက်ခြင်းဖြင့် ရရှိလာသော ချမ်းသာကြွယ်ဝမှုကို လူမှုအဖွဲ့အစည်းက ဝမ်းမြောက်ကြိုဆိုစရာဟူ၍ ယူဆမည်မဟုတ်။ သည်လို ချမ်းသာကြွယ်ဝမှုမျိုးကို ခွင့်လွှတ်လိမ့်မည်မဟုတ်။

ဤသို့သောနည်းဖြင့် ချမ်းသာကြွယ်ဝသည့် လုပ်ငန်းမျိုးကို မိစ္ဆာ အာဇီဝဟု အမည်တပ်၏။ မတော်မတရားသည့် စီးပွားရှာခြင်းမျိုးဟု ဆိုလိုခြင်း ဖြစ်ပါသည်။

သည်လို မတော်မတရားသည့် စီးပွားရှာခြင်းမျိုးကို အများပြည်သူတို့ လွန်စွာစက်ဆုပ်ကြကုန်၏။ သည်လိုမတော်မတရား စီးပွားရှာမှုထဲတွင် အဂတိလိုက်စားခြင်း၊ လုပ်ပိုင်ခွင့်အာဏာတို့ကို အလွဲသုံးစားလုပ်ခြင်းနှင့် လာဘ်စားခြင်းတို့က ရှေ့ဆုံးတန်းက ပါမည်ဟု ထင်ပါသည်။

ထို့ကြောင့်ပင် အာဏာကြီးသူများ ချမ်းသာကြွယ်ဝနေကြပြီဆိုလျှင်၊ လုပ်ပိုင်ခွင့်များကို လက်ဝယ်ပိုင်ပိုင်ရထားသူများ ချမ်းသာနေကြပြီဆိုလျှင်၊ သို့မဟုတ် ထိုပုဂ္ဂိုလ်တို့၏ မိသားစုဝင်များ၊ သို့မဟုတ် သူတို့နှင့် ဆက်စပ်ပတ်သက်နေကြသူများ ချမ်းသာကြွယ်ဝနေပြီဆိုလျှင် အများပြည်သူတို့က စစ်ဆေးပိုင်ခွင့် ရှိချင်ကြသည်။

တိုင်းပြည်တစ်ခုလုံး အဆင်းရဲဆုံးနိုင်ငံ စာရင်းထဲပါဝင်နေချိန်တွင် ကျိကျိတက် ချမ်းသာနေကြသူများရှိနေသည်ဆိုလျှင် ယင်းသည် အလွန်ပင်ရုပ်ဆိုးသည့် မြင်ကွင်းဖြစ်သည်ကား အမှန်ပါပေ။ မည်သည့်အကြောင်းကြောင့် ဤမျှ ကွဲပြားခြားနားမှုများ ရှိနေသည်ဖြစ်စေ နိုင်ငံတစ်ခုအနေဖြင့်၊ လူမှုအဖွဲ့အစည်းတစ်ခုအနေဖြင့် အလွန်ပင် အကျည်းတန်သည်ကား အမှန်ပင်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် ယနေ့အချိန် ဆင်းရဲချမ်းသာ ကွာဟမှု အတိုင်းအတာကို သိသိသာသာ လျှော့ချပေးနိုင်ခြင်း မရှိသေးခြင်းက ဆင်းရဲမွဲတေမှု လျှော့ပါးပပျောက်ရေး အရှိန်မမြင့်တက်နိုင်သေးသည့် မှတ်ကျောက်တစ်ခုလို ဖြစ်နေသည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးပြေလည်ချောင်လည်မှုကိုပြောလျှင် အလယ်အလတ်တန်း လူတန်းစားများပြားလာဖို့အရေးက အလွန်အရေးကြီးသည်ဟု ဆိုကြသည်။ ဆင်းရဲချမ်းသာ ကွာဟမှုကို လျှော့ချခြင်းက ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းတစ်ခုပဲ ဖြစ်သည်ဟု ဆိုလိုခြင်းပါ။

ပြည်သူ့အစိုးရ ပေါ်ပေါက်လာပြီးသည့်နောက်တွင် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အတော်ပင် အလေးအနက်ထား ဆောင်ရွက်လာသည်ကို သတိပြုမိပါသည်။ ပြည်သူလူထုတို့ကလည်း အစိုးရက ဖွဲ့စည်းတာဝန်ပေးထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို များစွာမျှော်လင့်ချက်ထားပြီး စောင့်မျှော်လျက်ရှိကြပါသည်။

နိုင်ငံ၏ စီးပွားရေးအခြေအနေ တိုးမြင့်လာရေး၊ ပြည်သူတို့ စားဝတ်နေရေးချောင်လည်ရေးနှင့် ဆင်းရဲချမ်းသာကွာဟမှု လျှော့ပါးလာရေး စသည်တို့တွင် အဂတိကင်းစင်ရေး၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းစင်လာရေးတို့ကလည်း အချက်အချာကျသော အစီအမံများ ဖြစ်သည်ဟု ယုံကြည်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ၂၀၁၈ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသူများ၏ အမည်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာ စာမေးပွဲတွင် စာဖြေဌာန ၁၅၅ ဌာန၌ ဖြေဆိုသူ ၁၁၉၈၇ ဦးအနက် အောင်မြင်သူ ၁၀၇၂၀ နှင့် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၃၀၇၀ ရှိပြီး အမှတ်အများဆုံး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ စာဖြေဌာနမှ ဒေါ်မွန်မွန်ကျော်၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်စာဖြေဌာနမှ ဒေါ်အိမွန်နှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး မြစ်ကွေ့စာဖြေဌာနမှ ဒေါ်အိမွန်ဦးတို့က ဆွတ်ခူးရရှိကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာန ၁၂၆ ဌာန၌ ဖြေဆိုသူ ၂၀၉၆ ဦးအနက် အောင်မြင်သူ ၂၀၄၈ ဦးနှင့် နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၀၂၈ ဦးရှိပြီး အမှတ်အများဆုံး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်စာဖြေဌာနမှ ဒေါ်မာလာနှင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ စာဖြေဌာနမှ ဒေါက်တာကျော်ကျော်စိုးနှင့် တတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစာဖြေဌာနမှ ဒေါ်မူမူမြင့်တို့က ဆွတ်ခူးရရှိကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာန ၁၀၇ ဌာန၌ ဖြေဆိုသူ ၁၈၄၆ ဦးအနက် အောင်မြင်သူ ၁၇၀၁ ဦးနှင့် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၄၀၇ ဦးရှိပြီး အမှတ်အများဆုံး ပထမဆုကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး စာဖြေဌာနမှ မယဉ်မွန်သိမ့်သိမ့်ကျော်၊ ဒုတိယဆုကို စင်ကာပူနိုင်ငံ စင်ကာပူစာဖြေ ဌာနမှ မမေသင်းအေးနှင့် တတိယဆုကို ရန်ကုန်တိုင်းဒေသကြီး သာကေတ စာဖြေဌာနမှ ဒေါ်တင်တင်ထွေးတို့က ဆွတ်ခူးရရှိကြသည်။

အဆိုပါ စာမေးပွဲများ၏ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သာသနာရေးမှူးရုံးများ၊ စာဖြေဌာနများရှိ သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၂၀၁၉ မျိုးစေ့ပြပွဲ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၉ မျိုးစေ့ပြပွဲ "၂၀၁၉ Seed Fair" ကို ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း၌ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသားကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါပြပွဲသို့ရောက်ရှိပြီး ပြခန်းများ၊ မျိုးစေ့၊ ပျိုးပင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးမြင့်မားရေးသာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသော ရာသီဥတုဒဏ်နှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ဒေသမျိုးရင်းများ၏ မျိုးအရည်အသွေး ထိန်းသိမ်းမြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ တောင်သူများ မျိုးကောင်း မျိုးသန့် ရွေးချယ်သုံးစွဲမှု မြင့်မားရေး အားပေးဆောင်ရွက်သည့်အပြင် ယင်းတို့၏ မျိုးစေ့လိုအပ်ချက် တောင်းဆိုလာမှုများအား ဖြည့်ဆည်းပေးနိုင်ရေး အတွက် မျိုးစေ့ထုတ်လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



၂၀၁၉ မျိုးစေ့ပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ဌာနဆိုင်ရာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ပြခန်းပေါင်း ၄၄ ခန်းနှင့် မျိုးစေ့၊ ပျိုးပင်များ၊ မြေသြဇာများ၊ စိုက်ပျိုးရေး သုံးပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများ၊ မျိုးစေ့ထုတ်ကုမ္ပဏီလေးခုတို့၏ မျိုးစေ့ထုတ် စံပြစိုက်ခင်းများ စုံလင်စွာ ခင်းကျင်းပြသလျက်ရှိသည်။

သတင်းစဉ်

## နာဂိုယာတက္ကသိုလ် ဥပဒေအထူးပြုကျောင်းသား ကျောင်းသူများနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနမှ ကျောင်းသားကျောင်းသူများ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ Ms.Emi Makino ဦးဆောင်သော ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာ-ဂျပန် ဥပဒေ သုတေသနစင်တာမှ တွဲဖက်ပါမောက္ခ ဒေါက်တာမမသန့် ဦးဆောင်သော ဥပဒေအထူးပြု ကျောင်းသားကျောင်းသူ ၁၁ ဦးတို့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးသို့ ရောက်ရှိပြီး တရားမမှုနှင့် ရာဇဝတ်မှု စစ်ဆေးစီရင်မှုများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီး ဒေါ်ချိုချိုမာနှင့် တွဲဖက်ခရိုင် တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများက လိုက်လံပြသခဲ့ကြကြောင်း သိရသည်။

ရွှေအင်းသားခင်မောင်ဝင်း



ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူများအား လေ့လာရေး ကျောင်းသားကျောင်းသူများက အမှတ်တရ ပစ္စည်းပေးအပ်စဉ်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထုံးဘို တပ်မတော်အကြီးစားစက်ရုံ၌ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်မှု စစ်ဆေး



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထုံးဘို တပ်မတော်အကြီးစားစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထုံးဘိုရှိ တပ်မတော် အကြီးစားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံ အတွင်း မော်တော်ယာဉ်အတွက် လိုအပ်သည့် အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ထားရှိမှု၊ Machine Shop နှင့် Diesel Engine Manufacturing Plant အတွင်း လိုင်းများအတွင်းရှိ အင်ဂျင်ထုတ်လုပ်သည့် လိုင်းများရှိ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စက်ရုံဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၁၆ ခုနှစ်တွင် စက်ရုံအား တပ်မတော်မှ လွှဲပြောင်းရယူပြီးချိန်၌ ရပ်တန့်နေသော မော်တော်ယာဉ်နှင့် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်မှုကို ပြန်လည်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး ယခုအခါမော်တော်ယာဉ်များ စတင်ထုတ်လုပ်နိုင်နေပြီ ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ပထမဆုံးကိုယ်ပိုင်ဒီဇိုင်းဖြင့် မော်တော်ယာဉ်များအား စတင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ရာ အစီး ၁၀၀ မြောက် ထုတ်လုပ်ပြီးစီးနိုင်၍ ဂုဏ်ပြုပါကြောင်း ပြောကြားကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)သည် ယခင်က အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်၍ Mazada Jeep ၊ B -600၊ T-2000၊ မော်တော်ယာဉ်များထုတ်လုပ်ခဲ့ကာ ၂၀၁၆ ခုနှစ်တွင် တပ်မတော်မှ လွှဲပြောင်းရယူခဲ့ပြီး ယခုအခါ မော်တော်ယာဉ်များအား ဆက်လက်တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ သရေခေတ္တရာ မြို့ဟောင်းအတွင်း၌ရှိသည့် လေယာဉ်ကွင်းသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လေယာဉ်ကွင်းအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# မြန်မာ့လွှတ်တော်နှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သံတမန်ရေးရာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ရုံးများမှ အရာထမ်းများအတွက် သံတမန်ရေးရာအခြေခံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် Learning Center(Room3) ၌ ကျင်းပသည့် လွှတ်တော်ရုံးများမှ အရာထမ်းများအတွက် သံတမန်ရေးရာ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က The Asia Foundation အစီအစဉ်ဖြင့် ယခုဖွင့်လှစ်သည့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် သံတမန်ရေးရာ အခြေခံသင်တန်းသည် လွှတ်တော်ရုံးများမှ အရာရှိများအတွက် သံတမန်ရေးရာနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကိုသိရှိပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်းအဖွဲ့တို့မှသင်ရိုးညွှန်းတမ်းပြုစု၍ အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ပညာရှင်များမှ လာရောက်သင်တန်းပို့ချသွားမည် ဖြစ်ပါကြောင်း၊

မိမိတို့ လွှတ်တော်များသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာပါကြောင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များနှင့်လွှတ်တော်ဝန်ထမ်းများပါ နိုင်ငံတကာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် လေ့လာရေးခရီးစဉ်များကိုမကြာခဏသွားရောက်နေကြရသည့်အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် သံတမန်ဆက်ဆံရေးအခြေခံသဘောတရားများကို သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုသင်တန်းမှ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အသုံးချပြီး နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ လွှတ်တော်အသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံရာတွင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပြီး နိုင်ငံ၏ရပ်တည်ချက်မူဝါဒများကို နိုင်ငံတကာကအသိအမှတ်ပြု လက်ခံလာစေရန် ဆောင်ရွက်နိုင်သည့် သံတမန်ပညာရပ်များနှင့် ပြည့်စုံသည့် အရည်အသွေးရှိသော လွှတ်တော်ရုံးဝန်ထမ်းများပေါ်ထွက်လာရန်အတွက် မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ အလားတူ သင်တန်းကနေ ရရှိလာသည့် သံတမန်ပညာရပ်များကိုလည်း မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသွားရန် လိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာရေးရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) အဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) အဖွဲ့တို့သည် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများ လျှော့ချရေးနှင့် ပဋိပက္ခဖြစ်စဉ်များ လျှော့ချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိငြိမ်းချမ်းရေး လမ်းကြောင်းတွင် ဆက်လက်ပါဝင်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင် ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ(၂/ ၂၀၁၉) အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ (၂/ ၂၀၁၉)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ (၂/ ၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



# မြန်မာ-ဗီယက်နမ် တတိယအကြိမ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**မြန်မာ-ဗီယက်နမ် တတိယအကြိမ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (The Third Ministerial Meeting on Security Cooperation between Myanmar and Viet Nam) အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး တိုလမ် (Gen. To Lam)၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Lun Thuy Duong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကဏ္ဍတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအပေါ် ခြိမ်းခြောက်နေသော အကြမ်းဖက်မှုခင်းများတိုက်ဖျက်ရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် စုံစမ်းဖော်ထုတ်ရေးတို့တွင် ရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ မှုခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ဝန်ကြီးအဆင့် ဆွေးနွေးမှုသဘောတူညီချက်များ ပါဝင်သည့် အစည်းအဝေးမှတ်တမ်းတို့ကို နှစ်နိုင်ငံဝန်ကြီးများမှ လက်မှတ်ရေးထိုးခြင်း၊ နှစ်နိုင်ငံကိုယ်စားလှယ်များမှ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang - hwa တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ကိုရီးယား စက်မှုဇုန်လုပ်ငန်းနှင့် ကိုရီးယား - မြန်မာ ချစ်ကြည်ရေးတံတား ပန္နက်တော်တင်အခမ်းအနားအပြီး ဒလမြို့နယ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **သတင်းစဉ်**

# Street Children ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်း (PPMA)၏ ပံ့ပိုးကူညီမှုဖြင့် Junior Dream (NPO) က ကြီးမှူးကျင်းပမည့် Street Children ဓာတ်ပုံပြိုင်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Street Children ဓာတ်ပုံပြိုင်ပွဲသည် လမ်းပေါ်နေကလေးများ၏ ဘဝ၊ လိုအပ်ချက်၊ အခွင့်အရေး၊ မျှော်လင့်ချက်နှင့် အိပ်မက်များကို ပိုမိုသိရှိနားလည်နိုင်ပြီး ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားကို ကူညီပံ့ပိုးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်လိုကြသည့် ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို မေ ၁၅ ရက် နောက်ဆုံးထား၍ အမှတ်-၁၂၅၉ သရဖီလမ်း (၃၄)ရပ်ကွက် မြောက်ဒဂုံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့နိုင်ပြီး ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများကို အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၅၆၈၉၂၂၊ ၀၉-၄၂၀၅၉၆၉၁၁ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် အတွင်း ရိုက်ကူးထားသည့် ဓာတ်ပုံများကို ယှဉ်ပြိုင်နိုင်ပြီး ဆုရဓာတ်ပုံများကို မတ်လ ၃၁ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကာ ပြိုင်ပွဲဆုကြေးများအဖြစ် ပထမဆု (၇ သိန်း) တစ်ဆု၊ ဒုတိယဆု(၅ သိန်း)တစ်ဆု၊ တတိယဆု(၃ သိန်း)တစ်ဆု၊ နှစ်သိမ့်ဆု(၁)သိန်း နှစ်ဆုနှင့် စိတ်ကြိုက်ရွေးချယ်သည့် ပုံတစ်ပုံအတွက် (၅သောင်း) ငါးဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**အမျိုးအစားလေးမျိုး ခွဲခြားသတ်မှတ်**

လူတွေ့မေးမြန်းအကဲဖြတ်ခြင်းတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား လေးမျိုး ခွဲခြားသတ်မှတ် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လျှောက်ထားသူများအား ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့မှ အဆင့်ဆင့် စိစစ်ရွေးချယ်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုကာ အမြဲနေထိုင်ခွင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ယခုဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်းအကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်၊ မပြုသင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် ဗဟိုကော်မတီမှ စိစစ်ပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လူတွေ့အကဲဖြတ်ခံမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးတို့ကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ယနေ့အထိ အမြဲနေထိုင်ခွင့် လျှောက်ထားသည့် နိုင်ငံခြားသား ၅၉၀ အနက် ၄၈၀ ကို ခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။

**နေထိုင်ခွင့်လက်မှတ်နှင့်ကတ် ထုတ်ပေးနိုင်**

ယခု လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအနက် ၃၂ ဦးအား လူတွေ့မေးမြန်းအကဲဖြတ် အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဦးကြည်မင်း၊ ဦးသာဦး၊ ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဖွဲ့စည်းပြီး**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပ ပြုလုပ်သည့် အစည်းအဝေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၈/၂၀၁၉ ဖြင့် နာယကအဖွဲ့ကို ဒုတိယသမ္မတ ဦးဆောင်၍ ငါးဦးဖြင့် လည်းကောင်း၊ ဦးစီးကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ၁၉ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် လုပ်ငန်းကော်မတီတစ်ခုနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၁)ချက် ချမှတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို နှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား" ကိုလည်းကောင်း၊ ဒုတိယပိုင်းအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ ၂၀ ရက်တွင် "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား" ကိုလည်းကောင်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီဝင်များအနေဖြင့် နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး ရှေးရှေးမြန်မာမင်းများ လက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ကာ မြန်မာနိုင်ငံအစိုးရ အဆက်ဆက် ကျင်းပပြုလုပ်ခဲ့သည့် အမြင့်ဆုံး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှောက်သည့် အခမ်းအနားကြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများသည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကြွရောက်လာမည်ဖြစ်၍ အသွားအပြန်ခရီးစဉ်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် အထူးလေယာဉ်ရရှိရေးနှင့် သွားလာမှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်တွင်း/ပြည်ပဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ခေတ္တသီတင်းသုံးနေထိုင်မည့် ကျောင်းဆောင်များ၊ ဧည့်ရိပ်သာများနှင့် ဟိုတယ်များတွင် စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေးအတွက် သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်စေလိုပါကြောင်း။

> **○ ရှေးရှေးမြန်မာမင်းများ လက်ထက်ကတည်းက အစဉ်အလာကြီးမားခဲ့ကာ မြန်မာနိုင်ငံ အစိုးရအဆက်ဆက် ကျင်းပပြုလုပ်ခဲ့သည့် အမြင့်ဆုံး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှောက်သည့် အခမ်းအနားကြီးဖြစ်**

**ခမ်းနားထည်ဝါစွာပြင်ဆင်**

ထို့အပြင် ဆက်ကပ်မည့် အရဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် ဟင်းလျာများ ဖြစ်စေရေးနှင့် ယခင်နှစ်များနည်းတူ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်စစ်ဆေး စီမံဆောင်ရွက်ရန်နှင့် အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီ အနေဖြင့် အခမ်းအနားကျင်းပပြုလုပ်မည့် သာသနာ့မဟာဗိမာန်တော်ကြီး အတွင်း ခမ်းနားထည်ဝါစွာပြင်ဆင်ရန် နှင့် ဘုရားခန်းနှင့်တကွ သံဃာစင်မြင့်နေရာတို့ကို တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဘုရား၊ ဘွဲ့ခံဆရာတော်ကြီး ၂၅၄ ပါး၊ သီလရှင် ဆရာကြီး ၁၄ ပါး စုစုပေါင်း ၂၆၉ ပါးဖြစ်ပြီး ကြိုတင်လောင်းလှူရမည့် ဆရာတော်ကြီး ၆၂ ပါး ရှိသည်ကို သိရှိရပါကြောင်း၊ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျဆက်ကပ်လှူဒါန်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများက ပူးပေါင်းညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်နိုင်ခြင်းမရှိသည့် ဆရာတော်ကြီးများ ရှိပါကလည်း ကြိုတင်လောင်းလှူရမည့် ဆရာတော်ကြီးများစာရင်း၌ ထည့်သွင်းထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲပြီး၍ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရာတွင်လည်း သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ"၊ "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား" များ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများ၊ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်မင်းက ဦးစီးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဆွေးနွေးတင်ပြကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ကြိုဆိုပင့်ဆောင် နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီတို့နှင့် သက်ဆိုင်သည့် တင်ပြချက်များကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက်များကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက ကျန်းမာရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ဆွမ်းဆန်တော် လောင်းလှူရေး ဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လုံခြုံရေးဆပ်ကော်မတီဆိုင်ရာ တင်ပြချက်များကို လည်းကောင်း၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

---

# ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်(၄၃)ကို ဖော်ဆောင်မည့် ကဏ္ဍပေါင်းစုံ ပါဝင်သောပြည်နယ် အာဟာရဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ အာရီယန် စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန်အတွက် အာဟာရသည်အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကျန်းမာရေးသည် အရေးကြီးပါကြောင်း၊ ကျန်းမာရေးဆိုသည့်နေရာတွင် အာဟာရပြည့်ဝသည့် လူမျိုးများဖြစ်ရန် လိုကြောင်း၊ လူမျိုးတစ်မျိုးသည် အာဟာရပြည့်ဝမှ တခြားလူမျိုးများနှင့်ယှဉ်နိုင်ပြီး နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် စားနပ်ရိက္ခာပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုလေ့လာရေးစစ်တမ်း ကနဦးရလဒ်ထုတ်ပြန်ချက်အရ အိုင်အိုဒင်းချို့တဲ့မှုနှင့်သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်းများသည် တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်အနေဖြင့် ဘက်စုံပြည့်ဝသည့် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးရေး စီမံချက်တစ်ခု မဖြစ်မနေလိုအပ်လာပါကြောင်း။

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲမှ အတွေ့အကြုံများ၊ ရလဒ်များ၊ အကြံပြုချက်များကို အခြေခံပြီး ရခိုင်ပြည်နယ်အတွက် အာဟာရဖွံ့ဖြိုးရေး စီမံကိန်းကို ကဏ္ဍပေါင်းစုံက ပါဝင်ညှိနှိုင်းဆွေးနွေးကာ ပြည်နယ်၏ အနာဂတ်ကောင်းမွန်ရန် ရည်မှန်း၍ အာဟာရနှင့် သက်ဆိုင်သော လိုအပ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် လက်တွဲဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဦးဆောင်ပြီး နီးနွှယ်ဆက်စပ်နေသည့် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# မူခင်းအသိပညာပေးဟောပြောပွဲများကျင်းပ

## အင်းစိန်မြို့နယ်

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ရွှေပြည်သာစက်မှုဇုန်(၄)ရှိ မြဝတီမင်းကြီးလမ်းပေါ်၌ ဖေဖော်ဝါရီလ တတိယပတ်က အင်းစိန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုနှင့် လုယက်မှု၊ လူသတ်မှု၊ ခိုးမှု၊ လိမ်လည်မှုတို့နှင့် စပ်လျဉ်းသည့် သိသင့်သိထိုက်သည့် မူခင်းပိုင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း ရှောင်ရန်၊ ဆောင်ရန်တို့ကို အကျယ်တဝင့် အသိပညာပေး ဟောပြောရှင်းလင်းဆွေးနွေးသည်။ အဆိုပါဆွေးနွေးပွဲသို့ တညင်းကုန်း ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူ ၁၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သပိတ်ကျင်းမြို့နယ်

သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်ဋ္ဌေး၊ ပြင်ဦးလွင် မူးယစ်တပ်ဖွဲ့စု(၁၆)မှ ရဲအုပ်အောင်မြတ်နှင့် ရဲအုပ်ဝင်းမင်းထွန်းတို့အဖွဲ့ ဖေဖော်ဝါရီလ တတိယပတ်က သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာ ရွှေဇီဂုဏ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ဦးနှင့် ဒေသခံပြည်သူများကို မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မန်းကိုယ်ပွား**

## ဆိပ်ကမ်းမြို့နယ်

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် လမ်းမတော် ကုန်တင် ကုန်ချဌာနမှ ပြည်သူများအား ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး (ယာယီ)ရဲမှူး မြင့်ထွန်းဦး ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်က သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် မူခင်းကျဆင်းရေး အသိပညာပေးအကြောင်းအရာများ ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မိုးမခ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ



ဆော မဲဆန္ဒနယ်မှ ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး



ကွမ်းလုံ မဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆော မဲဆန္ဒနယ်မှ ဦးကျော်တင်၏ **ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးအား ဆောချောင်းနှင့် ချပ်ချောင်းတို့၏ ရေတိုက်စားမှုဘေးမှ ကာကွယ်ထားသည့် ကွန်ကရစ်မြေထိန်းနံရံ အရှည် ၂၅၇ ပေ အနက် အရှည် ၁၁၇ ပေ ရေတိုက်စားပါသွားရာ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းတွင် မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားခဲ့ပြီး မြေထိန်းနံရံ ၁၁၇ပေ ထပ်မံ ပြိုကျသွားခဲ့ပါကြောင်း။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေမှ ချောင်းရေတိုက်စားသည့်မြေထိန်းနံရံကို ပြုပြင်ရန်အတွက် တောင်းခံတင်ပြသွားမည်ဟု ညှိနှိုင်းရရှိ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေမှ ချောင်းရေတိုက်စားသည့် မြေထိန်းနံရံကို ပြုပြင်ရန်အတွက် တောင်းခံတင်ပြသွားမည်ဟု ညှိနှိုင်းရရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်မည်ဖြစ်သည့်အတွက် မိမိဌာနအနေဖြင့် လောလောဆယ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဝါးများအသုံးပြု၍ ဝါးကရစ်ကွက် ကမ်းထိန်းလုပ်ငန်းများ၊ ဝါးဖောင်အသုံးပြု Floating Structure များ၊ ဝါးနှင့် ကိုင်းပင်များ ယှဉ်တွဲအသုံးပြု၍ ကိုင်းဒလက်များ ချထားခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိ

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ **နိုင်ငံအတွင်းရှိ မြစ်ချောင်းတစ်လျှောက် နှစ်စဉ်လိုလိုဖြစ်ပေါ်တတ်သော ရေတိုက်စားမှုကြောင့် ကမ်းပြို၊ မြေပြိုမှုဖြစ်ပြီး ပြည်သူအများကြုံတွေ့နေရသော အခက်အခဲများ ပြေလည်နိုင်စေရေးနှင့် နိုင်ငံတော်အနေနှင့် တာဝန်ယူနေရသော ဝန်ထုပ်ဝန်ပိုးများ လျှော့ချပြေလည်နိုင်စေရန်အတွက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူများ ပြုလုပ်အသုံးပြုနေကြသော ဝါးကျဲနံရံမြေထိန်း၊ ရေစီးထိန်းစနစ်ကို စနစ်တကျသုတေသနပြု လေ့လာဆန်းစစ်ပြီး နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး ဆောင်ရွက်ပေးရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ဝါးများအသုံးပြု၍ ဝါးကရစ်ကွက် ကမ်းထိန်းလုပ်ငန်းများ၊ ဝါးဖောင်အသုံးပြု Floating Structure များ၊ ဝါးနှင့် ကိုင်းပင်များ ယှဉ်တွဲအသုံးပြု၍ ကိုင်းဒလက်များ ချထားခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ဝါး၏သက်တမ်း သုံးနှစ်ခန့်သာ ရှိနိုင်မည်ဖြစ်သဖြင့် ရေရှည်စိတ်ချရသော ဖြေရှင်းနည်းမဟုတ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ရည်ညွှန်းထားသည့် Facebook ဆောင်းပါးတွင် ဖော်ပြပါရှိသည့် ဂျမူနာမြစ်သည် ရေကြောင်းကျယ်ပြန့်ခြင်း၊ ရေစီးနှုန်းနည်းခြင်း၊ သဲနှုန်းပါဝင်မှုမြင့်မားခြင်းတို့ကြောင့် စျေးနှုန်းသက်သာသည့် ဝါးကျဲနံရံများဖြင့် ဆောင်ရွက်အောင်မြင်နိုင်မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ဝါးကျဲနံရံများကို အသုံးပြု၍ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာခြင်း၊ ရေစီးနည်း၍ အပြန့်ကျယ်သော ချောင်းငယ်များအတွင်း၌ လည်းကောင်း၊ ရေမြွှာပေါက်များသည့် မြစ်ကြောင်းများတွင် အဓိကရေလမ်းကြောင်းကို ဖွံ့ဖြိုးစေရေးအတွက်လည်းကောင်း ဆောင်ရွက်ရန် ပိုမိုသင့်လျော်ပြီး ဒေသထွက်ပစ္စည်းများဖြင့် တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လျော်ညီစွာ အကျိုးဖြစ်ထွန်းနိုင်ခြင်း စသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

## ဝါးကျဲနံရံများကဲ့သို့ ကုန်ကျစရိတ်သက်သာပြီး အခြေခံသဘောတရားချင်းတူညီသော ဝါးကရစ်ကွက်မြေထိန်း၊ ရေစီးထိန်းစနစ်များကို မိမိတို့နိုင်ငံမြစ်ချောင်းများ၏ ဆီလျော်သည့်နေရာများတွင် အသုံးပြုလျက်ရှိနေ

သို့သော် ဧရာဝတီမြစ်သည် ဝါးကျဲနံရံများ အသုံးပြုကာကွယ်ထားသည့် ဂျမူနာမြစ်နှင့် နှိုင်းယှဉ်ပါက ပျမ်းမျှရေထုထည်စီးဆင်းမှုတွင် ၄ ဆ၊ ပျမ်းမျှ ရေစီးနှုန်း ၁ ဒသမ ၅ ဆ သာလွန်သောကြောင့် ဝါးကျဲနံရံများဖြင့် ကာကွယ်မှု ဆောင်ရွက်ပါက အကျိုးသက်ရောက်မှု တူညီနိုင်မည် မဟုတ်ပါကြောင်း၊ ဝါးကျဲနံရံများကဲ့သို့ ကုန်ကျစရိတ်သက်သာပြီး အခြေခံသဘောတရားချင်းတူညီသော ဝါးကရစ်ကွက်မြေထိန်း၊ ရေစီးထိန်းစနစ်များကို မိမိတို့နိုင်ငံမြစ်ချောင်းများ၏ ဆီလျော်သည့်နေရာများတွင် အသုံးပြုလျက်ရှိနေပါကြောင်း၊ ဝါးထက် သက်တမ်းပို၍ကြာရှည်ခံသည့် မျောများကို အသုံးပြု၍ ယာယီကမ်းထိန်းအနေဖြင့် မျောကရစ်တန်း တည်ဆောက်၍ ကာကွယ်မှုများ သုံးစွဲလျက်ရှိပါကြောင်း၊ လက်ရှိအနေအထားအရ ဝါးကျဲနံရံများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေးအတွက် အသေးစိတ်လေ့လာပြီး စမ်းသပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးနှင့် ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးတို့က ရှင်းလင်းဖြေကြားကြသည်။

## မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသည့် **အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကွမ်းလုံ မဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်က ပညာရေးစနစ် မူဝါဒကောင်းမွန်သည့် နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စီမံကိန်းစနစ် လွဲချော်နေသည့်နိုင်ငံများသည် ဖွံ့ဖြိုးမှု အားနည်းသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု အခြေခံအကျဆုံးဖြစ်သည့် မူကြိုအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် KG+12 စနစ်တွင် KG တန်း၏ သတ်မှတ်ချက်အရ ငါးနှစ်မှ စတင်သည့်အတွက် သုံးနှစ်မှ ငါးနှစ် အသက်အပိုင်းအခြားရှိသည့် ကလေးငယ်များ ပြုစုပျိုးထောင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနတွင် ဘတ်ဂျက်လျာထားပြီး အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

## မူကြိုအရွယ် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေး အစီအစဉ်သည် ပညာရေးစနစ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံးအုတ်မြစ်ကို တည်ဆောက်ပေးခြင်းဖြစ်

ကလေးသူငယ်များအားလုံးသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များတွင် ပါဝင်ခွင့်ရခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးမှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ မူကြိုအရွယ် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေး အစီအစဉ်သည် ပညာရေးစနစ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံး အုတ်မြစ်ကို တည်ဆောက်ပေးခြင်းဖြစ်သောကြောင့် အရေးကြီးကဏ္ဍတစ်ခုဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ MICS ၏ လေ့လာတွေ့ရှိချက်တွင်လည်း တိုင်းရင်းသားမျိုးနွယ်စုများအတွက် မူကြိုပညာရေးဆိုင်ရာလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်လိုပါကြောင်း၊ အဆိုပါ မျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားအခြေခံပြီး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားများအကြား ပဋိပက္ခကာကွယ်နိုင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုကို ဖြစ်ပေါ်စေကြောင်းနှင့် တိုင်းရင်းသားကလေးများ၏ ပညာကဏ္ဍကိုလည်း မြင့်မားလာစေကြောင်းကို ဖော်ပြထားသည်ကိုတွေ့ရှိရသဖြင့် အဆိုအား ထောက်ခံ ဆွေးနွေးသည်။

အလားတူ သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၊ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီတို့က ဆွေးနွေးကြသည်။

## ကလေးများအား ပြုစုပျိုးထောင်ရေးနည်းစနစ်များ အနေဖြင့် ကလေးများကိုဗဟိုပြုသည့် ကလေးကိုယ်တိုင် ပါဝင်စေသော သင်ယူမှုနည်းစနစ်ကို အခြေခံ

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးများအား ပြုစုပျိုးထောင်ရေးနည်းစနစ်များ အနေဖြင့် ကလေးများကိုဗဟိုပြုသည့် ကလေးကိုယ်တိုင်ပါဝင်စေသော သင်ယူမှုနည်းစနစ်ကို အခြေခံပြီး စိတ်ချလုံခြုံမှုရှိသည့် ပတ်ဝန်းကျင်တွင် စူးစမ်းလေ့လာမှု အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သင်ယူရန်နေရာများ ဖန်တီးပေးခြင်းနှင့် ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ ကစားခြင်းနည်းလမ်း၊ တေးဂီတ၊ အခြေခံပန်းချီ၊ လက်မှုပညာများ ပြုလုပ်ပေးခြင်းတို့ကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူလတန်းကြိုကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ဖွင့်လှစ်လျက်ရှိသည့် မူလတန်းကြိုကျောင်းများကိုလည်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းသင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်၏အဆိုတွင် ကလေးများကို တန်းစီအိပ်ခိုင်း၍ ငြိမ်အောင်သာထိန်းကျောင်းခြင်းသည် လွဲမှားသော ပြုစုပျိုးထောင်ခြင်းများ ရှိနေပါသည်ဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားလေ့ကျင့်ပေးထားသည့် ဆရာမများကိုယ်တိုင် မှန်ကန်သော ကလေးပြုစုပျိုးထောင်ရေးနည်းစနစ်များနှင့်အညီ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ကလေးများအတွက် မူလတန်းကြိုကျောင်း တက်ရောက်လှမ်းမီနိုင်ရေးနှင့် ပြည်သူလူထုအတွင်း ကလေးပြုစုပျိုးထောင်ရေး နည်းစနစ်များ ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်

သို့ဖြစ်ပါ၍ အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် လွဲမှားသော ပြုစုပျိုးထောင်မှုများ မရှိစေရေး၊ တစ်နိုင်ငံလုံး လှမ်းမီနိုင်အောင် အသိပညာပေးခြင်း၊ ဥပဒေနှင့် နည်းဥပဒေအရ ထိရောက်စွာ ကြီးကြပ်ခြင်းတို့ဖြင့် ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခြင်းနှင့် မူကြိုကျောင်းများတွင် အာဟာရ ကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သော ဘတ်ဂျက်ထည့်သွင်း ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် လူသားအရင်းအမြစ် ကလေးငယ်လေးများကို ကောင်းစွာတန်ဖိုးရှိရှိဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာ ရောက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှလည်း ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် အဆိုအား အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ဆန္ဒရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုကို လွှတ်တော်ကအတည်ပြု

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ၊ စီမံကိန်းမျှော်မှန်းချက်များ လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး


ဒုတိယဝန်ကြီး ဦးလှမော်ဦး


ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်


ဒုတိယဝန်ကြီး ဦးကျော်လင်း


ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **မြန်မာနိုင်ငံလွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဆရာတော် ဦးဥတ္တမပျံလွန်တော်မူသော စက်တင်ဘာလ (၉)ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် ရခိုင်ပြည်နယ် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက လက်ရှိအခြေအနေအရ နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ထိခိုက်မှုမရှိစေရေးနှင့် တိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားပြီး ခွဲခြားဆက်ဆံခံရသည့် သဘောမျိုးမဖြစ်စေရန်အတွက် လည်းကောင်း၊ တိုင်းရင်းသား တစ်မျိုးတည်းကို ဦးစားပေး၍ အခွင့်အရေးပေးသည့် သဘောမျိုးမဖြစ်စေရန်အတွက်လည်းကောင်း၊ အစိုးရ၏ယန္တရားလည်ပတ်မှုကို မထိခိုက်စေရန်အတွက်လည်းကောင်း ဆရာတော်ဦးဥတ္တမပျံလွန်တော်မူခဲ့သော စက်တင်ဘာ(၉)ရက်နေ့ကို ဆရာတော် ဦးဥတ္တမနေ့အဖြစ် အစိုးရရုံးပိတ်ရက် သို့မဟုတ် ရခိုင်ပြည်နယ် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားသည်။

## ရေးမြို့နယ် ဟံဂံကျေးရွာမှ (၆)မိုင်ခန့် အကွာတွင်ရှိသော ကျိုက်မွန်းပလေ့ဘုရားနှင့် ဆက်သွယ်ထားသည့် လမ်းသည် ကျေးလက်ကုန်ထုတ်လမ်းဖြစ်သည့်အတွက် တံတားနှစ်စင်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာမှ ကျိုက်မွန်းပလေ့တောင်ခြေတွင်ရှိသော ဥယျာဉ်သီးနှံခြံများနှင့် ယင်းလမ်းရှိ လယ်ကွင်းများမှ ထွက်ရှိသော လယ်ယာ၊ ဥယျာဉ်ထွက်ကုန်သီးနှံများကို သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်ထုတ်ကျောက်ချောလမ်းနှင့် တံတားများအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် လမ်းသည် မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာမှ (၆)မိုင်ခန့် အကွာတွင်ရှိသော ကျိုက်မွန်းပလေ့ဘုရားနှင့် ဆက်သွယ်ထားသည့် ကုန်ထုတ်လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ လမ်းအရှည်(၆) မိုင်ရှိသည့်အနက် (၁)မိုင်(၄)ဖာလုံသည် လမ်းအကျယ် ၁၀ ပေခန့်သာရှိပြီး ကျန်(၄)မိုင်(၄)ဖာလုံမှာ လမ်းအကျယ် ပေ၃၀ခန့်ရှိပါကြောင်း၊ အဆိုပါလမ်းသည် ကျေးလက်ကုန်ထုတ်လမ်းဖြစ်သည့်အတွက် တံတားနှစ်စင်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါတံတား နှစ်စင်းကို ပေ (၁၀၀×၂၀) ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ကရင်ပြည်နယ် မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ်- ဘားအံလမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ် - ဘားအံလမ်းပိုင်းသည် ဗီယက်နမ်နိုင်ငံ ဒါနမ်းမြို့မှ စတင်၍ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်၍ မြန်မာနိုင်ငံအတွင်း မြဝတီမြို့၊ ဘားအံမြို့၊ ကျိုက်ထိုမြို့တို့ကို ဖြတ်၍ ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် အဆုံးသတ်မည့် East – West Economic Corridor ပေါ်မှ လမ်းပိုင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပိုင်းတွင် မြဝတီမှ ကော့ကရိတ်လမ်းပိုင်းကို ထိုင်းနိုင်ငံအစိုးရ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ အပိုင်း၏ အဓိက Missing Link ဖြစ်နေသည့် အိန္ဒုနှင့် ကော့ကရိတ်ကြား (၆၆ ဒသမ ၄၅) ကီလိုမီတာအပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက East –West Economic Corridor ၏ မြန်မာနိုင်ငံအပိုင်းသည် Asian Highway Class 2 အဆင့်ကို ရောက်ရှိမည်ဖြစ်ပြီး Cross Border Transport Agreement စာချုပ် အသက်ဝင်လာချိန်တွင် အဆိုပါ လေးနိုင်ငံအကြား တိုက်ရိုက် ကုန်သွယ်မှု လုပ်ငန်းများစတင်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် Missing Link လမ်းပိုင်းကို ADB ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းအတွက် International Tender ခေါ်ယူခဲ့ရာ International ကုမ္ပဏီကြီးများဖြစ်သည့် PEC နှင့် KEC တို့က Consultant အနေဖြင့် တင်ဒါအောင်မြင်၍ CRBC (China Road & Bridge Corporation) မှ လုပ်ငန်း၏ Contractor အဖြစ် တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် ကန်ထရိုက်တာကုမ္ပဏီမှ အဆိုပါ ဒေသအတွင်း ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းတစ်ခုနှင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်နှင့် အနီးဆုံးဖြစ်သောလွန်းညတောင်မှ ကျောက်များကို ထုတ်ယူ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း။

လွန်းညတောင်၌ လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်တွင် ဒေသခံရွာသူ/ရွာသားများ၏ ကန့်ကွက်ဆန္ဒပြမှုများနှင့် တွေ့ကြုံရပြီး လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပါကြောင်း၊ လုပ်ငန်းများရပ်ဆိုင်းသွားခြင်းကြောင့် ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်ပေါ်လာသဖြင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခြေအနေကို တင်ပြခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း အရည်အသွေးမြင့် ကျောက်များကို ဆက်လက်ရှာဖွေခဲ့ရာ လက်ရှိလုပ်ငန်းခွင်မှ ၃၅ ကီလိုမီတာဝေးသည့် စံဖရီးကျောက်မိုင်းမှ ကျောက်များသည် အရည်အသွေးမီကြောင်း တွေ့ရှိရသဖြင့် အဆိုပါ ကျောက်နမူနာများကို ပြည်တွင်းတွင် ဓာတ်ခွဲစမ်းသပ်၍လည်းကောင်း၊ပြည်ပသို့ပို့ပြီး ဓာတ်ခွဲစမ်းသပ်၍လည်းကောင်း ဓာတ်ခွဲစမ်းသပ်စေခဲ့ပြီး ယခုအခါ စံချိန်မီသည့်အဖြေကို ရရှိထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ကျောက်မိုင်းမှ ကျောက်ထုတ်လုပ်ခွင့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ECC (Environmental Compliance Certificate) လက်မှတ်လျှောက်ထားခဲ့ရာ တစ်ပတ်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသဖြင့် လုပ်ငန်းများကို တစ်ပတ်အတွင်း အရှိန်အဟုန်ဖြင့်ပြန်လည်စတင်သွားရန် ညှိနှိုင်းထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်ကသဘောတူ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်**ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး၏ **၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင် များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ**က အဆိုသည် လက်ရှိမြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုသို့ သွားမည့်လမ်းတွင် မဖြစ်မနေလိုအပ်လာတော့မည့် National Land Law Policy ကို ဦးတည်သည့် အဆိုဖြစ်သည်ဟု မိမိအနေဖြင့် သုံးသပ်မိပါကြောင်း၊ ထို့ပြင် အဆိုရှင်၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြေအသုံးချမှုပုံစံများသည် အသက်မွေးဝမ်းကျောင်း၊ လူနေမှု ရာသီဥတု၊ ပထဝီအနေအထား၊ မြေအမျိုးအစား၊ လေ့ထုံးတမ်းအစဉ်အလာ၊ စီးပွားရေးအားသာချက်များ စသည့်ကွဲပြားမှုများရှိသည့်အတွက် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်နေမှုများသည့် မအောင်မြင်နိုင်ကြောင်းကို ဖော်ပြထားပါကြောင်း။

ထို့ပြင် အဆိုသည် မြန်မာ့ပြုပြင်ပြောင်းလဲရေးတွင် မဖြစ်မနေဖော်ဆောင်ရမည့် မြေယာနှင့် ပတ်သက်၍ အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်နေသည့်အတွက် လက်ရှိကျင့်သုံးနေသည့် မြေယာမြေနှင့် ပတ်သက်သည့် အရာအားလုံးကို ပြန်လည်လေ့လာဆန်းစစ်ရမည် ဖြစ်ပါကြောင်း၊ အားသာချက်များကို လက်ရှိအသုံးပြုနေသည့်အရာများအပေါ်တွင် ဆက်လက်အသုံးပြု၍ အားနည်းချက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မည့် Mother Law အောက်တွင် မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

## အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းသည် အမျိုးသားမြေအသုံးချမှုမူဝါဒ၏ အပိုင်း(၁) အခန်း(၁)၏ ရည်ရွယ်ချက်များ အောင်မြင်ပေါက်ရောက်မည်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး**က အဆိုရှင် တိုက်တွန်းသကဲ့သို့ မြေနှင့် သက်ဆိုင်သည့် ဥပဒေများ၊ အဖွဲ့အစည်းများစွာရှိပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းများသည် အနာဂတ်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးကာလတွင် ကာလလတ်၊ ကာလရှည် စီမံကိန်းမျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပြီးမှသာ အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းသည် အမျိုးသားမြေအသုံးချမှု မူဝါဒ၏ အပိုင်း(၁) အခန်း(၁)၏ ရည်ရွယ်ချက်များ အောင်မြင်ပေါက်ရောက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမန်းထွန်းကြိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးဘမျိုးသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

---

✳ *ရှေ့ဖုံးမှ*

ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လေ့လာနိုင်ရန် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီစဉ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

“ မန္တလေး တိုင်းဒေသကြီးကို နိုင်ငံတကာခရီးသွားတွေ ဝင်ရောက်မှုက နှစ်စဉ် တိုးတက်များပြားနေတယ်။ ဒါကြောင့် တိုးတက်ဝင်ရောက်လာတဲ့ ခရီးသွားတွေအတွက် လည်ပတ်လေ့လာစရာ ခရီးစဉ်သစ်တွေ ဖော်ထုတ်ပေးဖို့ အပြင် ခရီးသွားအမျိုးအစားစုံလင်အောင် ဖြည့်ဆည်းပေးဖို့လည်း လိုအပ်တဲ့အတွက် အခုလိုဆောင်ရွက်တာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးနဲ့ဆက်စပ်နေတဲ့ ပြည်နယ်တွေက ခရီးသွားကဏ္ဍမှာပါဝင်ပတ်သက်သူတွေ အားလုံးရယ်၊ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ဒေသခံပြည်သူတွေအားလုံးပူးပေါင်းပြီး လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးနဲ့ ခရီးသွားအမျိုးအစား စုံလင်အောင်စနစ်တကျ ပူးပေါင်းပြီး ရေရှည်တည်တံ့တဲ့ ခရီးစဉ်ဒေသတစ်ခု ဖြစ်အောင်လုပ်ဆောင်သွားမှာပါ” ဟု ၎င်းကပြောသည်။

ထို့ပြင် ဘန်ဘွေးကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအုန်းကြိုင်က “ဒီရေတံခွန်ကို ၂၀၁၇ ခုနှစ်မှာ လူသိစပြုလာပြီး ၂၀၁၈ ခုနှစ်မှာ ပြည်တွင်းပြည်ပခရီးသွားတွေ ဝင်ရောက်လေ့လာမှုများလာတယ်။ တစ်ခါတစ်ရံ ရုပ်ရှင် ဗီဒီယိုလာရောက် ရိုက်ကူးမှုတွေရှိတယ်။ ရေတံခွန်တောင်အောက်ခြေက သဘာဝရှုခင်းအလှအပတွေကြည့်ပြီး ဓာတ်ပုံရိုက်ကူးနိုင်ဖို့ လက်ရန်းပါတဲ့ လှေကားထစ်တွေတည်ဆောက်ပေးရင် အန္တရာယ်ကင်းကင်းနဲ့ အသက်အရွယ်မရွေးသွားလာနိုင်မယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသခံတွေကတော့ လက်ရန်းပါတဲ့ လှေကားထစ်တွေကို တပ်ပေးစေချင်တယ်” ဟု အကြံပြုပြောဆိုသည်။

လက်ရှိတွင် အဆိုပါဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်နှင့် ရှမ်းပြည်နယ်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများလာရောက်လေ့လာကြည့်ရှုကြပြီး သွားလာရေးလွယ်ကူစေရန် မန္တလေး- မိုးကုတ်လမ်းအတွင်းရှိ အင်းမရွာမှ အဆိုပါဒေသအထိ အရှည် ကိုးမိုင်ခွဲရှိ လမ်းဖောက်လုပ်ရန်၊ ယင်းဒေသ၏ ရှုခင်းများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုနိုင်ရန်မျှော်စင်များ၊ သန့်စင်ခန်းများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ “ ဒီနေရာကို အများဆုံးလာတာကတော့ မန္တလေး၊ မုံရွာ၊ စစ်ကိုင်းက ပြည်တွင်းခရီးသွားတွေပဲ ဖြစ်ပါတယ်။ ပြည်ပအနေနဲ့ကတော့ တစ်လကို ၁၀ ဦး လောက်လာတတ်တယ်။ ရွာကရေတံခွန် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးကော်မတီဖွဲ့စည်းပြီး ဒီပတ်ဝန်းကျင်မှာရှိတဲ့ အမှိုက်တွေကို သန့်ရှင်းရေးတွေနဲ့ ဧည့်သည်တွေအတွက် ဝန်ဆောင်မှုတွေ လုပ်ပေးပါတယ်။ ဒီဇင်ဘာလမှာတော့ ပြည်တွင်းခရီးသွားတွေ အများဆုံးတစ်ရက်ကို ဦးရေ ၄၀ ကနေ ၅၀ အထိ လာတယ်။ အဲ့ဒီကာလမှာတော့ ကျွန်မတို့ဆိုင်တွေက တစ်နေ့ကို သုံးလေးသိန်း ဖိုးလောက်ရောင်းရတယ်”ဟု ဘန်ဘွေးကျင်းအနီး မတံခွန်မြိုင် ထမင်းဆိုင်မှ ဒေါ်တင်ဝင်းမြိုင်က ပြောသည်။

ထို့ပြင် အဆိုပါရေတံခွန်အနီးတွင် ဆင်စခန်းတစ်ခုထားရှိရန် စီစဉ်ထားကာ လက်ရှိတွင် သန့်စင်ခန်း ရှစ်လုံးထားရှိရန်နှင့်မျှော်စင်တည်ဆောက်ရန် ငွေကျပ်သိန်း ၃၀၀ လျာထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၈ / ၂၀၁၉**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေ ဇော်သက်ဦး (ခ) ဗမာ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၂-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ လမ်းပေါ်၌ သတင်းအရစောင့်ဆိုင်းစိစစ်နေစဉ် ၎င်းကျေးရွာနေ သက်နိုင်ဖြိုး(ခ)စပ်ကြား(၂၃)နှစ်၊ (ဘ) ဦးပိုနှင့် ဇော်သက်ဦး (ခ) ဗမာ (၃၉) နှစ်၊ (ဘ) ဦးညွန့်မောင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ (ထီးချိုင့်) မယ (ပ) ၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဝင်းမောင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ ၎င်းကျေးရွာ၌ အမှု(၁)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၁) ဦး၊ မ (၁) ဦး၊ ပေါင်း (၂) ဦးအား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့် အညီအမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၂-၂-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဝင်းမောင်(၆၆)နှစ်၊ (ဘ)ဦးစံသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သန်းလွင်ထွန်း(၃၇)နှစ်၊(ဘ)ဦးလှဒန်တို့အား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၂၄/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဝက်တူးကျေးရွာနေ ကိုသန်းသန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၂-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ဝက်တူးကျေးရွာနေ ကိုသန်းသန်း (၅၃)နှစ်၊ (ဘ) ဦးပေါရင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူမှုန့်များ ကပ်နေသာ ပင်နယ်ဆလင်ပုလင်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ)မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက် ဦးအောင်စိုး၏ ဇနီး မမိန္ဒယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၂-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့၊ ရတနာမာန်အောင် ရပ်ကွက်၊ နယ်မြေ(၉)၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ တင်မျိုးသောင်း(ခ) အလီယာ(၄၁)နှစ်၊ (ဘ)ဦးသောင်းရင်နှင့် အောင်ဇေယျာရပ်ကွက်နေ နေမင်းထက် (၂၇)နှစ်၊ (ဘ)ဦးညွန့်တင် တို့မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်ရှာဖွေရာ ၎င်းတို့(၂)ဦးထံမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများမှာ အောင်ဇေယျာရပ်ကွက်နေ မိန္ဒယ်(ခ) မတင်သန်းနွယ်(၃၉)နှစ်၊ (ဘ)ဦးပြေအေးထံမှဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(မိတ္ထီလာ) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ခဲ့ပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်တံတားလမ်းနေ ပိုင်ပိုင်နှင့် ဇေဖြိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၂-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ တိုးချဲ့ (၃) လမ်းရှိ "ပန်းရိပ်ညို"စားသောက်ဆိုင်၊ အခန်းအမှတ်(B/1)အား လျှို့ဝှက်သတင်းရယူ ဝင်ရောက်ရှာဖွေရာ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်တံတားလမ်းနေ ပိုင်ပိုင်(ခ)ဇင်ကိုကိုပိုင်(၂၂)နှစ်၊ (ဘ)ဦးခင်မောင်လွင်နှင့် တစ်ရပ်ကွက်တည်းနေ ဇေဖြိုး(ခ)ကုလား(၂၂)နှစ်၊ (ဘ) ဦးယဉ်ထွေး တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မြိုင်သာယာ) မယ(ပ) ၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁/၂)ရပ်ကွက်၊ ဒဂုံလမ်းနေ နိုင်လင်းအောင်(ခ)အငယ်ကောင်နှင့် အတူးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁/၂)ရပ်ကွက်၊ ဒဂုံလမ်း၊ အိမ်အမှတ် (၂၄၈)နေ နိုင်လင်းအောင်(ခ) အငယ်ကောင် (၃၂)နှစ်၊ (ဘ)ဦးဝင်းမောင်နှင့်အတူနေ ဖြိုးကျော်ထူး (ခ) အတူး (၃၃) နှစ်၊ (ဘ) ဦးကျော်ထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း ဖြိုးကျော်ထူး(ခ) အတူး၏ ဇနီး မဇူးဇူးကျော် (၂၃)နှစ်၊ (ဘ)ဦးကျော်မြင့် အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ နိုင်လင်းအောင် (ခ) အငယ်ကောင်နှင့် ဖြိုးကျော်ထူး (ခ) အတူးတို့၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃) ဦးအား နမစ(ရွှေပေါက်ကံ)မယ(ပ) ၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ သစ္စာလမ်းနေ ခင်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သစ္စာလမ်းနေ ခင်ဇော်(ခ) ခင်ဇော်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း ၎င်းရပ်ကွက်၊ သုမာလာလမ်းနေ ရဲလင်းအောင် (၃၉)နှစ်၊ (ဘ)ဦးမြင့်ဦး၊ သုမိတ္တာ (၁၅)လမ်းနေ အောင်သီဟ (၂၃)နှစ်၊ (ဘ)ဦးသန်းထိုက်၊ သစ္စာလမ်းနေ ကျော်သူ(ခ) စည်သူအောင်(၃၁)နှစ်၊ (ဘ) ဦးစန်းမောင်နှင့် ရွှေပြည်သာမြို့နယ်၊ (ည/၁၁) ရပ်ကွက်နေ မြတ်လှ(၃၈)နှစ်၊ (ဘ) ဦးအောင်ဇံဦး တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ)မယ (ပ)၂၃/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းဟူးကျေးရွာ၊ ဖောင်တော်ဦး ဘုရားကုန်းနေ စိုးမေတ္တာစားသောက်ဆိုင်မှ ကိုညီ (ခ) ညီညီလွင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ နန်းဟူးကျေးရွာ၊ ဖောင်တော်ဦး ဘုရားကုန်းနေ စိုးမေတ္တာစားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ကိုညီ(ခ) ညီညီလွင်(၃၃)နှစ်၊ (ဘ) ဦးစိန်နှင့် နေမျိုးထွန်း(၂၄)နှစ်၊ (ဘ)ဦးတင်မောင်ထွန်း တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်) မယ (ပ)၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက် စိစစ်ချက်အရ အင်းပေါခုံကျေးရွာအုပ်စု၊ ရွာကြီးတောင် အလယ်ပိုင်းနေ ဦးကောက်(ခ)ကျော်ဆွေ(၄၂)နှစ်၊ (ဘ) ဦးစံခိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်)မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့ တောင်မြို့ရပ်ကွက်၊ နယ်မြေ(၄) နေ သန်းနိုင် (ခ) ဆူလေမန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၁၉ ရက်နေ့တွင် သီပေါမြို့၊ တောင်မြို့ရပ်ကွက်၊ နယ်မြေ(၄)နေ သန်းနိုင်(ခ) ဆူလေမန်(၄၄)နှစ်၊ (ဘ) ဦးဘလှိုင် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ)မယ(ပ) ၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ နန်းအေးချော (ခ) မချောသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၂-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ညောင်ပင်ကွင်း ကျေးရွာနေ နန်းအေးချော (ခ) မချော (၃၄) နှစ်၊ (ဘ) ဦးစိုင်းနန္ဒ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရွာတည်းနေ အောင်ထက်ဦး (၁၈)နှစ်၊ (ဘ) ဦးထွန်းအောင်၊ စိုင်းနော်လျန်း (၁၉)နှစ်၊ (ဘ)ဦးလှဝင်း၊ ကြာဟုတ်(၁၈)နှစ်၊ (ဘ)ဦးအားကွေ့၊ ဆန်းဖြိုး (၁၈) နှစ်၊ (ဘ) ဦးခင်မောင်ဝင်း၊ စိုင်းမြတ်စံ(၁၈)နှစ်၊ (ဘ) ဦးစိုင်းသန်းဦးတို့ (၆)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မမစ(သီပေါ) မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်း၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၉) မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၇)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၈)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများ တို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၀-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ သဇင်လမ်းအတွင်း စောင့်ကြည့်သတင်းစုံစမ်းနေစဉ် အေးသာယာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်နေ ကျော်သူရ (ခ)စလင်း(၄၀)နှစ်၊ (ဘ)ဦးစိန်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်သတင်းအရ ၂၁-၂-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိကလမ်းအတွင်း စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ရွှေတောင်ရပ်ကွက်၊ နယ်မြေ (၁) နေ ဇော်မျိုးအောင်(ခ)ဂတုံး(၁၉)နှစ်၊ (ဘ)ဦးကျော်မျိုးလွင်နှင့် ချမ်းမြသာစည်ရပ်ကွက်၊ နယ်မြေ(၁၄)နေ အောင်သန်းဦး(၂၃) နှစ်၊ (ဘ)ဦးသန်းကျော်ဌေး တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၁၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ အမှတ် (၄)ရပ်ကွက်၊အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၃)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၄)ဦး၊ မ(၄)ဦး၊ပေါင်း(၄၈)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့် အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၃-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အထကကျောင်းအနီး စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းမြို့၊ အမှတ်(၆)ရပ်ကွက်နေ ကော့ဆင်းဖန်း(၂၄)နှစ်၊ (ဘ) ဦးကော့ကျန်ကျောက်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်)မယ(ပ)၂၄/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၉ သို့*

# လားရှိုးမြို့တွင်း ပြည်ထောင်စုလမ်းမကြီး ယာဉ်အန္တရာယ်လျှော့ချနိုင်ရေး လမ်းသားချဲ့ထွင်

**လားရှိုး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သည် မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီး အသုံးပြုနေပြီဖြစ်သော်လည်း လမ်းဟောင်းဖြစ်သည့် လားရှိုးမြို့တွင်းကို ဖြတ်သန်းသွားသောပြည်ထောင်စုလမ်းမကြီး၌ ယာဉ်ငယ်များဖြတ်သန်းအသုံးပြုလျက်ရှိနေသည်။

လားရှိုးမြို့တွင်း ဖြတ်သန်းသွားသောလမ်းမကြီး၏ မျက်ကွယ်အများဆုံးဖြစ်တည်ရှိရာ ရန်တိုင်းအောင် မြို့ဦးစေတီသွားရာလမ်းအနီး၊ အေတီတပ်ဦးကျောင်းလမ်းပိုင်းအစမှစ၍ မျက်ကွယ်ဖြစ်နေသော အကွေ့နေရာလမ်းပိုင်းကို လားရှိုးမြို့နယ်စီမံခန့်ခွဲမှု ကော်မတီက ကြီးမှူးကွင်းဆင်းလျက် သက်ဆိုင်ရာဌာနများပါဝင်ကာ လမ်းရေယာချဲ့ထွင်ခြင်းကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

"လမ်းအရှည်က ပေ ၁၄၀၀ ဖြစ်ပြီး စံညွှန်းစံနှုန်းဖြစ်သော ၄၈ ပေအကျယ်ရနိုင်အောင် ချဲ့ထွင်မှာပါ။ ဟိုင်းဝေးလမ်းမဖြစ်နေသလို လားရှိုးမြို့တွင်းရှိ (၄၁)ယာဉ်လိုင်းဂိတ်နှင့်လည်း ဆက်သွယ်ထားရှိတဲ့ လမ်းကိုလည်း ဖောက်နေတာ မြေသားအဆင့် ပြီးပါတော့မယ်။ မိုးရာသီရောက်ရင် ရေဘေးအန္တရာယ်အတွက်ကိုလည်း ဟိုင်းဝေးလမ်းဖြတ် ရေထွက်ပေါက်နဲ့ တံတားလေးကိုလည်း ပြုလုပ်သွားဖို့ရှိပါတယ်။ လမ်းမြေပုံကို အတည်ဖြစ်အောင်လို့ ဆောင်ရွက်နေပါတယ်။ လမ်းပိုင်းကိုတော့ လမ်းဦးစီးဌာနက ကြီးကြပ်လျက် အိုရီယမ်တယ် ဟိုင်းဝေးကုမ္ပဏီကတာဝန်ယူဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းက ပြောသည်။

မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(လားရှိုး)ကတာဝန်ရှိသူတစ်ဦးကလည်း "လမ်းရေယာချဲ့ထွင်ရင်မလွတ်တဲ့ (11) KV နဲ့ (400)V နှစ်ထပ်ဓာတ်အားလိုင်းကိုလည်း ရွှေ့ပြောင်း ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်" ဟု ပြောသည်။

"လမ်းဘေး အလှစိုက် ပန်းပင်တွေ၊ ကြော်ငြာဆိုင်းဘုတ် မလွတ်ကင်းတာတွေ၊ မလွတ်ကင်းသစ်ပင်တွေကို ခုတ်ထွင် ရှင်းလင်းဖယ်ရှားရာမှာလည်း လားရှိုးမီးသတ်ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ ပါဝင်ပြီး ကျွန်တော်တို့ဌာနက ယာဉ်စက်ယန္တရားတို့ ပံ့ပိုးလျက်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဆက်သွယ်ရေးတိုင်တွေ မလွတ်ကင်းတာတွေကိုလည်း မြန်မာ့ဆက်သွယ်ရေးက ဖယ်ရှားပြောင်းရွှေ့ပေးနေပါတယ်။ မြို့တွင်းသုံးထောင့်နေရာတွေကို လမ်းရေယာကျယ်အောင်လို့ ချဲ့ထွင်ခဲ့တာကလည်း ဌာနရန်ပုံငွေနဲ့ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ နေရာလေးခုကို ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ပြောသည်။

လမ်းအရှည်ပေ ၁၄၀၀ ရှိနေပြီး မလွတ်ကင်းသည့် လမ်းဘေးဝဲယာမှ အမိုးအဖီများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



လားရှိုးမြို့တွင်းသွားလမ်း မျက်ကွယ်နေရာများအား လမ်းသားချဲ့ထွင်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ယင်းလမ်းရေယာ ချဲ့ထွင်မည်ဆိုပါက သက်တမ်းအသင့်အတင့်ရှိသော သစ်ပင်ပေါင်း ၁၂ ပင်ခုတ်ထွင်ရမည်ဖြစ်ပြီး ခုနစ်ပင်ခုတ်ထွင်ပြီးစီးပြီး ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

---

*စာမျက်နှာ ၈ မှ*

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၃-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၂၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၆၉၉) ဦး၊ မ (၁၃၄) ဦး၊ ပေါင်း (၈၃၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၇၄၀.၄၃) ဂရမ်၊ ICE (၆၇.၁၄) ဂရမ်၊ ဘိန်း (၃၈၆၅၆.၉၄) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆) ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၆၆၀၄) ပြား၊ ဆေးခြောက် (၆၀၂၈.၂၇) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၃၇၈.၀၆) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၆) လက်၊ ကျည်မျိုးစုံ(၂၅၇) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနာမြို့ ရွာကောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၃၀)ပြား၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၁၈၇)ဂရမ်၊ ဖားကန့်မြို့နယ်၊ အင်မားယန်းကျေးရွာ၌ တရားခံ အမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၀၃၀) ပြား၊ ဘိန်းဖြူ (၃၁.၆) ဂရမ်၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ မိုးမောက်မြို့ ချစ်ကြည်ရေးတံတားအနီး၌ သတင်းအရ Harrier ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား(၂၃၄၀၀) ပြား၊ ဘိန်းဖြူ (၁၀၆၀) ဂရမ်၊ မော်တော်ယာဉ် (၁) စီး၊ ကျောက်စခန်း စစ်ဆေးရေးဂိတ်၌ သတင်းအရ Honda Civic ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းဖြူ(၉၁၃)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထီးစဲခါး ကျေးရွာအနီး ဆီဆိုင်-လွိုင်ကော်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၅၆) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တောင်သူကုန်းကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၃၁၀)ပြား၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဘာဘူကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅)ပြား၊ ICE (၂.၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းဒင်စစ်ဆေးရေးဂိတ်၌ သတင်းအရ အငူမော်မှ မောင်တောသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀) ပြား၊ နှစ်နိုင်ငံနယ်စပ်မှတ်တိုင်(၃၈) အနီး လျှိုအတွင်းမှ ပုဆိုးဖြင့် ထုပ်ပိုးထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၇၄၀၀၀) ပြား၊ မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့် (၂) ဂရမ်၊ ကွင်းဆက်အရ ဘူးသီးတောင်မြို့နယ်၊ မြို့မတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ကွင်းဆက်အရ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ လက်ဝဲဒက်ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၂၀၆)ပြား၊ စစ်တွေမြို့ ကုန်းတန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စက်ရုံစုရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၁)ပြား၊ ကျောက်ဖြူမြို့နယ်၊ ကညင်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉) ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တောင်ရင်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၈)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၄၀) ပြား၊ ဘိန်းဆီခဲ (၁၃၅.၂)ဂရမ်၊ လားရှိုးမြို့နယ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည်တရားခံအမျိုးသား (၃) ဦးထံမှ စိတ်ကြွဆေးပြား(၄၂၀၀၀)ပြား၊ ဘိန်းဖြူ (၃၃၀၀) ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ နောင်ဗျက် ကျေးရွာအဝင် ကောင်းခါး- ကွတ်ခိုင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင်၌ သတင်းအရ ကျောက်မဲမှ နောင်ချိုသို့လာသည့် AD Van အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀) ပြား၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်(၂) စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀၀)ပြား၊ ဘိန်းဖြူ(၂၀၀)ဂရမ်၊ ဆိုင်ကယ် (၂) စီး၊ ကသာ- အင်းတော်သွား ကားလမ်း ပင်းမလွတ်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၂၅)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ နန့်မကျိုင်းကျေးရွာသွားလမ်းဆုံတွင် သတင်းအရ အင်းတော်မှ မိုးညှင်းသို့လာသည့် AD Van ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၀၀) ပြား၊ ဘိန်းဖြူ (၈၆၀) ဂရမ်၊ မော်တော်ယာဉ် (၁) စီး၊ ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်အနီး၌ ပိုင်ရှင်မဲ့အထုပ်(၁)ထုပ်အတွင်းမှ ဘိန်းစိမ်း(၃၉၁၉.၂) ဂရမ်၊ တမူးမြို့နယ်၊ ခမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁) ဦးထံမှ Diazepam Tablet (၄၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ နန်းဘုန်း ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂)ပြား၊ ဘိန်းဖြူ(၁၁၁)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ကိုးတောင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ (၆၀)ဂရမ်၊ ဆိုင်ကယ်(၁) စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွ ဆေးပြား (၄၀၀၀)ပြား၊ ဘိန်းဖြူ(၁၈၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အင်းလေးကမ်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈၂)ပြား၊ ဘုတ်ပြင်းမြို့ ရွှေဘုံသာရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့် (၈၁.၆၅) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နယ်၊ ဘိုင်ဒါးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၆)ပြား၊ ဆိုင်ကယ် (၁) စီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ တရော်ကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၈၆)ပြား၊ စက်ရုံကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၂၉)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၌ တရားခံ အမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၅၁၀၀) ပြား၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၌ တရားခံအမျိုးသမီး (၁) ဦးထံမှ ဘိန်းဆီခဲ(၈၈.၃၃)ဂရမ်၊ ဘိန်းရည်(၀.၀၉၈) လီတာ၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆) မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ လားရှိုးမှ မန္တလေးသို့လာသည့် အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည်တရားခံ အမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဘိန်းဖြူ (၉) ဂရမ်၊ သပိတ်ကျင်းမြို့နယ်၊ ပုတီးဖြူကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၈)ပြား၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ၌ ပင်လောင်းမှ သာစည်သို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည်တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်း (၃၄၀၀) ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဆားတလင်းလမ်းဆုံ၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ပေါက်စောက်ကျေးရွာတွင် ကြက်မွေးမြူရေးလုပ်ငန်း ဟန်ပြလုပ်ကိုင်နေသည့် တရားခံ အမျိုးသား(၁)ဦးထံမှ ICE (၆၇၆၆၀) ဂရမ်၊ Kluger ယာဉ်(၁)စီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၁၃)ပြား၊ ဘိန်းဖြူ(၁၄.၅)ဂရမ်၊ သာကေတမြို့နယ်၊ ရှုခင်းသာလမ်းပေါ်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၄၅၇)ပြား၊ ဒဂုံတောင်မြို့နယ်၊ (၇၂) ရပ်ကွက်၌ သတင်းအရ Suzuki ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား (၇၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၉) ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂) ခု ရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ ဂူဘာရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏ နေအိမ်မှ ၉ မမကျည် (၅၉) တောင့်၊ ၅.၅၆ ကျည်(၈၀)တောင့်၊ ရှမ်းပြည်နယ်၊ ကွမ်းလုံမြို့နယ်၊ နောင်စံဖူးကျေးရွာအနီး၌ သတင်းအရ Hilux ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀၀၀)ပြား၊ M-20 ပစ္စတိုသေနတ်(၁) လက်၊ ကျည်အိမ်(၁)ခု၊ ၄င်းကျည် (၅) တောင့်၊ မော်တော်ယာဉ်(၁)စီးအားလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၇-၂-၂၀၁၉ ရက်နေ့မှ ၂၃-၂-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၅၈)မှုတွင် တရားခံကျား(၂၉၇) ဦး၊ မ (၄၃) ဦး၊ ပေါင်း (၃၄၀) ဦးကို ဘိန်းဖြူ (၈၉၄၂.၂၂) ဂရမ်၊ ICE (၆၇၇၂၂.၇၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၂) ဂရမ်၊ ဘိန်း (၇၄၃၂.၀၃) ဂရမ်၊ စိတ်ကြွဆေးပြား (၇၅၉၀၈၂) ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃) ဂရမ်၊ ဆေးခြောက် (၁၀၃.၀၃) ဂရမ်၊ ဘိန်းဆီခဲ (၃၁၃.၅၃) ဂရမ်၊ ဘိန်းဆီရည် (၀.၀၉၈)လီတာ၊ ဘိန်းစာမှုန့် (၈၁.၆၅) ဂရမ်၊ Diazepam Tablet (၄၀၉) ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ကျည်မျိုးစုံ (၁၄၄)တောင့်၊ ကျည်အိမ်(၁)ခုတို့ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

**အော်တိုတယ်လီဖုန်းနံပါတ်** - **၀၆၇-၅၉၀၂၀၀**

**ဖက်စ်ဖုန်းနံပါတ်** - **၀၆၇-၅၉၀၂၃၃**

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# ၂၅-၂-၂၀၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှတ်တမ်း

**ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားသည့် ဆက်သွယ်ရေး ကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရ လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point Presentation ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင်အရ Service Provider ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရ သော်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော် လည်းကောင်း ကြပ်မတ်စိစစ်အရေးယူပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ယနေ့ ထုတ်လုပ်ပေးထားတဲ့ ဆက်သွယ်ရေးလိုင်စင် Service Provider အမျိုးအစား သုံးမျိုးရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းတွေ ရှိမယ်။ ဆက်သွယ်ရေးလိုင်း ဝန်ဆောင်မှုလုပ်ငန်းတွေ ရှိမယ်။ တယ်လီဖုန်းလိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ Mobile Telecom တွေပါ။ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ပေါင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၁၇၀ လောက် ထုတ်ပေးထားတယ်လို့ သိရှိရပါတယ်။ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်း (Internet Service Provider) ဆိုတာကတော့ ခေတ်အဆက်ဆက် Bagan Net ကနေစပြီး Broadband၊ V-Sat၊ IP Star၊ ADSL ကစပြီး ဒီနေ့အချိန်မှာ Myanmar Net၊ Ananda အထိ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းတွေပါ။ ဒီလုပ်ငန်းတွေမှာ ဝန်ဆောင်မှုလုပ်ငန်းကြေညာတုန်းက တစ်မျိုး၊ ပြီးတော့ တစ်မျိုးဖြစ်ခဲ့ကြလို့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ၊ အင်တာနက် အသုံးပြုခဲ့ကြတဲ့သူတွေ ဘယ်လောက်အထိ ခံစားခဲ့ကြမလဲဆိုတာ အားလုံးအသိပါပဲ။ ယနေ့အချိန်အထိ အကာအကွယ် မရသေးပါဘူး။ ဆက်သွယ်ရေးလိုင်း အသုံးပြုဝန်ဆောင်မှုလုပ်ငန်းတွေ (Connection Service Provider) ပါ။ ဒါတွေကတော့ ဘဏ်နှင့် ငွေကြေးလုပ်ငန်းတွေ၊ E-Commerce တွေ၊ လက်လီအရောင်းဆိုင်တွေ အများစုအသုံးပြုနေခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကဆိုရင် အင်တာနက်ဝန်ဆောင်မှုက Telenor Broadband ဝန်ဆောင်မှုလုပ်ငန်းမှာ ပြဿနာတွေပေါ်တယ်။ အခု အင်တာနက်လိုင်း Connection Service Provider သုံးတဲ့ Red dot ဝန်ဆောင်မှုလုပ်ငန်း ပြီးခဲ့တဲ့ရက်ပိုင်းက ပြဿနာပေါ်တယ်။ ယနေ့အချိန်အထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ဒီအထဲမှာ တယ်လီဖုန်း ဝန်ဆောင်မှု၊ Mobile Telephone ဝန်ဆောင်မှု ၊ Telecom Service Provider လေးခုရှိပါတယ်။ MPT ရှိမယ်။ Telenor ရှိမယ်။ Ooredoo ရှိမယ်။ Mytel ရှိမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စာရင်းစစ်ချုပ်အစီရင်ခံစာအရ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ သုံးသပ်အစီရင်ခံစာအရ နိုင်ငံတစ်ဝန်းလုံးမှာ မရှိမဖြစ်သုံးရတဲ့ လောကနိဗ္ဗာန် အိမ်သုံးလျှပ်စစ်မီတာ အခွန်ရငွေစုစုပေါင်းက ဘီလီယံ ၅၂၀ ရတယ်လို့ ဆိုပါတယ်။ ဒီထဲကမှ နိုင်ငံတစ်ဝန်းလုံးအတွက် တယ်လီဖုန်းပြောဆိုမှုအတွက် အသုံးပြုတဲ့ငွေ စုစုပေါင်းက ဘီလီယံ ၂၁၀၀ တောင်ရှိတယ်ဆိုတာ အံ့သြဖွယ်ရာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေ ဆက်သွယ်ရေးအတွက် ဘယ်လောက်သုံးနေကြတယ်။ ဒီဆက်သွယ်ရေးကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ဘယ်လောက်ဆောင်ရွက်ခဲ့ကြလဲ။ ဝမ်းသာစရာပါ။ ကျေနပ်စရာပါ။ မြန်မာနိုင်ငံ လူဦးရေဟာ ဒီနေ့အချိန်မှာ ၅၄ သန်းနီးပါးရှိနေပါပြီ။ ဒါပေမယ့် Mobile Telephone အသုံးပြုတဲ့အရေအတွက်က သန်း ၆၀ နီးပါးရှိနေပါပြီ။ အင်တာနက် အသုံးပြုသူအရေအတွက်က သန်း ၃၀ နီးပါး ရှိနေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ဒီထဲကမှ ပြီးခဲ့တဲ့လပိုင်းတွေအတွင်းမှာ ပြဿနာတွေ အများကြီး ပေါ်ပါတယ်။ လူမှုကွန်ရက်တွေမှာဆိုလို့ရှိရင် တယ်လီဖုန်းတွေက ငွေထည့်လိုက်တယ်။ ခဏလေးနဲ့ ကုန်သွားတယ်။ ဘာတွေဖြတ်မှန်း မသိဘူး ပြောလာတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ရဲ့ ဖုန်းကို စစ်ဆေးကြည့်တဲ့အခါ ဒီလိုမျိုး Game Mania၊ Game Haven၊ Application Store ၄၉၉ ကျပ်၊ ၄၅၀ ကျပ်၊ ၃၁၅ ကျပ် နည်းမျိုးစုံနဲ့ စက်တင်ဘာလကတည်းက ကျွန်တော့်ကို ဖြတ်တောက်ထားတာပါ။ ဒီလိုနဲ့ ကျွန်တော့်ရဲ့မိသားစုကို ကြည့်လိုက်တော့ ဒီအတိုင်းပဲ ဖြတ်ထားတာ။ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းတွေ ကြည့်လိုက်တော့လည်း ဒီအတိုင်းပဲ ဖြတ်တောက်ထားတယ်။ တစ်နိုင်ငံလုံး ဖြတ်တောက်ထားတဲ့ အနေအထားပါ။ ဒါကို ကျွန်တော့်အနေနဲ့ Complain တက်ပါတယ်။ Complain တက်တဲ့အခါကျတော့ ဒါသည် လူကြီးမင်းက မှားယွင်းပြီးနှိပ်ထားလို့၊ မှားယွင်းပြီးနှိပ်ထားလို့။ ကျွန်တော်တို့ မှားယွင်းမနှိပ်ဘူး။ ဒီဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့မယူဘူး။ ဘာလို့ ကျွန်တော်တို့ကို ဖြတ်သလဲ။ ကျွန်တော်တို့ လေးခါ၊ ငါးခါ၊ ခြောက်ခါလောက် Complain တက်မှသာလျှင် ပြန်လည်စစ်ဆေးပေးပါမယ်ဆိုတဲ့ အဖြေရတယ်။ ဒီလိုပြီးတဲ့အခါမှာ ကျွန်တော်တို့ဆီကို မှားယွင်းဖြတ်တောက်မိတဲ့အတွက် ပြန်လည်ထည့်ပေးပါမယ်ဆိုတဲ့ဟာနဲ့ ပြန်ထည့်ပေးတဲ့စာရင်းတွေပါ။ ဒီလိုလူမျိုး ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဘယ်လောက်ရှိနေပြီလဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ ဒီလိုဖြတ်တောက်မှုဆိုင်ရာမှာ သုံးစွဲသူသန်း ၆၀ ကျော်ရှိတဲ့နေရာမှာ တစ်ပတ်ကို ဝန်ဆောင်မှုတစ်မျိုးအတွက် ဦးရေတစ်သန်းပဲ မှားဖြတ်တယ်ထား။ တစ်ပတ်ကို သန်း ၅၀၀ လောက် နစ်နာပါတယ်။ တစ်လကို နှစ်ဘီလီယံလောက် နစ်နာပါတယ်။ တစ်နှစ်ကို ၂၅ ဘီလီယံလောက် သုံးစွဲသူတွေ နစ်နာပါတယ်။ နိုင်ငံတကာအဆင့် Telecom ကုမ္ပဏီကြီးတွေဖြစ်ပြီးတော့ ဒီလိုမျိုး ပညာနှင့် အသိဉာဏ်နည်းပါးတဲ့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေအပေါ်မှာ ဒီလိုအခွင့်ကောင်းယူပြီး အကျိုးအမြတ်ရယူခြင်းဟာ ဒီကုမ္ပဏီကြီးတွေဟာ ကျင့်ဝတ်နဲ့ ကိုက်ညီကြရဲ့လား။ စဉ်းစားစေချင်ပါတယ်။ ရှက်စရာလည်းကောင်းလှပါတယ်။ နိုင်ငံသူနိုင်ငံသားများအပေါ်မှာ နစ်နာအောင်လုပ်ခြင်းဟာ နိုင်ငံတော်အပေါ်မှာ နစ်နာခြင်းလို့ ကျွန်တော်တို့ခံစားရပါတယ်။ ပြီးရင် နိုင်ငံတော်ရဲ့ဥပဒေအပေါ်မှာ မထီမဲ့မြင်လုပ်တယ်လို့လည်း ခံစားရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒါဟာကုမ္ပဏီ တစ်ခုတည်းတင် မဟုတ်ပါဘူး။ Telecom တစ်ခုတည်းတင် မဟုတ်ပါဘူး။ Telecom တိုင်းမှာ ဖြစ်နေတဲ့ပြဿနာပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဆက်သွယ်ရေးသုံးစွဲနေသူများ အပေါ် ဆက်သွယ်ရေးအခွင့်အရေးချိုးဖောက်နေတဲ့ ဆက်သွယ်ရေးလိုင်စင် (Service Provider) ရရှိထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီး ဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



ဒုတိယဝန်ကြီး
ဦးသာဦး



အောင်မြေသာစံမဲဆန္ဒနယ်မှ
ဒေါက်တာလှမိုး

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၏ ဆက်သွယ်ရေးသုံးစွဲသူများအပေါ် စားသုံးသူအခွင့်အရေးချိုးဖောက်နေသော ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအား ပြဋ္ဌာန်းပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေအရသော်လည်းကောင်း ကြပ်မတ်စစ်ဆေး အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းပေါ် ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ ကောက်ခံမယ့်ဝန်ဆောင်ခနှုန်းထားတွေကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှတစ်ဆင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်သွယ်ရေးအော်ပရေတာများမှ အဆိုပြုတင်ပြလာသော ဝန်ဆောင်ခနှုန်းထားများကို စိစစ်ခွင့်ပြုရာတွင် ပြိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၀ နည်းဥပဒေခွဲ(က)အရ ကောက်ခံမည့်နှုန်းထားများသည် ထိုက်သင့်မျှတခြင်းရှိ /မရှိနှင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ထိခိုက်စေခြင်း ရှိ/မရှိတို့ကို စိစစ်ပြီးမှသာလျှင် ခွင့်ပြုပေးလျက်ရှိပါတယ်။ အကယ်၍ အဆိုပါ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သော ဝန်ဆောင်ခနှုန်းထားများကို ဆက်သွယ်ရေးအော်ပရေတာများက သုံးစွဲသူများသိရှိအောင် ကြော်ငြာရာတွင် ခွင့်ပြုထားသည့် ဝန်ဆောင်ခနှုန်းထားများနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်နေသည်ကို တွေ့ရှိပါက သို့မဟုတ် တိုင်ကြားမှုများရှိလာပါက စိစစ်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(က)တို့ဖြင့် အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာများက ၎င်းတို့ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ သုံးစွဲသူများသို့ အသိပေးကြေညာချက်များအပေါ် သုံးစွဲသူများအနေဖြင့် နားလည်မှု လွဲမှားပြီး ထိခိုက်နစ်နာမှု မရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများအား သုံးစွဲသူများကို ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နားလည်အောင် အသိပေးကြေညာရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း မိမိအသုံးပြုမည့် အစီအစဉ်များနှင့် စပ်လျဉ်းပြီး လက်ခံရွေးချယ်သုံးစွဲခြင်းမပြုမီ သက်ဆိုင်ရာ အော်ပရေတာများ၏ အသိပေးကြေညာချက်များအပေါ် သေသေချာချာ နားလည် သဘောပေါက်သည်အထိ ဖတ်ရှုပြီး ရွေးချယ်အသုံးပြုစေရန် အသိပညာပေးမှုများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှု အသုံးပြုသူများအနေနဲ့ ဆက်သွယ်ရေး အော်ပရေတာများရဲ့ ဝန်ဆောင်မှုအပေါ် ဝန်ခံကတိပြုချက်များနှင့် ကိုက်ညီခြင်း မရှိသည်ကို တွေ့ရှိရပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဦးစီးဌာနသို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့လည်းကောင်း တိုင်ကြားနိုင်ပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လတ်တလောအားဖြင့်လည်း မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများနှင့် စပ်လျဉ်းပြီးတော့ သုံးစွဲသူများက တိုင်ကြားလာမှုများအပေါ်မှာ သုံးစွဲသူပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။ ။ ကျွန်တော့်အား တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားထားတဲ့အထဲမှာ အဖြေနဲ့ ကျွန်တော်မေးထားတဲ့မေးခွန်းနဲ့ တော်တော်လေးကို တိမ်းစောင်းနေပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ အဖြေမရှိပါဘူး။ ကျွန်တော်တို့ဆိုလိုချင်တာက တစ်နိုင်ငံလုံး သုံးနေတဲ့ ဒီနေ့အင်တာနက်ဝန်ဆောင်မှု၊ ဖုန်းဝန်ဆောင်မှု သုံးနေတဲ့သူတွေဟာ မလျော်မကန် ဖြတ်တောက်ခြင်းခံနေရတယ်။ ခုနကလည်း ကျွန်တော်တင်ပြထားပါတယ်။ စားသုံးသူတွေ ဘယ်လိုလုပ် နားလည်မလဲ။ ကျွန်တော်တို့နိုင်ငံမှာ ပညာ၊ အသိဉာဏ်နည်းပါးတဲ့သူတွေ ဒီအင်္ဂလိပ်လိုပြောလို့ ကျွန်တော်တို့ ဘယ်လိုလုပ် နားလည်မလဲ။ ဒါပေမယ့် ကျွန်တော်တို့ကိုယ်တိုင်လည်း မယူပါဘူး။ မယူဘဲနဲ့ ဖြတ်တောက်ထားတဲ့ကိစ္စ။ ကျွန်တော်ဆိုရင် ခြောက်မျိုး၊ ခုနစ်မျိုး အပတ်စဉ် အဖြတ်ခံရတယ်။ မနေ့ကထိကို ဖြတ်တုန်း။ ဖြတ်တိုင်း Complain တက်တုန်း။ Complain တက်ရင်း မှားတယ်ဆိုပြီး ပြန်ပေးရင်း။ ဒါစနစ်တကျ ဖြတ်တောက်နေတယ်လို့ ခံစားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ ကျွန်တော်တို့ သန်း ၅၀ သော လူမျိုးမရွေး၊ တိုင်းရင်းသားမရွေး၊ ဘာသာမရွေး၊ အဖွဲ့အစည်းမရွေး ကျောင်းသားလူငယ်ကစပြီး သက်ဆိုင်ပြီးခံစားနေရတဲ့ နစ်နာမှုဖြစ်ပါတယ်။ သုံးစွဲသူများက၊ ကျွန်တော်တို့က ကြိုတင်ငွေထည့်ပေးတာ ဖြစ်ပါတယ်။ ဒီကြိုတင်ငွေဟာ ကျွန်တော်တို့ ပိုက်ဆံဖြစ်ပါတယ်။ သုံးစွဲသူများပိုင်ဆိုင်တဲ့ ငွေကြေးဖြစ်ပါတယ်။ ဒီသုံးစွဲတဲ့ငွေကြေးကို ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ ဖြတ်တောက်ခြင်းသည် အဒိန္နာဒါနာကံ ခိုးယူခြင်းမြောက်ပါတယ်။ နောက်တစ်ခါ ဒီလိုဖြတ်တောက်ခြင်းဟာ ကျွန်တော်တို့မသိဘဲနဲ့၊ ကျွန်တော်တို့က Complain တက်မှ ပြန်ပေးတာဟာ၊ လက်ပူးလက်ကြပ်မိမှ ပြန်ပေးတာဟာ ခိုးတာဟာ ခိုးတာပါပဲ။ နောက်တစ်ခါသုံးစွဲသူများဟာ ကြိုတင်ငွေကို ဒီလိုသက်ဆိုင်ရာ Telecom ကို ယုံကြည်လို့ ဖြည့်ပေးလိုက်တာပါ။ ဒီယုံကြည်လို့ ဖြည့်ပေးလိုက်တဲ့ငွေကြေး။ တစ်နိုင်ငံလုံး ခံစားနေရတာသိပါတယ်။ ဒီငွေကြေးကို ကျွန်တော်တို့မသိဘဲနဲ့ ဖြတ်တောက်ခြင်းက အလွဲသုံးစားပြုမှု မြောက်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆက်သွယ်ရေး ဥပဒေရှိပါတယ်။ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဂ)မှာ ဘာအထင်အရှား ဖော်ပြထားလဲဆိုတော့ ဆက်သွယ်ရေး ကွန်ရက်တစ်ခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း အားလုံးမြောက်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ငွေတွေပါ။ ကျွန်တော်တို့သုံးစွဲသူ နိုင်ငံသူနိုင်ငံသားတွေပါပဲ။ ဒါကြောင့်မို့လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးနဲ့ ပတ်သက်ရင် Regulatory body တစ်ခုအနေနဲ့ ဖြစ်ပါတယ်။ Regulatory body ဆိုတာက Telecom တွေ အချင်းချင်းတွင် ထိန်းကျောင်းပေးရတာ မဟုတ်ပါဘူး။ Telecom တွေနဲ့ Subscriber အကြားမှာ ထိန်းကျောင်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့နစ်နာသူ နိုင်ငံသူနိုင်ငံသားများကိုယ်စား မည်သို့တရားစွဲ ဆောင်ရွက်ပေးမည်ဆိုတာရယ်၊ နောက်တစ်ချက်က နိုင်ငံသူနိုင်ငံသားများအတွက် ဆုံးရှုံးသွားတဲ့ ငွေများကို ပညာရေးနှင့် ကျန်းမာရေးအတွက် အသုံးပြုနိုင်ရန်အတွက် မည်သို့မည်ပုံဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတာလည်း မှန်ပါတယ်ခင်ဗျ။ တချို့ Service Provider တွေက ကြော်ငြာတာတစ်မျိုး၊ လုပ်တာတစ်မျိုးလည်း တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အရေးယူပြီးတော့ ဒဏ်ရိုက်တာတွေ၊ အရေးယူမှုတွေ လုပ်ခဲ့ရပါတယ်။ တချို့ကိစ္စတွေမှာဆိုရင် ဒီလိုမှားယွင်းဖြတ်တောက်တဲ့ကိစ္စတွေ သူတို့စက်ကြောင့်ပဲမှားမှား၊ ဘာကြောင့်ပဲ မှားမှားခံရတာ ကျွန်တော်တို့ ပြည်သူလူထုပါ။ သုံးစွဲသူတွေက ခံရပါတယ်။ အဲဒီတော့ အဲဒီလိုမျိုးကိစ္စတွေကိုလည်း အချို့ Operator တွေဆို ဘီလီယံနဲ့ချီပြီး လျော်ခဲ့ရဖူးတာလည်း ရှိပါတယ်။ သုံးစွဲသူတစ်ယောက်ချင်းကို ပြန်ပြီးလျော်ပေးရပါတယ်။ အဲဒီလိုမျိုးလည်းလုပ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း သူတို့ ကြော်ငြာတာတွေ၊ သူတို့ Service တွေ ဘယ် Promotion နဲ့ ဘယ်လိုပေးနေတယ်ဆိုတာတွေ စိစစ်နေပါတယ်။ ဒါပေမယ့် တချို့ကိစ္စတွေကျတော့လည်း ကျွန်တော်တို့က မသိနိုင်တာလည်း ရှိပါတယ်။ တကယ်ခံစားရတာက

*စာမျက်နှာ ၁၁ သို့*

# ကူဝိတ်နိုင်ငံ (၅၈)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညည့်ခံပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**
ကူဝိတ်နိုင်ငံ၏ (၅၈)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ Melia Yangon Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကူဝိတ်နိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သံတမန်များအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Pehin Orang Kaya Seri Pahlawan Colone(R) Dato Paduka Haji Abdu'r Rahmani bin Dato Paduka Haji Basir၊ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Adel Al Adgham တို့က ကူဝိတ်နိုင်ငံ အမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ကြပြီး(**ယာပုံ**) တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကူဝိတ်သံရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ရိုက်ကူးထုတ်လွှင့် ဖော်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လက်ရှိအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်မှာ မကြာမီ သုံးနှစ်တာကာလပြည့်မြောက်တော့မည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အုပ်ချုပ်သည့်အစိုးရကို ပြည်သူများက ရွေးကောက်တင်မြှောက်ရပါကြောင်း၊ နိုင်ငံတော်ကို လည်ပတ်ရန် လိုအပ်သည့် ငွေကြေးကို ပြည်သူများက အခွန်အခအဖြစ် ထည့်ဝင်ရပါကြောင်း၊ ပြည်သူများ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ အုပ်ချုပ်ပုံ၊ စီမံခန့်ခွဲပုံများ၊ ထည့်ဝင်လိုက်သည့် အခွန်အခများကို မည်သို့ကိုင်တွယ်သုံးစွဲသည်ကို ပြည်သူများ သိပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် အစိုးရသက်တမ်း တစ်နှစ်ပြည့်တိုင်းတွင် ပြည်သူများအတွက် ဆောင်ရွက်ခဲ့မှုများကို တရားဝင်ရိုက်ကူး ထုတ်လွှင့်ပြသခဲ့ပါကြောင်း။

သို့ဖြစ်၍ ယခု တတိယ တစ်နှစ်တာ ရိုက်ကူးမှုများကို မတ် ၁၁ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဧပြီ ၁ ရက်မှစတင်၍ တစ်ရက်လျှင် နှစ်ခုနှုန်းဖြင့် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရန် လျာထားဆောင်ရွက်သွားမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရိုက်ကူးထုတ်လွှင့် ဖော်ပြသွားမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*
သုံးစွဲသူတွေက ခံစားရပါတယ်။ အဲဒီတော့ သုံးစွဲသူတွေက သူတို့ကိုလည်း Complain လုပ်တာလည်းလုပ်ပါ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကိုလည်း တိုင်ကြားပေးပါခင်ဗျား။ အဲဒီလိုတိုင်ကြားပေးမယ်ဆိုရင် ကျွန်တော်တို့ တောက်လျှောက်အရေးယူရပါမယ်။ အရေးလည်း ယူရပါမယ်။ ဒါပေမယ့် သူတို့ကလည်း ဥပဒေအရ လုပ်ရမယ်။ Regular အပိုင်းကလည်း ဥပဒေအရ အရေးယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရဆိုရင် ဆက်သွယ်ရေးဥပဒေမှာ အဓိကအားဖြင့် သူတို့ကို အရေးယူနိုင်တာ ဥပဒေအရ သုံးချက်ပဲရှိပါတယ်။ (၁) က သတိပေးမယ်။ တစ်ခု ဖောက်တာနဲ့ သိတာနဲ့ သတိပေးမယ်။ (၂) အချက်က သူတို့ရဲ့လိုင်စင်ကို သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုအထိ ယာယီရပ်ဆိုင်းမယ်။ နောက်တစ်ချက်က လိုင်စင်ကို အပြီးပိတ်သိမ်းမယ်။ အဲဒီလိုမျိုးဥပဒေမှာ သူတို့ကို အရေးယူလို့ရတာ အဓိကသုံးချက်ပဲ ပါပါတယ်။ ပထမတစ်ချက်က Warning ပေးတယ်။ သတိပေးတယ်ဆိုတာကတော့ သူတို့လည်း ဘာမှမမှုလောက်တဲ့ကိစ္စပါ။ ဒုတိယအချက်နှစ်ချက်ဖြစ်တဲ့ လိုင်စင်ကို ယာယီရပ်တယ်။ အပြီးပိတ်သိမ်းတယ်ဆိုတဲ့ကိစ္စက ဥပဒေမှာပါပေမယ့် တကယ်လုပ်လို့ မရဘူးခင်ဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဥပမာဆိုပါတော့ Operator တစ်ယောက်ကတစ်ယောက်၊ တစ်ယောက်ကို အနည်းဆုံး Operator က My Tel ဆိုရင် ငါးသန်းလောက် ရှိပါတယ်။ Ooredoo ဆို ဆယ်သန်းလောက်ရှိတယ်။ MPT ဆို ၂၁ သန်းလောက်ရှိတယ်။ Telenor ၁၉ သန်းလောက်ရှိ တယ်။ သူတို့က တစ်နာရီလေး ၁၀ မိနစ်လောက် ပိတ်လို့မရဘူးခင်ဗျ။ ပိတ်လိုက်တာနဲ့ သုံးစွဲသူတွေအားလုံးက ထိခိုက်ပါတယ်။ အဆက်အသွယ်ပြတ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နည်းဥပဒေမှာတော့ တစ်မျိုးဖြစ်နေပါတယ်။ နည်းဥပဒေမှာတော့ ဒဏ်ရိုက်လို့ရတယ်ဆိုပြီး ထည့်ထားတယ်။ သူတို့ရဲ့ပြီးခဲ့တဲ့နှစ်ရဲ့ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းအထိကို ဒဏ်ငွေရိုက်လို့ ရပါတယ်ဆိုတာ ရှိပါတယ်။ နည်းဥပဒေမှာ ဥပဒေနဲ့ ကွဲပြားစွာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါပေမယ့် သူတို့ပေးတဲ့လိုင်စင်မှာလည်း အဲဒီလိုမျိုး ၅ ရာခိုင်နှုန်း ဒဏ်ရိုက်လို့ရတယ်ဆိုတာပါတဲ့အတွက် အဲဒါနဲ့ ကျွန်တော်တို့ ဒဏ်ရိုက်လေ့ရှိပါတယ်။ ဆက်လက်ပြီး ဥက္ကဋ္ဌကြီးကို တင်ပြလိုတာက ကျွန်တော်တို့ ဒီဥပဒေမှာပါတဲ့ အချက်သုံးချက်မှာ နှစ်ချက်က တကယ် Practicable မဖြစ်ပါဘူး။ တကယ်လုပ်လို့မရတဲ့ကိစ္စတွေ ဖြစ်နေပါတယ်။ အဲဒီတော့ ဒီဥပဒေကို ကျွန်တော်တို့ ပြင်ဆင်ဖို့ရယ်၊ နည်းဥပဒေမှာ ပြန်လည်ပြင်ဆင်ဖို့လည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆက်သွယ်ရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းပေးနေတဲ့ Service Provider တွေကနေပြီးတော့ မလျော်မကန်လုပ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တို့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ကျွန်တော်တို့က တရားစွဲလို့ရတဲ့ အခြေအနေမရှိပါဘူး။ ဒါပေမယ့် ခုန ပြောသလို ပုဒ်မ ၆၆(ဃ) နဲ့ ဆိုရင်တော့ တစ်မျိုးဖြစ်နိုင်ပါတယ်။ ဒါကို အသုံးချပြီး ပြန်လုပ်ရင်တော့ ရနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ အလေးထားပြီးတော့ ဆောင်ရွက်မှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။အခုကတော့ မလျော်မကန်ဖြတ်တောက်မှုတွေက ဖြစ်ပေါ်နေပြီဆိုတာ ပေါ်ပေါက်နေပါတယ်။ အဲဒီအတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒါကို ဘယ်လိုဖိဖိစီးစီး အရေးယူဆောင်ရွက်မယ်ဆိုတဲ့ အပိုင်းတွေလည်း ဒါ ဝန်ကြီးဌာနအနေနဲ့ အလျင်အမြန်ဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အားလုံးနဲ့ သက်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းဟာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပြီး အများအတွက် အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

(ဩဘာသံများ)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သတင်းစာရှင်းလင်းပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ပါတီဌာနချုပ်၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပါတီဗဟို ပြောရေးဆိုခွင့်အဖွဲ့မှ ဦးသောင်းအေး၊ ဒေါက်တာနန္ဒာလှမြင့်၊ ဦးအောင်ချိုဦး၊ ဦးသိန်းထွန်းဦး၊ ဒေါ်နန်းမြမီမီဇော်နှင့် ဒေါ်ယမင်းမြင့်ဆွေတို့က နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

# နွားထိုးကြီးမြို့နယ်ရှိ စာရေးဝန်ထမ်းများအား လျှပ်စစ်ဆိုင်ရာများ အသိပညာပေးဆွေးနွေး

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၅**
လျှပ်စစ်ဆိုင်ရာ ဘာသာရပ်နှင့်ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်ထွေ/အုပ်စည်းဝေးဆောင်၌ ကျေးရွာ ရပ်ကွက် အုပ်စု ၇၀ မှ စာရေးဝန်ထမ်းများကို နွားထိုးကြီး လျှပ်စစ်မန်နေဂျာ ဦးဇော်ဝင်းက သင်ခန်းစာ ပို့ချဆွေးနွေးသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေနှင့် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဖွဲ့စည်းမှု၊ လျှပ်စစ်ဌာန၏ အဆင့်ဆင့်ပြောင်းလဲမှု၊ လျှပ်စစ်ထုတ်လုပ်သယ်ယူဖြန့်ဖြူးနေမှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ရပ်/ကျေး စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်သင်တန်း၌ လျှပ်စစ်ဘာသာရပ်အကြောင်း သိကောင်းစရာ ရှင်းလင်းခြင်းလည်းဖြစ်ကြောင်း သိရသည်။ နွားထိုးကြီးမြို့နယ်၌ ၁၈၆ ရွာတွင် ၁၂၈ ရွာ လျှပ်စစ်မီး ၂၄ နာရီလင်းနေပြီး ကျေးရွာ၏ ၆၈ ရာခိုင်နှုန်းကို လျှပ်စစ်မီးခံစားနေရပြီဖြစ်သည်။

**ဋ္ဌေးမြင့်မောင်**

# Line Walker-2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအက်ရှင်လှုပ်ရှားမှုများ ဆူးလေဘုရားလမ်းပေါ်တွင် ဆက်လက်ရိုက်ကူး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**Line Walker - 2 ရုပ်ရှင် ဇာတ်ဝင်ခန်းအချို့ကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့လယ် ဆူးလေဘုရားမြောက်ဘက်မုခ်နှင့် ဆူးလေလူကူးခုံးကျော် တံတားအကြား မီးသတ်စခန်းရှေ့ ဆူးလေလမ်းမကြီးပေါ်တွင် လေးရက်မြောက်နေ့အဖြစ် ဆက်လက်ရိုက်ကူးလျက်ရှိရာ သေနတ်ပစ်ခတ်သော အက်ရှင်ခန်းများ ပါဝင်သောကြောင့် ရန်ကုန်မြို့နေ ပြည်သူတို့ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။**



Line Walker - 2 ရုပ်ရှင် ဇာတ်ဝင်ခန်းအတွက် သရုပ်ဆောင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - သန်းစိုး

**ယာဉ်ကြော ပိတ်ဆို့မှုမရှိရန်ဆောင်ရွက်**

ယနေ့ရိုက်ကွင်းတွင် ပိတ်ဆို့ဖမ်းဆီးသော ရဲတပ်ဖွဲ့နှင့် ဒုစရိုက်ဂိုဏ်းအဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုကို နံနက်ပိုင်းမှစ၍ အကြိမ်ကြိမ်ရိုက်ကူးလျက်ရှိရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုသော မြို့ပြပြည်သူများ စနစ်တကျ လေ့လာကြည့်ရှုနိုင်ရေးနှင့် တစ်ဖက်ယာဉ်လမ်းကြောတွင် သွားလာနေသောယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်မတို့ ငယ်ငယ်ကကြိုက်နှစ်သက်တဲ့ မင်းသားတစ်ယောက် ဒီဇာတ်ကားမှာ ပါတယ်။ ကျွန်မတို့သိတဲ့ သရုပ်ဆောင် လေးဦးလည်းပါတယ်။ ကျွန်မတို့သိတဲ့ မင်းသားက အခုလို ပစ်ခတ်တဲ့ ဇာတ်ဝင်ခန်းရိုက်တာ နည်းတယ်၊ သူငယ်ငယ်ဘဝ သရုပ်ဆောင်ကတည်းက သဘောကျတာ။ ပြီးတော့ မြန်မာပြည်မှာ လာရိုက်တယ်ဆိုတော့ ဝမ်းလည်းသာတယ်။ ဈေးမထွက်ဘဲ သူငယ်ချင်းတွေနဲ့ လာအားပေးတာပါ" ဟု သိမ်ကြီးဈေးမှ အထည်ဆိုင်ပိုင်ရှင် မဇွန်လီ က ပြောသည်။

မွန်းလွဲပိုင်းတွင် နေပူရှိန်ပြင်းလာသော်လည်း ဒါရိုက်တာမှာ ရဲတပ်ဖွဲ့မှ ဒုစရိုက်သမားများကို ပစ်ခတ်ဖမ်းဆီးသော ရိုက်ကွက်ကို အကြိမ်ကြိမ်ပြန်လည်ရိုက်ကူးလျက်ရှိရာ ကြည့်ရှုနေသော ပရိသတ်တို့မှာ နေပူရှိန်ကို ဂရုမမူနိုင်ဘဲ ဇာတ်ဝင်ခန်းများကို စိတ်ဝင်တစား ကြည့်ရှုကြသည်။

တာမွေမြို့နယ်မှ လာရောက်လေ့လာသူ ဦးနိုင်ဦးကလည်း "မနေ့က သတင်းစာဖတ်ရင်းနဲ့ ၂၆ ရက်နေ့နောက်ဆုံးဆိုတော့ ဒီနေ့လာကြည့်တာပါ။ လူကုန်ကူးမှုကို အခြေခံပြီး ရိုက်ကူးထားတာကြောင့် ပြသခဲ့ရင်လည်း အားပေးကြည့်ရှုမှာပါ။ ပြည်တွင်းရုပ်ရှင်ရိုက်ကူးတာပဲ မြင်ဖူးတာ။ ပြည်ပနိုင်ငံက ရန်ကုန်မြို့လယ်မှာ အခုလို တခမ်းတနား ရိုက်ကူးတာမြင်ရတော့ အံ့သြတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံမှာ အခုလို လာရောက်ရိုက်ကူးမှုကို ဂုဏ်လည်းယူတယ်။ နိုင်ငံတကာဇာတ်ကားတွေ မြန်မာနိုင်ငံမှာထပ်ပြီး လာရောက် ရိုက်ကူးစေချင်ပါတယ်" ဟုပြောသည်။

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်မှ လာရောက်လေ့လာသော မရွှမ်းကျင်ကလည်း "ဒီနေ့ပဲ ရန်ကုန်ကိုရောက်ပြီး ချက်ချင်းလာကြည့်တာပါ။ ဟောင်ကောင်က ရုပ်ရှင်အဖွဲ့တွေ မြန်မာပြည်မှာ ရုပ်ရှင်လာရိုက်တယ်ဆိုပြီး ရန်ကုန်က သူငယ်ချင်းတွေ ဖုန်းဆက်ခေါ်တာနဲ့ လာကြည့်တာပါ။ ကျွန်မတို့သိတဲ့ မင်းသားလည်းပါတယ်။ ဒါကြောင့် လာကြည့်တာပါ" ဟု ပြောသည်။

**ပိတ်ဆို့ဖမ်းဆီးပစ်ခတ်ခန်း ရိုက်ကူး**

ရန်ကုန်မြို့တွင် Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်ဇာတ်ဝင်ခန်းများ ရိုက်ကူးခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်လမ်း) တွင် လည်းကောင်း၊ ဖေဖော်ဝါရီ၂၃ ရက် (စနေနေ့) တွင် ဆူးလေဘုရား လမ်းမကြီးတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း ဟောင်ကောင်အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများဖြစ်သော ရဟတ်ယာဉ်ပျံသန်းသည့် ဇာတ်ဝင်ခန်းနှင့် ဒုစရိုက်ဂိုဏ်းနှင့် ရဲတပ်ဖွဲ့ပစ်ခတ်သော ဇာတ်ဝင်ခန်း၊ ဒုစရိုက်သမားတို့၏ ကားကိုတိုက်၍ ပိတ်ဆို့ဖမ်းဆီးပစ်ခတ်သော ဇာတ်ဝင်ခန်းတို့ကို ရိုက်ကူးခဲ့ရာ ရုံးပိတ်ရက်ဖြစ်၍ လေ့လာကြည့်ရှုသော ပြည်သူတို့ အထူးများပြားခဲ့သည်။ ယနေ့ ရုံးဖွင့်ရက် ဖေဖော်ဝါရီ ၂၅ ရက်တွင် မီးသတ်စခန်းရှေ့ ဆူးလေဘုရား လမ်းမကြီးပေါ်တွင် ရိုက်ကူးသော ပစ်ခတ်ဖမ်းဆီးသည့် ဇာတ်ဝင်ခန်းကိုလည်း ရုပ်နီးရုပ်ဝေးမှ ပြည်သူများ လာရောက်ကြည့်ရှုခဲ့ကြသည်။

"အခြားနိုင်ငံက လာရိုက်တယ်ဆိုတော့ အံ့သြမိသလို ရန်ကုန်မြို့အတွက်လည်း ဂုဏ်ယူတယ်။ မြန်မာကို ကမ္ဘာကလည်း သိသွားတာပေါ့။ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေ ပူးပေါင်းပြီး လူကုန်ကူးမှုတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွေ၊ ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းတာတွေ ရိုက်ကူးတဲ့ ရုပ်ရှင်တွေကို ကျွန်တော်တို့ ပြည်သူတွေကြည့်လိုကြပါတယ်။ အဲဒီလိုမျိုးများများ လုပ်ဆောင်နိုင်ရင် မြန်မာ့ရုပ်ရှင် ရိုက်ကူးမှုတွေလည်း ပိုပြီး တိုးတက်မြင့်မားလာမယ်လို့ မြင်တယ်။ မနေ့ကလည်း အချိန်လုပြီး လာကြည့်သေးတယ်။ ဒီနေ့ ဇာတ်ဝင်ခန်းက လူလေးယောက် ငါးယောက်နောက်ကို ရဲတပ်ဖွဲ့က လိုက်တာနဲ့ သေနတ်ပစ်ခန်းတွေ ရိုက်တာမြင်ရတယ်။ အကြိမ်ကြိမ်ပြန်ရိုက်တာ တွေ့ရတယ်။ ကိုယ့်တိုင်းပြည်မှာရိုက်တဲ့ ဒီရုပ်ရှင်ကို ကြည့်ဖြစ်အောင်ကြည့်မှာပါ။ လူကုန်ကူးမှု တိုက်ဖျက်ရေးကိုအမြဲအားပေးတယ်။ အခုလိုရိုက်ကူးဖြစ်အောင် အကြံပြုကူညီသူတွေနဲ့ နိုင်ငံတော်ကိုလည်း ပြည်သူတစ်ယောက်အနေနဲ့ ကျေးဇူးအထူးတင်တယ်။ ပြီးတော့နိုင်ငံအတွက်လည်း ဂုဏ်ယူတယ်" ဟု ဘိုကလေးဈေးမှလာရောက်လေ့လာကြည့်ရှုသူ ဦးမောင်မောင်စိုးက ပြောသည်။

**သန်းထိုက်**







Line Walker - 2 ရုပ်ရှင် ဇာတ်ဝင်ခန်းအတွက် သရုပ်ဆောင်နေမှုနှင့် ကြည့်ရှုနေသည့် ပရိသတ်များကို တွေ့ရစဉ်။

# AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည့် အုပ်စုပထမပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာနေရာများတွင် ပြုလုပ်သည်။

ရန်ကုန်ယူနိုက်တက် (မြန်မာ)နှင့် တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်း နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။ ရန်ကုန်အသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းက "တမ်ပနိစ်ရိုဗာအသင်းဟာ စင်ကာပူရဲ့ ထိပ်တန်းကလပ်ဖြစ်ပြီး လက်ရွေးစင် ကစားသမားတွေလည်း ပါဝင်ကစားနေပါတယ်။ စင်ကာပူအသင်းဟာ အမြင့်ဘောဦးစားပေး ကစားတဲ့ အသင်းဖြစ်ပြီး သူတို့ရဲ့ ကစားပုံကို သေချာလေ့လာထားပါတယ်။ အုပ်စုမှာ ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်းက အတော့်တင်းဆုံး ဖြစ်ပြီး အုပ်စုပထမရဖို့ သူတို့ကို ကျော်ဖြတ်ရမှာပါ။ ပွဲတိုင်းကို သေချာပြင်ဆင်ပြီး ကစားသွားမှာ ဖြစ်ပါတယ်။ အဖွင့်ပွဲမှာလည်း တမ်ပနိစ်ရိုဗာအသင်းကို အနိုင်ယူပြီး အမှတ်ပြည့်ရယူနိုင်အောင် ကြိုးစားမှာပါ" ဟု ပြောကြားသည်။

တမ်ပနိစ်ရိုဗာအသင်း နည်းပြချုပ် ခါရာယာဟာရာက "ကျွန်တော်တို့ ရန်ကုန်အသင်းကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ အဝေးကွင်း လာရောက်ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် ဖိအားမရှိပါဘူး။ ပြီးခဲ့တဲ့ ရာသီတုန်းက အုပ်စုအဆင့်ကနေ ထွက်ခဲ့ရပေမယ့် ဒီနှစ်မှာတော့ နောက်တစ်ဆင့်တက်နိုင်အောင် ကြိုးစားသွားမှာပါ။ ရန်ကုန်အသင်းကို ပရိသတ်တွေ အများကြီး လာရောက်အားပေးမယ်လို့ ထင်ပါတယ်။ ဒါက ရန်ကုန်အသင်းကို အားပေးတာဖြစ်သလို ပြိုင်ပွဲကိုလည်း အားပေးတယ်လို့ ပြောပါတယ်" ဟု ပြောကြားသည်။

အဝေးကွင်းပွဲ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်း နည်းပြချုပ် ဦးမင်းသူက "ဆီရက်စ်အသင်းက အသင်းကောင်းတစ်သင်းဆိုတာ အားလုံးသိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း အဝေးကွင်းဖြစ်ပေမယ့် လက်လျှော့မှာ မဟုတ်ပါဘူး။ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ဖို့ ပြင်ဆင်ထားပြီး အနိမ့်ဆုံး သရေတစ်မှတ် ရယူနိုင်အောင် ကြိုးစားမှာပါ။ ဒဏ်ရာရကစားသမားတွေရှိနေတဲ့အတွက် လူငယ်ကစားသမားတွေနဲ့ ယှဉ်ပြိုင်မယ့် အစီအစဉ်ကို ပြောင်းလဲခဲ့ပြီး အမာခံကစားသမားတွေနဲ့ ယှဉ်ပြိုင်သွားမှာပါ။ AFC Cup ပြိုင်ပွဲမှာ ရလဒ်ကောင်းရအောင် ကြိုးစားသွားမှာပါ" ဟု ပြောကြားသည်။

အုပ်စုပထမနေ့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် တမ်ပနိစ်ရိုဗာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❐ *ကျောဖုံးမှ*

သက်ထားသူဇာသည် ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများ ဆက်တိုက်ရလာသည့် ကစားသမားဖြစ်သည်။

**ဆုများရရှိ**

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အီဂျစ်နိုင်ငံ၌ ကျင်းပခဲ့သည့် Egypt International Series ကြက်တောင်အားကစားပြိုင်ပွဲတွင် ချန်ပီယံဆု၊ ဒီဇင်ဘာလတွင် နီပေါနိုင်ငံ၌ ကျင်းပခဲ့သည့် Nepal International Series ကြက်တောင်ပြိုင်ပွဲတွင် ဒုတိယဆုတို့ကို ရရှိခဲ့သူဖြစ်သည်။

**ညီမြတ်သော်တာ**

## အနူးအညွတ်တောင်းပန်အပ်ပါသည်

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ တွင် ပါရှိသော **လှိုင်သာယာ - တွံတေးကားလမ်းဘေး ပန်းလှိုင်တံတားအဆင်းရှိ ဆီသိုလှောင်ခြံ မီးလောင်မှုဖြစ်** ခေါင်းစဉ်ပါ သတင်းမှာ သတင်းထောက် ထွန်းလှိုင် (မြိုင်) က ပေးပို့လာသည်ကို မြန်မာ့အလင်းစာတည်းအဖွဲ့က ဖော်ပြမိခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါသတင်းမှာ ယမန်နှစ်က ဖြစ်ပွားခဲ့သော သတင်းဟောင်းတစ်ပုဒ် ဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် ယခုကဲ့သို့ မှားယွင်းဖော်ပြမှုအတွက် စာဖတ်သူများအား အနူးအညွတ် တောင်းပန်အပ်ပါသည်။ မှားယွင်းမှုအတွက် တာဝန်ရှိသော သတင်းထောက်နှင့် စာတည်းအဖွဲ့မှ တာဝန်ရှိသူများအား လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**(စာတည်းမှူးချုပ်၊ မြန်မာ့အလင်းသတင်းစာ)**

## သတင်းမှားယွင်းပေးပို့မိခြင်းအတွက် စာဖတ်သူပရိသတ်များအား တောင်းပန်ခြင်း

ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ တွင် ပါရှိသော **လှိုင်သာယာ - တွံတေးကားလမ်းဘေး ပန်းလှိုင်တံတားအဆင်းရှိ ဆီသိုလှောင်ခြံ မီးလောင်မှုဖြစ်** သတင်းကို ကျွန်တော် သတင်းထောက် ထွန်းလှိုင် (မြိုင်) က မြန်မာ့အလင်းသတင်းစာတိုက်သို့ ပေးပို့ခဲ့ပါသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမှား ပေးပို့မိခြင်းဖြစ်ပါသည်။ သတင်းရရှိမှုမှာ အသိမိတ်ဆွေ သတင်းထောက်တစ်ဦးက 'လွန်ခဲ့တဲ့နှစ်က' ဆိုပြီး ကျွန်တော့်ထံသို့ လူမှုကွန်ရက်မှ သတင်းတစ်ပုဒ်ပို့ခဲ့သည်ကို ကျွန်တော်က အဆိုပါသတင်းအား သေချာကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ သတင်းပေးချင်သော စိတ်ဆန္ဒတစ်ခုတည်းဖြင့် သတင်းစာတိုက်သို့ ပေးပို့မိခြင်း ဖြစ်ပါသည်။

ယင်းကဲ့သို့ သတင်းပေးပို့မိခဲ့ခြင်းကြောင့် မှားယွင်းမှုဖြစ်ပေါ်ရသည်မှာ ကျွန်တော်၏ မှားယွင်းမှုဖြစ်ပြီး ကျွန်တော်၏ တာဝန်သာဖြစ်ပါသည်။ ထို့ကြောင့် သတင်းစာဖတ် ပရိသတ်များအား လေးစားစွာဖြင့် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ထွန်းလှိုင် (မြိုင်)**

## ပင်လောင်း၊ ညောင်ရွှေနှင့် နမ့်ခမ်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာတောင်ဘက် တစ်မိုင်ခွဲခန့်၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်သဲမောင်မောင် ဦးစီးပူးပေါင်းအဖွဲ့မှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ညောင်ရွှေမြို့နယ် နန်းတက်ကျေးရွာ၊ မင်းအောင်ကျေးရွာနှင့် ဖာယပ်ကျေးရွာတို့ရှိ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်၊ နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာအုပ်စုအတွင်း၌ အမြင့် ၁၀ လက်မခန့်ရှိ ဘိန်းစိုက်ခင်း ခြောက်ဧကခန့်ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## အမြန်လမ်းတွင် အရှိန်မထိန်းနိုင်သည့်ယာဉ် တိမ်းမှောက်၍ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၇၉/၇)နှင့် (၈၀/၀)ကြားတွင် ယနေ့ နံနက် ၃ နာရီက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီးမီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရုံးတောကြီးကျေးရွာနေ ဇော်ဌေး(၄၀နှစ်) မောင်းနှင်လာသော 4L/---- ကန်တာယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ဇော်ဌေးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တစ်ရွာတည်းနေ အောင်ခန့်ဇော် (၁၀ နှစ်)တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇော်ဌေးကို အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားဘီးများဖြုတ်ခိုးသူများကို ဖမ်းဆီးစစ်ဆေးခဲ့ရာ ကားဘီးခိုးမှု ၂၄ မှု ဖော်ထုတ်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး အနီးကပ်ကြီးကြပ်၍ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်များတွင် ကားဘီးများဖြုတ်ခိုးခံရကြောင်း သတင်းရရှိသဖြင့် လိုက်လံစုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကားဘီးများ ဖြုတ်ခိုးမှုဖြင့် ပြစ်ချက်ဟောင်းရှိသူ မှော်ဘီမြို့နယ် ဘွက်ကြီးရပ်ကွက် ဘွက်ကြီးလမ်း နေသူများဖြစ်သည့် ဖြိုးဝေလွင်(ခ) ဝဲလေး (၂၇ နှစ်) နှင့် သကြ်န်မောင် (၂၀ နှစ်)တို့ကို နေအိမ်များတွင် ဖမ်းဆီးရမိကြောင်း သိရသည်။

**ကားဘီးများ ခိုးယူခဲ့**

ဖမ်းဆီးရမိသူ ဖြိုးဝေလွင် (ခ) ဝဲလေးနှင့် သကြ်န်မောင်တို့ကို စစ်ဆေးခဲ့ရာ ၎င်းတို့သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် BGO 3P/----- ဟွန်ဒိုင်းပေါ်တာတူးယာဉ်နှင့် အသင့်ယူဆောင်လာသော ဘီးဖြုတ်ဂေါက်တံဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိယာဉ်များမှ ကားဘီးကိုးလုံး၊ ရန်ကင်းမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီးလေးလုံး၊ တောင်ဒဂုံမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီး ၁၂ လုံးနှင့် တာမွေမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီးငါးလုံးတို့ကို ခိုးယူခဲ့ကြောင်း။

**အရေးယူထား**

အလားတူ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီးသုံးလုံး၊ ရန်ကင်းမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီး ခြောက်လုံး၊ တောင်ဒဂုံမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီးငါးလုံး၊ တာမွေမြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီး ခုနစ်လုံး၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ယာဉ်များမှ ကားဘီးနှစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း၊ အဆိုပါ ခိုးယူခဲ့သော ကားဘီးများကို လှိုင်သာယာမြို့နယ် (၁)ရပ်ကွက် မဟော်သဓာလမ်းနေ ရဲထွန်း (ခ) ဘိုကာရီ(၃၅ နှစ်)က ရောင်းချပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရဲထွန်း(ခ)ဘိုကာရီကို ၎င်းနေအိမ်တွင် ဖမ်းဆီးရမိသဖြင့် ပြစ်မှု ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ရဲထွန်း၊ သကြ်န်မောင်၊ ဖြိုးဝေလွင်နှင့် သက်သေခံပစ္စည်းများ။

## ကော့သောင်း၊ တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ၁ နာရီခွဲက ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် မင်္ဂလာတံတားတွင် သောင်းစိုးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအဝင် ပြည်သူ့စစ်ဂိတ်ကိုရှောင်ကွင်းသည့်လမ်း၌ ထိုင်းနိုင်ငံသား Mr. Phurin Phonbun မောင်းနှင်ပြီး ထိုင်းနိုင်ငံသူ Mrs. Kuntima Chootan ၊ မြန်မာနိုင်ငံသား လော်ဆာနှင့် မမီညိုးတို့လိုက်ပါလာသည့် Mitsubish Triton အမျိုးအစားယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၅ ဂရမ်၊ ခြောက်လုံးပြူး သေနတ် တစ်လက်၊ ယင်းကျည် ခြောက်တောင့်၊ ဖုန်းရှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ထိုင်းနိုင်ငံသား Mr. Phurin Phonbun ၊ လော်ဆာ၊ မမီညိုး၊ ထိုင်းနိုင်ငံသူ Mrs. Kuntima Chootan တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

## ပန်းတောင်းမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် တပ်မတော်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ် ပျဉ်းကတိုး၊ ဘင်္ကနှင့် ဖက်ဝန်းခွဲသား စုစုပေါင်း ၃၇ ချောင်း၊ ၆ ဒသမ ၆၀၆၂ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ တပ်မတော် တပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သုံးဆယ်ကြိုးဝိုင်းအတွင်း လှည့်လည်စစ်ဆေးရာ တရားမဝင်သစ် ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားခွဲသား ၄ ဒသမ ၉၅၁၆ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လှုမော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၂-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၀ - ဥပဒေရေးရာအဖြာဖြာ "သတင်းစာများနှင့် ဥပဒေအမြင်"(ဦးဟန်ညွန့်(ဥပဒေ)၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၂)
- ၁၄း၂၀ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (ဘောဂဗေဒဘာသာရပ်)
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "ကြယ်ရောင်လမ်း"(၂) (အကယ်ဒမီမို့မို့မြင့်အောင်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
- ၁၈း၄၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အဆိုတော် G Fatt)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၈၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ပညာရေးစကားဝိုင်း" ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း(အပိုင်း-၁)
- - အနုပညာခန်းရိပ်သာ"စာရေးဆရာမောင်ဝံသအကြောင်း" (အပိုင်း-၂)
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၅)

## မင်းလှမြို့နယ်၌ ဆိုင်ကယ်တစ်စီးတိမ်းမှောက်ပြီး ကျောင်းသားတစ်ဦးသေဆုံး

**မင်းလှ ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အောင်ဆန်းမြိုင်ကျေးရွာအနီး မင်းလှ-မြို့ချောင်းသွား ကားလမ်းမကြီး မိုင်တိုင်အမှတ် (၄/၂) နှင့် (၄/၃) အကြားတွင် ယမန်နေ့ ညနေ ၅နာရီ ၄၅ မိနစ်က ဆိုင်ကယ်တစ်စီး တိမ်းမှောက်ပြီး ကျောင်းသားတစ်ဦး သေဆုံးကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

အခင်းဖြစ်ရပ်သို့ မင်းလှမြို့မရဲစခန်းမှ ရဲအုပ်အေးကိုနှင့် အဖွဲ့များက သွားရောက်စစ်ဆေးရာ မြို့ချောင်းမှ မင်းလှဘက်သို့ ရှိုင်းထက်လွင်(၁၆ နှစ်)၊ နဝမတန်းကျောင်းသား မောင်းနှင်ပြီး နောက်တွင် ထက်လင်းအောင်(၁၇ နှစ်)၊ ဒသမတန်းကျောင်းသား လိုက်ပါစီးနင်းလာသော ဆိုင်ကယ်သည် အောင်ဆန်းမြိုင်ကျေးရွာအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ကျောက်တိုင်ကို ဝင်တိုက်မိပြီး တိမ်းမှောက်သဖြင့် ထက်လင်းအောင်မှာ ဒဏ်ရာများရရှိပြီး နေရာ၌သေဆုံးသွားကာ ရှိုင်းထက်လွင်မှာ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ရှိုင်းထက်လွင်ကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# ဘင်္ဂလားဒေ့ရှ်လေယာဉ်ကို အပိုင်စီးရန်ကြိုးပမ်းသူမှာ သေနတ်အတု ကိုင်ဆောင်လာဟုဆို

**ဒါကာ ဖေဖော်ဝါရီ ၂၅**

ဘင်္ဂလားဒေ့ရှ် ကွန်မန်ဒိုများက ပစ်သတ်လိုက်သည့် လေယာဉ်အပိုင်စီးလာနိုင်ဖွယ်ရှိသူဟု ယူဆရသူတစ်ဦးသည် သေနတ်အတု ကိုင်ဆိုင်လာခဲ့ခြင်းဖြစ်ပြီး အဆိုပါပုဂ္ဂိုလ်သည် စေ့စပ်ညှိနှိုင်းသူများနှင့် စကားပြောစဉ်ကလည်း ၎င်းမှာ ဇနီးဖြစ်သူနှင့် အဆင်မပြေဖြစ်နေသည့်အတွက် ဒူဘိုင်းသို့ ဦးတည်ပျံသန်းနေသည့် လေယာဉ်ကို အပိုင်သိမ်းလိုကြောင်း ပြောကြားခဲ့သည်။

လေယာဉ်အမှုထမ်းတစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပြီးနောက် စစ်တကောင်းလေဆိပ်တွင် အရေးပေါ်ဆင်းသက်ရန် တောင်းဆိုခဲ့သူအသက် ၂၅ နှစ်အရွယ် လက်နက်အတု ကိုင်ဆောင်လာသူသည် ပစ်ခတ်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ် ကွန်မန်ဒိုများက ၎င်းကို ပစ်ခတ်ဖမ်းဆီးခဲ့ပြီးနောက် လေယာဉ်ပေါ်ပါလာသူခရီးသည် ၁၃၄ ဦးနှင့် လေယာဉ်အမှုထမ်း ၁၄ ဦးတို့မှာ ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်ခဲ့သည်။ ၎င်းကို ပစ်ခတ်ဖမ်းဆီးချိန်မှာ ၁၀ မိနစ်ခန့်သာ ကြာမြင့်ခဲ့သည်။

လေယာဉ်အပိုင်စီးရန်ကြိုးပမ်းသူမှာ စိတ်ပိုင်းဆိုင်ရာအရ ပုံမှန်မဟုတ်သူတစ်ဦးဖြစ်ကြောင်း လေဆိပ်မန်နေဂျာ ဆာဝါအီးဂျေမန်းက ပြောသည်။ လေယာဉ်အပိုင်စီးရန်ကြိုးပမ်းရသည့်အကြောင်းပြချက်မှာ ၎င်းမှာ ဇနီးဖြစ်သူနှင့် အဆင်မပြေ၍ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ရှိတ်ခ်ဟာဆီနာနှင့် တွေ့ဆုံလိုသောကြောင့် ထိုသို့ပြုမူခဲ့ခြင်းဖြစ်ကြောင်း ဆာဝါက အေအက်ဖ်ပီသို့ပြောသည်။

BG 147 လေယာဉ်မှာ စစ်တကောင်းကိုဖြတ်ကာ ဒါကာမှဒူဘိုင်းသို့ သွားနေသည့် လေယာဉ်ဖြစ်သည်။ ခရီးသည်တစ်ဦးက ၎င်းမှာ သေနတ်ဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့သည်ဟု ပြောသော်ငြားလည်း ပြည်သူ့လေကြောင်း ၎င်းကိုင်ဆောင်လာသောသေနတ်မှာ အစစ်မဟုတ်ကြောင်း အာဏာပိုင်ဌာနမှ တာဝန်ရှိသူ မာရှယ်နာရင်းဟတ်ဆန်ကမူ ပြောဆိုခဲ့သည်။

**အေအက်ဖ်ပီ**



အရေးပေါ်ဆင်းသက်ရပ်နားခဲ့သည့် လေယာဉ်အနီးတွင် လုံခြုံရေးတာဝန်ရှိသူများ စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။

# ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေး အာရပ်နှင့် ဥရောပခေါင်းဆောင်များ ဆွေးနွေး

**ကိုင်ရို ဖေဖော်ဝါရီ ၂၅**

အာရပ်နှင့် ဥရောပ ခေါင်းဆောင်များသည် ပထမဦးဆုံးအကြိမ်အဖြစ် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အာရပ်အဖွဲ့ချုပ်နှင့် ဥရောပသမဂ္ဂအဖွဲ့တို့ကြားနှစ်ရက်ကြာကျင်းပသည့်အစည်းအဝေးကို အီဂျစ်နိုင်ငံရှိ အပန်းဖြေမြို့ဖြစ်သည့် ရှမ်အယ်ရှိတ်ခ်တွင် ပြုလုပ်ခဲ့သည်။ ဆော်ဒီအာရေဗျဘုရင်ဆယ်လ်မန်၊ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်တို့သည်လည်း တွေ့ဆုံဆွေးနွေးသည့်လူများထဲတွင် ပါဝင်ကြသည်။

အီဂျစ်သမ္မတ အဗ္ဗဒူဖက်တယ်အယ်စီစီက အမှာစကားပြောကြားရာတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ပြဿနာတစ်ခုအဖြစ် မမြင်ကြရန် တောင်းဆိုခဲ့သည်။

ပြဿနာတစ်ခုအဖြစ်မြင်မည့်အစား အာရပ်ဒေသအတွက် အလုပ်သမားထုကဏ္ဍတွင် အခွင့်အရေးတစ်ခုလိုမြင်ကြရန်၊ အလုပ်သမားများလိုအပ်နေသည့် ဥရောပနိုင်ငံများနှင့်အတူ ပူးပေါင်းဆွေးနွေးသွားရန် ပြောကြားခဲ့သည်။

မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပကို ဦးတည်သွားသည့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းတို့မှ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူအရေအတွက်မှာ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် များစွာကျဆင်းခဲ့သည်။

သို့သော် ကုလသမဂ္ဂ၏ အဆိုအရ ယခုနှစ်အတွင်းတွင် ဥရောပသို့ရောက်ရှိလာသည့်ဒုက္ခသည်အရေအတွက်မှာ ၉၀၀၀ ခန့်ရှိကြောင်း သိရသည်။ အကြမ်းဖက်တန်ပြန်တိုက်စစ်ဆင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်လည်း ဆွေးနွေးသွားကြမည် ဖြစ်သည်။

**အင်န်အိတ်ခ်ျကေ**

# ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေ ဘရီးဇစ်မဲပေးပွဲကို မတ်လ ၁၂ ရက်သို့ ရွှေ့ပြောင်း

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ဘရီးဇစ်စာချုပ်အတွက် လွှတ်တော် အမတ်များ မဲပေးပွဲကို မတ်လ ၁၂ ရက် သို့ ထပ်မံ ရွှေ့ပြောင်းလိုက်ကြောင်း တနင်္ဂနွေနေ့တွင် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အတည်ပြုပြောကြားခဲ့သည်။ တနင်္ဂနွေနေ့က ဥရောပသမဂ္ဂနိုင်ငံများနှင့် အာရပ်သမဂ္ဂတို့ ပြုလုပ်သည့် ထိပ်သီးအစည်းအဝေးပွဲသို့ သွားရောက်စဉ် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ယခုသီတင်းပတ်အတွင်း ဘရီးဇစ်စာချုပ်ကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းမရှိကြောင်း ဒေသတွင်း မီဒီယာများက ပြောသည်။

ထရီဆာမေက ၎င်း၏ အဖွဲ့သည် ဘရပ်ဆဲလ်မြို့သို့ အင်္ဂါနေ့တွင် သွားရောက်မည်ဖြစ်ပြီး ယခုသီတင်းပတ်အတွင်း လွှတ်တော်တွင်မဲပေးဆုံးဖြတ်ပွဲကို ပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ သို့သော် မတ်လ ၁၂ ရက်နေ့တွင်မူ မဲပေးပွဲကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အီးယူမှ အပြီးသတ်နုတ်ထွက်ရေး ကြန့်ကြာနေမှုများကို ဗြိတိန်လွှတ်တော်တွင် တွန်းအားပေးရန် အတိုက်အခံများက ကြံစည်လျက်ရှိရာ အဆိုပါအစီအစဉ်များကို ဖယ်ရှားရန်ရည်ရွယ်ပြီး ထရီဆာမေက မဲပေးပွဲရက်ကို ရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တနင်္ဂနွေနေ့နှောင်းပိုင်းတွင် ထရီဆာမေသည် ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်နှင့်တွေ့ဆုံရန်လည်းကောင်း၊ တနင်္လာနေ့တွင် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်တို့နှင့်တွေ့ဆုံရန် လည်းကောင်းမျှော်လင့်ထားသည်ဟု ဂါဒီယန်းတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ။

## အမေရိကန်နှင့် မြောက်ကိုရီးယား တွေ့ဆုံပွဲတွင် ဗီယက်နမ်၏ အတွေ့အကြုံက အကူအညီကောင်း ဖြစ်လာနိုင်ဟုဆို

**ဟန္နွိုင်း ဖေဖော်ဝါရီ ၂၅**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့၏တွေ့ဆုံပွဲကို ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့တွင် ပြုလုပ်သွားမည်ဟု သတ်မှတ်ခဲ့ရာ ဗီယက်နမ်၏ အောင်မြင်သည့် သမိုင်းကြောင်းက အသုံးဝင်လာနိုင်ကြောင်း ဗီယက်နမ်သံအမတ်ဟောင်းတစ်ဦးကပြောသည်။

ငုယင်တန်ချင်သည် ဝါရှင်တန်၌ ဗီယက်နမ်သံအမတ်ကြီးအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လုပ်ဆောင်ခဲ့ပြီး အင်န်အိတ်ခ်ျကေနှင့် အင်တာဗျူးတွင် ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် ကို အစည်းအဝေးကျင်းပရာနေရာအဖြစ် ရွေးချယ်ခံရခြင်းမှာ ဗီယက်နမ်နိုင်ငံသည် ငြိမ်းချမ်းရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သော သံတမန်ဆက်ဆံရေး ရှိသောကြောင့်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်မှုရှိသည့် နေရာတစ်ခု ဖြစ်သည့်အတွက်လည်း ရွေးချယ်ခြင်းခံရကြောင်း ၎င်းက ဆက်ပြောသည်။

စစ်အေးကာလအတွင်း မြောက်ဗီယက်နမ်ကွန်မြူနစ်များသည် အမေရိကန်က ကျောထောက်နောက်ခံပြုထားသော တောင်ဗီယက်နမ်နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အဆိုပါစစ်ပွဲသည် ၁၉၇၅ ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

ဗီယက်နမ်သည် အမေရိကန်နှင့် ၁၉၉၅ ခုနှစ်တွင် သံတမန်ရေးနှင့် စီးပွားရေးအရ အဆက်အသွယ်ရှိခဲ့သည်။ အခုအချိန်တွင် အမေရိကန်သည် ဗီယက်နမ်ကုန်ပစ္စည်းများ အဓိကတင်သွင်းသူ ဖြစ်လာကြောင်း ၎င်းက ဆက်ပြောခဲ့သည်။

ကိုရီးယားကျွန်းဆွယ် အရေးဆွေးနွေးအဖြေထုတ်နိုင်ပြီး ဒေသတွင်း လုံခြုံရေးနှင့်ငြိမ်းချမ်းရေး ရရှိရန်လည်း မျှော်လင့်ထားကြောင်း နျူကလီးယားပြဿနာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင်လည်း ရလဒ်ကောင်းများရရှိနိုင်ရန်မျှော်လင့်ထားကြောင်း ငုယင်တန်ချင်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**



ကင်ဂျုံအန်နှင့်ရုပ်ချင်းတူသူ ဟောင်ဝေ့အိတ်စ်။

# ကင်ဂျုံအန်းနှင့်ရုပ်ချင်းတူသူကို အစည်းအဝေးမစတင်မီ ဗီယက်နမ်နိုင်ငံအတွင်းမှ နှင်ထုတ်

**ဟန္နွိုင်း ဖေဖော်ဝါရီ ၂၅**

ယခုသီတင်းပတ်နှောင်းပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၌ တွေ့ဆုံမည်ဖြစ်ပြီး ယင်းမတိုင်မီရောက်ရှိနေသော ကင်ဂျုံအန်းနှင့် ရုပ်ချင်းဆင်တူသူကို တနင်္လာနေ့က ဟိုတယ်အတွင်းမှ ခေါ်ထုတ်ကာ ဗီယက်နမ်နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သည်။

ကင်ဂျုံအန်းနှင့်ရုပ်ချင်းဆင်တူသူ ဟောင်ဝေ့အိတ်စ်သည် ထရမ့်နှင့်ရုပ်ချင်းဆင်သူ ရက်ဆဲလ်ဝှိုက်နှင့်အတူ လွန်ခဲ့သောသီတင်းပတ်ကဗီယက်နမ်သို့ရောက်ရှိခဲ့ပြီး ဟန္နွိုင်းကဇာတ်ရုံရှိ လေ့ကားထစ်များတွင် ဆွေးနွေးပွဲအတု ပြုလုပ်ခဲ့သည်။ သမ္မတထရမ့်နှင့် ကင်ဂျုံအန်းတို့သည် ဖေဖော်ဝါရီ ၂၇ နှင့် ၂၈ ရက်တို့တွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည် ဖြစ်သည်။

ပြီးခဲ့သည့်သောကြာနေ့က ကင်ဂျုံအန်းနှင့် ရုပ်ချင်းဆင်တူသူကို ဟန္နွိုင်းရဲများက စစ်ဆေးမေးမြန်းခဲ့ပြီး ဟောင်ကောင်ရှိ ၎င်းနေထိုင်ရာအရပ်သို့ ပြန်လည်ပို့ဆောင်ခံရမည်ဟု သတိပေးခဲ့သည်။ ဗီယက်နမ် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက ဟောင်ဝေ့အိတ်စ်၏ ပတ်စ်ပို့မှာ ခိုင်မာမှုမရှိကြောင်း မစ္စတာဟောင်ဝေ့ထံအကြောင်းကြားခဲ့ပြီး နောက်ထပ်မည်သည့် ဖြေရှင်းချက်မျှ ထပ်မရတော့ကြောင်း ၎င်းက ပြောသည်။

"အမှန်တကယ်အကြောင်းအရာကတော့ ကျွန်တော်ဟာ ကင်ဂျုံအန်းနဲ့ ရုပ်ချင်းတူစွာ မွေးဖွားခဲ့ပြီး အဲဒါကသာ တကယ့်ရာဇဝတ်မှု" ဟု ၎င်းက ပြောကြားခဲ့သည်။ ၎င်းကို လေဆိပ်သို့ပြန်လည်ပို့ဆောင်ရာတွင် ယူနီဖောင်းဝတ်မထားသည့် လူသုံးဦးက လိုက်ပို့ဆောင်ပေးခဲ့သည်။

ရက်ဆဲလ်ဝှိုက်မှာမူ ဗီယက်နမ်တွင် ဆက်လက်နေထိုင်ခွင့်ရမည်ဖြစ်သည်။ သို့သော် ထရမ့်ကဲ့သို့ ဝတ်ဆင်ကာ လူထုရှေ့သို့ ထွက်မလာရန် တောင်းဆိုထားသည်။

**အေအက်ဖ်ပီ**

# တစ်နိုင်ငံတည်း အထီးကျန်မဟုတ်ဘူးဆိုတာ အာရှခရီးစဉ်နဲ့ သက်သေပြလိုက်တဲ့ဆော်ဒီ

ချိုးစန္ဒီနွေး

ပြီးခဲ့တဲ့နှစ် အကုန်ပိုင်းလောက်ကစပြီး ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်တစ်ယောက် အတော်လေးသိက္ခာကျစရာအခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြားထဲမှာ ဆော်ဒီအိမ်ရှေ့မင်းသားကို နွေးထွေးစွာ ကြိုဆိုမယ့်သူမရှိလောက်ဘူးလို့လည်း ထင်ချင်စရာပါပဲ။ ဒါပေမယ့် ဘယ်သူမှ ထင်မထားခဲ့တာကတော့ ဆော်ဒီအိမ်ရှေ့မင်းသားရဲ့ အာရှခရီးစဉ်မှာ အားလုံးက နွေးနွေးထွေးထွေး ကြိုဆိုခဲ့ကြမယ်ဆိုတာပါပဲ။

**ရွှေသေနတ်လက်ဆောင်ပေး**

ပါကစ္စတန်ကိုရောက်တဲ့အခါမှာလည်း ဂုဏ်ပြုအဖွဲ့ကနေ အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး လက်ဆောင်အဖြစ် ပေးတဲ့ရွှေသေနတ် တစ်လက်ကိုလည်း လက်ခံရရှိခဲ့ပါတယ်။ ဒီလိုပါပဲ၊ အိန္ဒိယကိုရောက်တဲ့အခါမှာလည်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက သူ့ကိုပွေ့ဖက်ကာ နွေးနွေးထွေးထွေး ကြိုဆိုခဲ့ပြန်ပါတယ်။

တရုတ်ပြည်ကို ရောက်ပြန်တဲ့အခါမှာလည်း ကမ္ဘာပေါ်မှာအာဏာအရှိဆုံး ခေါင်းဆောင်တွေထဲက တစ်ဦးဖြစ်တဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့အတူတွဲပြီး သူ့ကိုတွေ့ရပြန်ပါတယ်။ အာရှခရီးစဉ်မှာ ဆော်ဒီအိမ်ရှေ့မင်းသားကို ဒီလိုမျိုးကြိုဆိုခံရလိမ့်မယ်လို့ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေ ထင်မထားခဲ့တာ အမှန်ပါပဲ။

**ဂုဏ်သိက္ခာထိခိုက်ခံရ**

လွန်ခဲ့တဲ့နှစ် တူရကီနိုင်ငံ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်းမှာ ဝါရှင်တန်ပို့စ်က ဂျာနယ်လစ်တစ်ဦးဖြစ်သူဂျမားလ် ခါရှော့ဂီ အသတ်ခံရမှုမှာ ဆော်ဒီအိမ်ရှေ့မင်းသား ပါဝင်တယ်ဆိုပြီး သူ့ရဲ့ဂုဏ်သိက္ခာအတော်ကလေးဆိုးရွားခဲ့ပါတယ်။ ဘင်ဆယ်မန်ကတော့ သူ့အပေါ်စွပ်စွဲထားမှုအားလုံးကို ငြင်းဆိုထားပါတယ်။ ဘယ်လိုပဲ ငြင်းဆိုငြင်းဆို အနောက်အုပ်စုကြားမှာ သူ့ရဲ့ ဂုဏ်သိက္ခာထိခိုက်ခဲ့ရပါတယ်။ အဲဒီအချိန်မှာတော့ ငယ်ရွယ်တဲ့ အိမ်ရှေ့မင်းသားဟာ နောက်ထပ်မိတ်ဆွေတွေ အရေးပေါ် လိုအပ်လာပြီပဲဖြစ်ပါတယ်။

**အရှေ့ဘက်ကိုခရီးနှင်**

ဒီလိုနဲ့သူဟာ အရှေ့ဘက်ကိုခရီးနှင်ခဲ့ပါတော့တယ်။ တရုတ်နိုင်ငံဟာ ဆော်ဒီအာရေဗျနိုင်ငံနဲ့ အရင်ကတည်းက ကုန်သွယ်ရေးမိတ်ဖက် ပါတနာတွေပါ။ အာရှတစ်လွှားမှာ နိုင်ငံရေးအရကော၊ ဘာသာရေး၊ အတွေးအမြင်တွေပါ ခြားနားသော်လည်း စီးပွားရေးလုပ်ဖို့တော့ အဟန့်အတားတွေ မရှိခဲ့ပါဘူး။ ဘယ်ခေါင်းဆောင်ကမှ ခါရှော့ဂီအသတ်ခံရမှုကို ရည်ညွှန်းပြီးပြောဆိုတာမျိုး မရှိခဲ့ပါဘူး။

ဒါကြောင့် တရုတ်ပြည်နဲ့ စီးပွားရေးလုပ်ဖို့ ဆော်ဒီဘက်က အဆင်ပြေပြေပဲ ချဉ်းကပ်နိုင်မှာပဲ ဖြစ်ပါတယ်။ ပေကျင်းကိုရောက်တဲ့ အခါမှာလည်း ဆော်ဒီအိမ်ရှေ့မင်းသားဟာ တရုတ်ပြည် အနောက်မြောက်ပိုင်းပြည်နယ်ဖြစ်တဲ့ ရှင်းကျန့်ပြည်နယ်မှာမူဆလင်တွေ ဖိနှိပ်ခံရတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်ပြီးတော့ အိမ်ရှေ့မင်းသားအနေနဲ့ တရုတ်နိုင်ငံကို ပြောဆိုတာမျိုး မရှိခဲ့ပါဘူး။

အိန္ဒိယမှာဆိုရင်လည်း ဒေါ်လာ ဘီလီယံ ၁၀၀ တန်ဖိုးရှိ အလားအလာကောင်းတဲ့ စာချုပ်တွေ ကို စိတ်ဝင်စားကြောင်း ပြသခဲ့ပါတယ်။ ဘင်ဆယ်မန်ဟာ သူ့ရဲ့ သုံးနိုင်ငံခရီးစဉ်အတွင်း ဘီလီယံနဲ့ချီပြီးတန်တဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်တွေကို ချုပ်ဆိုခဲ့ပါတယ်။




ပါကစ္စတန်သို့ ဆော်ဒီအိမ်ရှေ့မင်းသား ရောက်မလာမီ ကြိုဆိုထားသည့် မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

**သေချာတွက်ထားတဲ့ခရီးစဉ်**

ဘင်ဆယ်မန်ရဲ့အဖေ လက်ရှိ ဆော်ဒီဘုရင်ဟာလည်း လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က အာရှကို သွားရောက်ခဲ့ဖူးပါတယ်။ ဘင်ဆယ်မန်ရဲ့ ခရီးစဉ်မှာတော့ စီးပွားရေးအားကောင်းတဲ့ နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ စင်ကာပူတို့ကို သွားရောက်ခဲ့ခြင်းမရှိပါဘူး။ အဘူဒါဘီမှာရှိတဲ့ ဇေးတက္ကသိုလ်က တရုတ်နဲ့အရှေ့အလယ်ပိုင်းဆက်ဆံရေးမှ ပါမောက္ခဖြစ်သူ ဂျွန်နသန်ဖော်တန်ကတော့ အိမ်ရှေ့မင်းသားဟာ ဒီခရီးစဉ်ကို သေချာလေး တွက်ချက်ပြီးမှ သွားခဲ့တာဖြစ်တယ်လို့ ပြောပါတယ်။

ပါကစ္စတန်ဆိုတာကလည်း ဟိုးအရင် သမိုင်းကြောင်းအစဉ်အလာအရ ဆော်ဒီအာရေဗျအတွက် အရေးပါတဲ့ နိုင်ငံတစ်ခုပါ။ အထူးသဖြင့် အခုလက်ရှိမှာ ပါကစ္စတန်မှာ အင်မရန်ခန်းအာဏာရလာတဲ့အချိန်မှာ ပိုပြီးအရေးပါလာတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ လွန်ခဲ့တဲ့နှစ် မစ္စတာခါရှော့ဂီ အသတ်ခံရပြီးတဲ့နောက်မှာ ရင်းနှီးမြှုပ်နှံမှုညီလာခံမှာတော့ အနောက်နိုင်ငံတွေက စီးပွားရေးခေါင်းဆောင်တွေဟာ ဆော်ဒီကိုဝိုင်းပယ်ထားကြပါတယ်။

**ရင်းနှီးမှုခိုင်မာအောင်လုပ်ဆောင်**

အင်မရန်ခန်းဟာ ညီလာခံကိုတက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်အနည်းစုထဲက တစ်ယောက်ဖြစ်ပြီး သူဟာ ဘင်ဆယ်မန်နဲ့အတူ လိုလိုလားလားပဲ ခတ်ပုံတွဲပြီး ရိုက်ခဲ့ပါတယ်။ အဲဒီနောက် သိပ်ပြီးမကြာခင်မှာပဲ ဆော်ဒီဟာပါကစ္စတန်မှာဖြစ်နေတဲ့ စီးပွားရေးအကျပ်အတည်းကို ဖြေလျှော့နိုင်ဖို့ရာ ဒေါ်လာ ၆ ဘီလီယံခန့် အကူအညီပေးလိုက်ပါတယ်။ ဒီလိုနဲ့ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ခဲ့ပါတယ်။

**ခင်မင်မှုနက်ရှိုင်း**

တရုတ်နဲ့ အိန္ဒိယတို့ကတော့ ဆော်ဒီအတွက် ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ ထောက်ပံ့ပေးသူတွေဖြစ်ပြီး အဲဒီအတွက်ကြောင့်လည်း အနောက်အုပ်စုနဲ့ ပိုပြီးအေးစက်လာပါတယ်။ အိန္ဒိယနဲ့ ဆော်ဒီတို့ရဲ့ခင်မင်ရင်းနှီးမှုဟာ နက်ရှိုင်းလှပါတယ်။ အိန္ဒိယဟာ ဆော်ဒီအတွက် နှစ်ပေါင်း ၇၀ ကျော်ကြာအောင် ရင်းနှီးခဲ့ကြပါတယ်။ အိန္ဒိယလူမျိုးသုံးသန်းခန့်ဟာ ဆော်ဒီအာရေဗျမှာ နေထိုင်နေကြပါတယ်။

ဒါဟာအရေးပါတဲ့ လုပ်သားအရင်းအမြစ်ပဲလို့ အိမ်ရှေ့မင်းသားက လွန်ခဲ့တဲ့သီတင်းပတ်က ဒေလီမြို့မှာ ရောက်ရှိစဉ်အတွင်းပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ ဆော်ဒီအတွက် အကြီးဆုံးစီးပွားရေး မိတ်ဖက်ပါတနာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ကပဲရေနံနဲ့ ဆက်စပ်ပြီး ဒေါ်လာ ၄၆ ဘီလီယံခန့် ဆော်ဒီနိုင်ငံကနေ တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။

**ရေနံအပေါ် အမှီအခိုကင်းစေလို**

ဘင်ဆယ်မန်ဟာ ၂၀၁၆ ခုနှစ်ကစပြီး သူ့နိုင်ငံရဲ့စီးပွားရေးကို ရေနံအပေါ်မှာ မှီခိုနေရတာကနေ တဖြည်းဖြည်းကင်းလွတ်စေချင်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ရေနံအပေါ် အမှီအခိုကင်းတဲ့ စီးပွားရေးလုပ်ဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒါပေမယ့်လည်း အခုအချိန်အထိ ရေနံဟာ တိုင်းပြည်စီးပွားရေးရဲ့အဓိကကျောရိုးမကြီးအဖြစ် ရှိနေတုန်းပါပဲ။

ဆော်ဒီရဲ့အဓိကအသက်သွေးကြောဟာစွမ်းအင်ကဏ္ဍမှာပဲရှိနေသေးတယ်လို့ ဒူဟမ်အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်က အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးပါမောက္ခတစ်ဦးဖြစ်သူ အနော့ရှ်က ပြောပါတယ်။ ပါကစ္စတန်မှာ ဘင်ဆယ်မန် လက်မှတ်ရေးထိုးခဲ့တဲ့ ဒေါ်လာ ၂၀ ဘီလီယံတန် သဘောတူစာချုပ်မှာတော့ အနောက်တောင်ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်တဲ့ ဂါဝါဒါမြို့မှာ ဒေါ်လာ ၁၀ ဘီလီယံတန် ရေနံသန့်စင်စက်ရုံ ဆောက်လုပ်ဖို့ သဘောတူညီချက်လည်း ပါဝင်ပါတယ်။ အဲဒီဆိပ်ကမ်းမြို့လေးဟာ တရုတ်ပါကစ္စတန် စီးပွားရေးစင်္ကြံအတွက် အဓိကနေရာလည်း ဖြစ်ပါတယ်။

**သက်သေပြနိုင်ခဲ့**

အိန္ဒိယမှာဆိုရင်လည်း လာမယ့်နှစ်နှစ်အတွင်းမှာ ဒေါ်လာ ၁၀၀ ဘီလီယံခန့်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားနိုင်မယ့်အလားအလာကောင်းတွေရှိနေတယ်လို့ ဘင်ဆယ်မန်က ပြောခဲ့ပါတယ်။ ခရီးစဉ်အတွင်းမှာတော့ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ အိမ်ရာနဲ့ အသံလွှင့်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံသွားဖို့ သဘောတူလက်မှတ် ရေးထိုးခဲ့ပါတယ်။

တရုတ်နိုင်ငံကတော့ ပါကစ္စတန်နဲ့ အိန္ဒိယတို့က သူ့ကို ကြိုဆိုသလိုမျိုး ကြိုဆိုခြင်းတော့ မခံရပါဘူး။ ဒါပေမယ့် ဘင်ဆယ်မန်အတွက် တရုတ်ပြည်ဟာ သူရှာနေတဲ့ ရင်းနှီးမြှုပ်နှံဖို့နေရာကောင်းတစ်ခုဖြစ်ပါတယ်။

တရုတ်သမ္မတနဲ့ တွေ့ဆုံပြီးတဲ့အခါမှာတော့ ဘင်ဆယ်မန်ဟာ သဘော်နဲ့ ကုန်စည်ပို့ဆောင်တဲ့လုပ်ငန်း၊ စွမ်းအင်ကဏ္ဍတို့နဲ့ စပ်လျဉ်းပြီး သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ပါတယ်။ ဒါပေမယ့် ဘင်ဆယ်မန်ရဲ့ဖခင်လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က တရုတ်ပြည်သွားခဲ့တဲ့အခါမှာတော့ ဒေါ်လာ ၆၅ ဘီလီယံတန်ဖိုးရှိတဲ့ ကုန်သွယ်ရေးသဘောတူညီမှုတွေ လုပ်ဆောင်နိုင်ခဲ့တာဖြစ်လို့ ဘင်ဆယ်မန်ကတော့ သူ့အဖေလောက် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

ဒါပေမယ့် သူ့ရဲ့အာရှခရီးစဉ်ကတော့ အနောက်အုပ်စုကို ဆော်ဒီဟာ တစ်နိုင်ငံတည်းဖြစ်နေမှာ မဟုတ်ဘူးဆိုတာကို ကောင်းကောင်းပြသနိုင်ခဲ့ပါတယ်။ ။

**ကိုးကား -စီအင်န်အင်န်**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်တင်ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကို ရွှေ့ဆိုင်းဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် နှစ်ဖက်စလုံးက အခြေအနေတိုးတက်မှုရရှိကြောင်း ဖော်ပြခဲ့ပြီးနောက်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံမှ တင်ပို့ကုန်များကို အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်ကို အချိန်ရွှေ့ဆိုင်းသွားရန် အလေးပေးလျက်ရှိသည်။

လာမည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း သတင်းကြီးကြီးမားမားရှိလာနိုင်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ မူလက ထရမ့်သည် အမေရိကန်ဒေါ်လာ ၂၀၀ဘီလီယံကျော်ဖိုးခန့်ရှိသည့် တရုတ်တင်ပို့ကုန်များအပေါ် အခွန်ကောက်ခံမှုကို လာမည့် မတ်လ ၁ ရက်နေ့တွင် တိုးမြှင့်သွားရန် စီစဉ်ထားခဲ့သည်။

**အေအက်ဖ်ပီ**

## ဗင်နီဇွဲလားနိုင်ငံကို ပိတ်ဆို့မှုများထပ်မံလုပ်ဆောင်သွားရန်ရှိကြောင်း မိုက်ပွန်ပီအို ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်သည် ဗင်နီဇွဲလားနိုင်ငံအပေါ် ပိတ်ဆို့မှုများထပ်မံလုပ်ဆောင်သွားရန်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက တနင်္ဂနွေနေ့တွင် အင်တာဗျူးတစ်ခု၌ ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အမေရိကန်သည် ဗင်နီဇွဲလားနိုင်ငံသို့လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းကူညီထောက်ပံ့မှုကို အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက တောင်းခံခဲ့ခြင်းဖြစ်ကြောင်း မိုက်ပွန်ပီအိုက ထုတ်ဖော်ပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲဒုက္ခကျရောက်နေခြင်းကို လက်မခံသည့် ဗင်နီဇွဲလားအစိုးရသည် နယ်စပ်မှ အကူအညီအထောက်အပံ့များနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့သည့်အပြင် ယင်းသို့အကူအညီများပေးပို့မှုကို အမေရိကန်က လုပ်ဇာတ်ခင်းနေသည့် ကျူးကျော်မှုတစ်ရပ်အဖြစ် အမည်တပ်ခဲ့သည်။

**ဆင်ဟွာ**

# ပဲခူး၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်းဖွင့်ပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၅

**ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်းတွင် စက်မှုဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ကျေးလက်ဒေသ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်းဖွင့်ပွဲ အခမ်းအနား ယနေ့နံနက်က ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်ပတ်သက်၍ နေအိမ်၊ အဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းနိုင်မည့် မျိုးဆက်သစ်လျှပ်စစ်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၂၂ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ သင်တန်းသား ၆၀ တက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းတွင် အတွေ့အကြုံရှိပြီးသော လျှပ်စစ်ကျွမ်းကျင်သူများက အထောက်အကူပြုပစ္စည်းများသုံးပြီး စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သင်တန်းအထောက်အကူပြု ပစ္စည်းများ ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ တိုင်းဒေသကြီးအားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် ပြိုင်ပွဲကြီးကြပ်တာဝန်ယူကြမည့် ကျင်းပရေးကော်မတီဝင်များ၊ အားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ ဘော်လီဘောအားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားအတွက် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းတို့မှ အားကစားသမား များအား လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား ၂၂ သင်းနှင့် အမျိုးသမီး ၄သင်း ပါဝင်ကြပြီး ပြိုင်ပွဲကို ယမန်နေ့မှ မတ်၂ ရက်အထိ ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု စာပေပြိုင်ပွဲ ဆုချီးမြှင့်

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပြုလုပ်သော စာဖတ်ရှိန်မြှင့်တင်ရေး စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု စာပေပြိုင်ပွဲတွင် စာပေဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပုသိမ်မြို့ ရာဇ္ဇဝါခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

စာပေဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးစိုးမြင့်က ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း စာပေနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်က ဆုရရှိသောစာမူများအပေါ် သုံးသပ်တင်ပြသည်။

စည်ပင်သာယာရေးဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ၊ ပညာရှင်အဆင့် ကဗျာ၊ ဆောင်းပါး၊ အလွတ်တန်းဝတ္ထုတိုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော သတင်းဆောင်းပါးပညာရှင်တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

စာဖတ်ရှိန်မြှင့်တင်ရေး စာကြည့်တိုက်များ ပိုမိုပေါ်ထွက်လာရေးနှင့် စာပေအသိပညာ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန် လူငယ်များ စာပေဗဟုသုတများ တိုးပွားကာ စာပေများ ပိုမိုဖတ်ရှုလာစေရန် ရည်ရွယ်ပြီး အဆိုပါ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုပြိုင်ပွဲများကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ဆောင်းပါးပြိုင်ပွဲများတွင် အလင်းစကား ကြားသိဖို့ ပြတင်းတံခါးဖွင့်ကြစို့၊ နှစ်ဆယ့်တစ်ရာစု မျိုးဆက်သစ်ပန်းကလေးများသို့၊ စာပေမြင့်မှ လူမျိုးတင့်မည် စသည့်ခေါင်းစဉ်များဖြင့် ဆုများရရှိခဲ့ကြောင်း သိရသည်။

**မင်းထွန်းဇော်**

# စစ်ကိုင်းမြို့၌ ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဂျပန်နိုင်ငံ MANJUSHAKA နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေး အကအဖွဲ့တို့ ပူးပေါင်းတင်ဆက်သော ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲကို ယမန်နေ့က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအတွက် မြန်မာနိုင်ငံမှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ အခါအားလျော်စွာ ဂျပန်နိုင်ငံသို့ သွားရောက်ဖျော်ဖြေတင်ဆက်ပြီး မြန်မာ့ယဉ်ကျေးမှုအကြောင်း သိကောင်းစရာများကို ဖြန့်ဝေပေးခဲ့ပြီး ဂျပန်အနေဖြင့်လည်း အခွင့်အခါသင့်တိုင်း မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေတင်ဆက်မှုများရှိခဲ့ကြောင်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်ကို လက်ခံလာရောက် ဖျော်ဖြေပေးသော MANJUSHAKA နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေး အကအဖွဲ့အား အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မဥ္ဇူသကနတ်ပန်းအဖွဲ့၏ တည်ထောင်သူ ဒါရိုက်တာ၊ ဒီဇိုင်နာ၊ ထုတ်လုပ်သူ၊ အကြံပေး MANJUSHAKA ၏ အကြောင်းကို မိတ်ဆက်ပေးပြီး ဂျပန်ရိုးရာအက ၁၁ မျိုးဖြင့် ကပြဖျော်ဖြေ ညွှတ်ခံခဲ့ရာ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းသားကျောင်းသူများက ပြည်ထောင်စုအင်အား သီချင်းဖြင့် သီဆိုကာ ပြန်လည်ကပြဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှနှင့် ခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က ဂုဏ်ပြုပြန်းစည်းများ ပေးအပ်ရာ မဥ္ဇူသကနတ်ပန်းအဖွဲ့၏ တာဝန်ရှိသူများက လက်ခံယူပြီး အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲကို မြန်မာနိုင်ငံအတွင်းရှိ DELCO နှင့် Abank စသည့်ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး အလားတူ ဖေဖော်ဝါရီ ၂၅ရက် ညပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌လည်း ဖျော်ဖြေတင်ဆက် ကပြပေးသွားကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**




စစ်ကိုင်းမြို့တော်ခန်းမ၌ ဂျပန်နိုင်ငံ နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့ကို တွေ့ရစဉ်။

# ကလေးမြို့တွင် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် အကူအညီဖြင့် ကျေးလက်လမ်းတံတားများတည်ဆောက်

**ကလေး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ၂၀၁၅ခုနှစ်က ရေကြီးမှုကြောင့် နေရာအများအပြား၌ လမ်းတံတားနှင့် လူနေအိမ်အမြောက်အမြား ပျက်စီးခဲ့သည့်အတွက် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KTW) အကူအညီဖြင့် ကျေးလက်ဒေသလမ်းတံတားများ ပြန်လည်ထူထောင်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်တွင် ဂျာမနီအစိုးရက ယူရိုငွေ ၁၀ သန်း ထောက်ပံ့ပေးရန် မြန်မာအစိုးရအား ကတိပြုခဲ့ပြီး ဂျာမနီကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ကလေးမြို့သို့ သက်ဆိုင်ရာဌာနများနှင့်အတူ လမ်းတံတားပျက်စီးမှုများကို ကွင်းဆင်းလေ့လာပြီး လမ်းတံတားများ ပြန်လည်ပြုပြင်ရန် စီမံကိန်းများရေးဆွဲခဲ့သည်ဟု သိရသည်။



ကလေးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းတစ်နေရာ

ယင်းနောက် ဂျာမနီအစိုးရမှ ဂျာမနီအကြံပေးအင်ဂျင်နီယာအဖွဲ့အား တာဝန်ပေးအပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ တင်ဒါခေါ်ယူခဲ့ရာ တင်ဒါအောင်မြင်သော ကုမ္ပဏီလေးခုက ကွန်ကရစ်တံတား နှစ်စင်း၊ ၄၀၉ မီတာရှိ ရေကျော် နှစ်စင်း၊ ၄ ဒသမ ၄၃၄ ကီလိုမီတာရှိ ကတ္တရာလမ်း နှစ်ခုတို့ကို ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဂျာမနီအကြံပေးအဖွဲ့တို့၏ ညွှန်ကြားမှုအောက်တွင် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **ခရမ်းစိုးမြင့်**

# မြတ်မော်တင်စွန်းဘုရားပွဲတော်အတွင်း ရေကြောင်းခရီးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းနယ်မြေ မြတ်မော်တင်စွန်းဘုရားပွဲတော်ကို တပို့တွဲလပြည့်မှ တပေါင်းလပြည့်အထိ (ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂၀ ရက်အထိ) ရက်ပေါင်း ၃၀ တိုင် ကျင်းပလျက်ရှိရာ ဘုရားဖူးများ ရေကြောင်းခရီးဖြင့် သွားလာမှု များပြားလျက်ရှိသည်။



ရေကြောင်းအန္တရာယ်ကင်းရှင်းစေရေး တာဝန်ရှိသူများ ဆောင်ရွက်ကြစဉ်။

ယင်းကြောင့် ချောင်းသာကမ်းခြေ၌ ဖိုးကုလားကျွန်း ရေပေါ်ဟိုတယ်များ၊ အပန်းဖြေခရီးသွားများ ဘေးကင်းရန်ကွာ လုံခြုံမှုရှိကြစေရန်အတွက် တိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးရန်နောင်ကျော်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်မှ အစပြု၍ ငပုတော၊ ချောင်းသာ၊ လပွတ္တာမြို့နယ်များမှ ပုဂ္ဂလိက ရေယာဉ်ပိုင်ရှင်များ စည်းကမ်းတကျ ထိန်းသိမ်းရေး(ရစက) အဖွဲ့ဥက္ကဋ္ဌများနှင့်အတူ မြင်းကောင်ရေ ၂၀ နှင့်အထက် ရေယာဉ်များ၊ ကမ်းခြေပတ် စပိဘုတ်များ လိုင်စင်သက်တမ်းတိုးခြင်း၊ ကြံ့ခိုင်မှု မျက်မြင်စစ်ဆေးခြင်း၊ သက်ကယ်ပစ္စည်းများနှင့် ရေယာဉ်မောင်းများ ကျွမ်းကျင်မှု ရှိ မရှိ လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# အညာမြေ၏ အိုအေစစ် မန်းဆည်တော်အပန်းဖြေစခန်း လာရောက်သူများ စည်ကား

**မင်းဘူး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် အိုင်းမရေလွှဲဆည်အနီး မန်းချောင်းနံဘေးရှိ မန်းဆည်တော် အပန်းဖြေစခန်းသည် မန်းရွှေစက်တော်မှ ကျောင်းတော်ရာဘုရားသို့ သွားရောက်ရာ ကျေးရွာချင်းဆက် လမ်းပေါ်တွင် တည်ရှိပြီး မန်းရွှေစက်တော်ဘုရားပွဲသို့ ဘုရားဖူးလာ ပြည်သူများကလည်း သွားရောက်အပန်းဖြေရာ ကြားစခန်းတစ်ခုဖြစ်သဖြင့် လာရောက်လည်ပတ်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

မန်းဆည်တော် အပန်းဖြေစခန်းသည် ညီညာလှပကျယ်ပြန့်စွာ တည်ဆောက်ထားသော ထန်းလက်တဲများနှင့် တသွင်သွင်စီးဆင်းနေပြီး ကြည်လင်အေးမြသည့် မန်းချောင်းရေကြောင့် ဘုရားဖူးလာသူ ပြည်သူများအား ဆွဲဆောင်နေသော အရာတစ်ခုဖြစ်သည့်အတွက် ယခင်နှစ်များကလည်း လာရောက်အပန်းဖြေသူများနှင့် အထူးစည်ကားသောကြောင့် အညာမြေ၏ အိုအေစစ်ဟုပင် တင်စားခေါ်တွင်ကြောင်း သိရသည်။

ထို့အပြင် ဆည်တော်အပန်းဖြေစခန်း၏ ဆွဲဆောင်မှုတစ်ခုမှာ ဒေသထွက် အစားအစာတစ်ခုဖြစ်သော သန့်ရှင်းလတ်ဆတ်သည့် ဆီထမင်းနှင့် ငါးကလေးကြော်၊ ချိုးကြော်၊ စာကလေးကြော်၊ ပုစွန်ကြော်တို့မှာလည်း အပန်းဖြေလာသူ ခရီးသွားများ အထူးနှစ်ခြိုက်သည့် အစားအစာတစ်ခုဖြစ်ပြီး အုန်းစိမ်းရေသောက်ရသည်ကိုလည်း နှစ်ခြိုက်ကြကြောင်း သိရသည်။

ယင်းအပန်းဖြေစခန်းသို့မင်းဘူးမြို့အနောက်ဘက် ကုန်းသာကျေး ရွာ၊ ဆင်ခေါင်းကျေးရွာမှတစ်ဆင့် မြောင်းပေါင်လမ်းအတိုင်း သွားရောက်နိုင်ပြီး ပုသိမ်-မုံရွာလမ်းမပေါ်မှတစ်ဆင့် အိုးပြင်မဲ၊ အိုင်းမ၊ ဖြူကုန်း၊ ကျောင်းတော်ရာ မြောင်းပေါင်လမ်းအတိုင်းလည်း သွားရောက်နိုင်သည်။ စကုမြို့ နာရီစင်လမ်းခွဲမှ ပင်လယ်သက်၊ လက်ခုပ်ပင်၊ ပေါင်းရွာတို့ကို ဖြတ်သန်း၍ သွားရောက်နိုင်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**



အိုအေစစ် မန်းဆည်တော် အပန်းဖြေစခန်းကို တွေ့ရစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၅ ကျပ် | ၉၂၀/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၅ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၃၅ ကျပ် | ၇၆၅/၈၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၆၅/၈၃၀ ကျပ် | ၈၆၅/၈၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၃ · ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၈ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၁ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၆ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၇၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

**ဂျပန်နိုင်ငံ**

ဂျပန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအရ တတိယအင်အားအကြီးဆုံးနိုင်ငံ၊ ပညာတတ်ပြီး တီထွင်ဖန်တီးနိုင်စွမ်းမြင့်မားတဲ့ လုပ်သားအင်အားစုနဲ့ စွမ်းရည်မြင့်မားတဲ့ တပ်မတော်တို့ ပိုင်ဆိုင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံရဲ့စီးပွားရေးဟာ လောလောဆယ် ရုန်းကန်နေရတဲ့ အနေအထားမှာရှိသလို နိုင်ငံရဲ့ လူဦးရေဟာလည်း လျော့ကျလာနေပြီး သက်ကြီးရွယ်အိုတွေ တိုးပွားများပြားလာနေပါတယ်။ ဒီအခက်အခဲတွေအပြင် ဂျပန်နိုင်ငံရဲ့ အကျိုးစီးပွားအတွက် ကာကွယ်ရေးတပ်ဖွဲ့တွေကို အသုံးပြုမှုကို အများအားဖြင့် မလိုလားတဲ့ ပြည်သူတွေရဲ့ အမြင်ဟာ ဂျပန်နိုင်ငံရေးခေါင်းဆောင်တွေအတွက် ခေါင်းခဲစရာကိစ္စရပ် ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက်မှာတော့ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေသလို ကာကွယ်ရေးကဏ္ဍမှာလည်း ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့ရာမှာ ကာကွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ အမျိုးသားလုံခြုံရေး ကောင်စီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့မဟာဗျူဟာအနေအထားကို လေ့လာကြည့်ရင် သမိုင်းကြောင်းအရ စစ်ကို ဆန့်ကျင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွေကို ရှောင်ရှားကျော်လွှန်ပြီး "အများနည်းတူ သာမန်နိုင်ငံတော်တစ်ရပ်"(Normal country) ပြန်လည်ဖြစ်လာစေရေး၊ ကာကွယ်ရေးအပိုင်းမှာလည်း အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် တည်ထောင်ရေးအပြင် အင်ဒို-ပစိဖိတ် ဒေသတွင်းမှာ ဖြစ်ပေါ်လာနေတဲ့ ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့အထိ ကြိုးပမ်းတည်ဆောက်နေပါတယ်။ ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်-၉ အရ ဂျပန်နိုင်ငံဟာ ပြည်ပစစ်ရေးပဋိပက္ခတွေမှာ ပါဝင်နိုင်ခွင့်မရှိကြောင်း ကန့်သတ်ထားပါတယ်။ ဒုတိယကမ္ဘာစစ်ရဲ့ဒဏ်ကို အလူးအလိမ့်ခံစားခဲ့ကြရတဲ့ ဂျပန်ပြည်သူတွေရဲ့အမြင်မှာ စစ်ကို ဆန့်ကျင်ရှုတ်ချတဲ့ ပြင်းထန်တဲ့ သဘောထားအမြင်တွေ၊ အင်အားအသုံးပြုမှုကို အားမပေးတဲ့အပြင် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့တွေကို နိုင်ငံရဲ့ နယ်နိမိတ်ကိုကျော်လွန်ပြီး တိုက်ခိုက်တဲ့စစ်ပွဲတွေမှာပါဝင်ဖို့ လက်မခံတဲ့ ပြည်သူတွေရဲ့ သဘောထားကြောင့် ဝန်ကြီးချုပ်အာဘေး အစိုးရအတွက် ကာကွယ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းချက်တွေဟာ ခက်ခဲလှပါတယ်။ ဒီအခက်အခဲတွေကြားကနေပဲ ဝန်ကြီးချုပ် အာဘေးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စုပေါင်းခုခံပိုင်ခွင့် (Collective Self-defense) ကို ခွင့်ပြုတယ်လို့ အဓိပ္ပာယ်ပြန်လည်ဖွင့်ဆိုသတ်မှတ်ခဲ့သလို ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်ကိုလည်း တိုးမြှင့်နိုင်ခဲ့ပါတယ်။ ဝန်ကြီးချုပ်အာဘေးရဲ့ရည်မှန်းချက်က ဂျပန် ပြည်သူလူထုအနေနဲ့ နိုင်ငံဟာ ပြည်ပက လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ အများနည်းတူ သာမန်နိုင်ငံတော်တစ်ရပ်အဖြစ် ရှုမြင်လာစေဖို့ တိုက်တွန်းနိုင်ရေး ဖြစ်ပါတယ်။



ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကို လျှော့ချနိုင်ခဲ့သည့် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များအကြား ၂၀၁၈ ခုနှစ် ဧပြီလအတွင်း တွေ့ဆုံစဉ်။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံအတွက် ရေရှည်မှာ ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်ပြီး နိုင်ငံရဲ့ တည်ရှိမှုကိုတောင် အန္တရာယ်ပြုလာနိုင်တယ်လို့ ဂျပန်နိုင်ငံက ရှုမြင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ အဏုမြူလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းအားထုတ်နေတဲ့ မြောက်ကိုရီးယားနိုင်ငံဟာလည်း ဂျပန်နိုင်ငံမှာ လူအသေအပျောက်တွေ အများအပြား ရှိလာနိုင်တဲ့အထိ တိုက်ခိုက်နိုင်စွမ်းရှိနိုင်ပေမယ့် နိုင်ငံရဲ့ရပ်တည်မှုကို ခြိမ်းခြောက်လာနိုင်တဲ့အထိတော့ အန္တရာယ်မပြုနိုင်ဘူးလို့ ယူဆထားပါတယ်။ ဒ့ါအပြင် ဂျပန်နိုင်ငံရဲ့မဟာမိတ်ဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့အင်အားကျဆင်းလာမှုနဲ့ အာရှဒေသအပေါ် လျစ်လျူရှုလာနိုင်တဲ့ အလားအလာဟာ ဂျပန်နိုင်ငံအတွက် နောက်ထပ်မဟာဗျူဟာမြောက် စိုးရိမ်ပူပန်ရတဲ့ကိစ္စဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၇၂ ခုနှစ်မှာ အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်ဟာ တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ပြီး တရုတ်နိုင်ငံကို အသိအမှတ်ပြုကြောင်း ကြေညာလိုက်တဲ့ Nixon shock နဲ့ ၁၉၉၈ ခုနှစ်အတွင်း သမ္မတကလင်တန်လက်ထက် တရုတ်နိုင်ငံကို ၉-ရက်ကြာ လာရောက်လည်ပတ်ခဲ့တဲ့ခရီးစဉ်မှာ ဂျပန်နိုင်ငံကို လုံးဝဝင်ရောက်ခဲ့ခြင်း မရှိခဲ့တဲ့ Japan passing စိတ်အနှောင့်အယှက် ခံစားခဲ့ရမှုတို့ကို ပြန်လည်အမှတ်ရနေဆဲဖြစ်တဲ့ ဂျပန်နိုင်ငံဟာ အမေရိကန်အစိုးရအနေနဲ့ သူ့ရဲ့ မူဝါဒကို ရုတ်ခြည်းပြောင်းလဲပြီး မဟာမိတ်နိုင်ငံရဲ့ အကျိုးကို ထိခိုက်စေမယ့် ဆုံးဖြတ်ချက်ချမှတ်မှာကို စိတ်ပူပင်နေဆဲဖြစ်ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ သမိုင်းကြောင်းတစ်လျှောက် အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာကို နည်းလမ်း ၄-သွယ်နဲ့ ဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။ ပထမနည်းလမ်းကတော့ ကြားနေရေးဗျူဟာဖြစ်ပြီး ဒီမဟာဗျူဟာအရ ကိုယ်ပိုင်ခုခံကာကွယ်ပိုင်ခွင့်ကိုတောင် ပိတ်ပင်ထားပါတယ်။ ဒုတိယနည်းလမ်းကတော့ သမိုင်းကြောင်းမှာရှိခဲ့တဲ့ စစ်အင်အား ပြန်လည်တည်ဆောက်ခြင်း ဗျူဟာဖြစ်ပြီး အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှုမှာ ပါဝင်ခြင်းဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် ပိုမိုမှီခိုအားထားပြီး ဒေသတွင်း သံခင်းတမန်ခင်းမှာပါဝင်ပြီး ကျူးကျော်လာနိုင်မှုတွေကို တားဆီးမယ့် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှု မဟာဗျူဟာဖြစ်ပါတယ်။ စတုတ္ထနည်းလမ်းကတော့ ယိုရှီဒါ အယူအဆ (Yoshida doctrine) လို့ခေါ်တဲ့ စစ်အင်အားကို အတိုင်းအတာတစ်ခုအထိ တည်ဆောက်ပြီး အမေရိကန်ပြည်ထောင်စုနဲ့ မဟာမိတ်ဖွဲ့စည်းတဲ့မဟာဗျူဟာ ဖြစ်ပါတယ်။ ကြားနေရေးဗျူဟာနဲ့ စစ်အင်အား ပြန်လည်တည်ဆောက်ခြင်းဗျူဟာကို စစ်အေးကာလအစပိုင်းမှာပဲ ဂျပန်အာဏာရပါတီက ငြင်းပယ်ခဲ့သလို စစ်အေးကာလပြီးဆုံးတဲ့အချိန်အထိ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အားနည်းချက်ကြောင့် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှု မဟာဗျူဟာသာလျှင် အကောင်းဆုံးနည်းလမ်း ဖြစ်ခဲ့ပါတယ်။ အခုမကြာသေးတဲ့ သမိုင်းကြောင်းကာလတွေအတွက်တော့ ယိုရှီဒါအယူအဆသာလျှင် ဂျပန်နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။

ယိုရှီဒါအယူအဆနည်းလမ်းအရ ဂျပန်နိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးအာမခံချက်ပေးမှုကိုရရှိပေမယ့် နိုင်ငံတွင်း အမေရိကန်ရဲ့ စစ်အင်အားဖြန့်ကြက်ချထားမှုကြောင့် ပြည်တွင်းက စစ်မလိုလားသူတွေရဲ့ ဆန့်ကျင်မှုကိုတော့ ခံရပါတယ်။ သို့သော်လည်း နိုင်ငံအနီးတစ်ဝိုက်မှာ လုံခြုံရေးအနေအထားဆိုးရွားလာမှုနဲ့ ပြည်တွင်းနိုင်ငံရေးမှာလည်း အပြောင်းအလဲတွေရှိလာမှုကြောင့် ယိုရှီဒါအယူအဆနည်းလမ်းဟာ ဝန်ကြီးချုပ်အာဘေးရဲ့ မူဝါဒဖြစ်လာခဲ့ပါတယ်။ အမေရိကန်နိုင်ငံနဲ့ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကန့်သတ်ချက်တွေကို လျှော့ပေါ့ပြီး ကာကွယ်ရေးအင်အားတိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံကို အများနည်းတူ သာမန်နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးကို ကြိုးပမ်းလျက်ရှိပါတယ်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံဟာ အာရှဒေသမှာ စီးပွားရေးအရ စတုတ္ထမြောက် အင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး ဝင်ငွေမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပေမယ့် ပြည်ပနိုင်ငံတွေကနေ စွမ်းအင်အရင်းအမြစ်တွေနဲ့ မဟာဗျူဟာမြောက် ဓာတ်သတ္တုတွေကို ဝယ်ယူတင်သွင်းနေရမှုအပေါ် အကြီးအကျယ် မှီခိုနေရပါတယ်။ စီးပွားရေးအင်အားကောင်းလာမှုနဲ့အတူ တောင်ကိုရီးယားနိုင်ငံရဲ့ တပ်မတော်ဟာလည်း လေ့ကျင့်သားပြည့်ဝတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေကို ပိုင်ဆိုင်ထားရှိပါတယ်။ တောင်ကိုရီးယားအစိုးရဟာနိုင်ငံရဲ့ဝင်ငွေကို အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ တိုးမြှင့်သုံးစွဲနိုင်ဖို့နဲ့ လူငယ်အရေအတွက် လျော့နည်းလာနေတာကြောင့် အနာဂတ်မှာ ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေကို လိုအပ်တဲ့အတိုင်းအတာမှာသာ ထားရှိနိုင်ဖို့ တပ်ဖွဲ့ဝင်ဦးရေကိုလည်း လျှော့ချဖို့လုပ်ဆောင်နေပါတယ်။

တောင်ကိုရီးယားနိုင်ငံဟာ နိုင်ငံလုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုနဲ့ မဟာမိတ်ဖွဲ့စည်းထားရှိပေမယ့် သီးခြားလွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်ကို ထိန်းသိမ်းထားပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ တာဝေးပစ်ဒုံးကျည်တွေကို မကြာခဏစမ်းသပ်ပစ်လွှတ်မှုကြောင့် နိုင်ငံရဲ့လုံခြုံရေးအတွက် တောင်ကိုရီးယားအစိုးရဟာ အမေရိကန်ရဲ့ THAAD အမျိုးအစား ဒုံးခွင်းဒုံးတွေကို နိုင်ငံတွင်းမှာ ဖြန့်ကြက်ချထားဖို့ သဘောတူညီခဲ့ပါတယ်။ အဲဒီလို ဖြန့်ကြက်ချထားမှုကို အပြင်းအထန် ကန့်ကွက်ခဲ့တဲ့ တရုတ်နိုင်ငံကို ချွေးသိပ်နိုင်ဖို့ တောင်ကိုရီးယားအစိုးရဟာ တရုတ်နိုင်ငံက ဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Asian Infrastructure Investment Bank-AIIB) မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ကလည်း အမေရိကန်အစိုးရအတွက် ကြီးမားတဲ့စိတ်အနှောင့်အယှက်ကို ဖြစ်စေခဲ့ပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ ကာကွယ်ရေးမဟာဗျူဟာကို လေ့လာကြည့်ရင် အဏုမြူလက်နက်နဲ့ တာဝေးပစ်ဒုံးကျည်လက်နက်အစီအစဉ်တွေ အောင်မြင်ဖို့ကြိုးစားနေတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်ဖို့ အလေးပေးဆောင်ရွက်နေပါတယ်။ အလားတူ စွမ်းရည်မြင့်မားလာနေတဲ့ တရုတ်နိုင်ငံရဲ့ကာကွယ်ရေးတပ်ဖွဲ့တွေဟာ တောင်ကိုရီးယားနိုင်ငံရဲ့အဓိကကုန်သွယ်ရေကြောင်းလမ်းတွေကို ပိတ်ဆို့ထားနိုင်တာကြောင့် အဲဒီစိန်ခေါ်မှုကိုလည်း ရင်ဆိုင်နေရပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ လက်ရှိသမ္မတ မွန်ဂျေအင်းလက်ထက်မှာ ကိုရီးယားကျွန်းဆွယ်ကို အားလုံးပါဝင်ပြီး လွတ်လပ်မှုရှိတဲ့ဒေသအဖြစ် ဖော်ဆောင်လိုတဲ့ ပြည်သူအများစုရဲ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။

*စာမျက်နှာ ၁၉ သို့*

**"စတုတ္ထနည်းလမ်းကတော့ ယိုရှီဒါအယူအဆ (Yoshida doctrine) လို့ခေါ်တဲ့ စစ်အင်အားကို အတိုင်းအတာတစ်ခုအထိ တည်ဆောက်ပြီး အမေရိကန်ပြည်ထောင်စုနဲ့ မဟာမိတ်ဖွဲ့စည်းတဲ့မဟာဗျူဟာ ဖြစ်ပါတယ်။ ကြားနေရေးဗျူဟာနဲ့ စစ်အင်အားပြန်လည်တည်ဆောက်ခြင်းဗျူဟာကို စစ်အေးကာလအစပိုင်းမှာပဲ ဂျပန်အာဏာရပါတီက ငြင်းပယ်ခဲ့သလို စစ်အေးကာလပြီးဆုံးတဲ့အချိန်အထိ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့အားနည်းချက်ကြောင့် နိုင်ငံတကာနဲ့ထိတွေ့ဆက်ဆံမှု မဟာဗျူဟာသာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ခဲ့ပါတယ်။ အခုမကြာသေးတဲ့ သမိုင်းကြောင်းကာလတွေအတွက်တော့ ယိုရှီဒါအယူအဆသာလျှင် ဂျပန်နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းဖြစ်နေတာကို တွေ့မြင်နိုင်"**

*စာမျက်နှာ ၁၈ မှ*

၂၀၁၈ ခုနှစ် ဇွန်လအတွင်း အမေရိကန်နဲ့ မြောက်ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်တွေအကြား ထိပ်သီးတွေ့ဆုံမှုကြောင့် တင်းမာမှုတွေ လျော့ကျလာတဲ့ဖြစ်စဉ်ကလည်း သမ္မတ မွန်ဂျေအင်းရဲ့ ကြိုးပမ်းမှုကို တစ်နည်းတစ်လမ်းအားဖြင့် အထောက်အကူဖြစ်စေခဲ့ပါတယ်။

တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံအကြား၊ မြောက်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံအကြား ဆက်ဆံရေးအနည်းငယ် တိုးတက်ကောင်းမွန်လာခဲ့ပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ကာကွယ်ရေးကဏ္ဍမှာ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရ အချုပ်အခြာအာဏာကို ကာကွယ်ဖို့ဆိုတဲ့ ဦးစားပေးလုပ်ငန်းစဉ်ကတော့ အပြောင်းအလဲမရှိတာကို တွေ့မြင်နိုင်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ ခြိမ်းခြောက်မှုအန္တရာယ်က အနားမှာကပ်ပြီး ရှိနေတာကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ မဟာဗျူဟာမှာ ရွေးချယ်ပိုင်ခွင့်ဟာ အကန့်အသတ်ရှိနေပါတယ်။ ဒါကြောင့် မကြာသေးခင်ကာလတွေက တောင်ကိုရီးယားနိုင်ငံဟာ ပိုပြီးထိရောက်မှုရှိမယ့် ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာကို ချမှတ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ရန်သူရဲ့တိုက်ခိုက်လာမှုကို ပိုပြီးထိရောက်စွာ ပြန်လည်တုံ့ပြန်နိုင်ဖို့လေကြောင်းနဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်မှာ အားဖြည့်ဆောင်ရွက်လာသလို စုံစမ်းခြင်း (Detect)၊ နှောင့်ယှက်ခြင်း (Disrupt)၊ ဖျက်ဆီးခြင်း(Destroy) နဲ့ ကာကွယ်ခြင်း (Defend) ဆိုတဲ့ 4D မဟာဗျူဟာကိုလည်း ချမှတ်ဆောင်ရွက်လာခဲ့ပါတယ်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာနေပြီး ကြွယ်ဝတဲ့ သဘာဝအရင်းအမြစ်နဲ့ လူသားအရင်းအမြစ်တွေ ပိုင်ဆိုင်ထားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိပြီး ကမ္ဘာပေါ်မှာ ဒုတိယလူဦးရေအများဆုံးနိုင်ငံနဲ့ လူဦးရေရဲ့ ၆၆ ရာခိုင်နှုန်းဟာ အလုပ်လုပ်တဲ့အရွယ်ရှိသူတွေဖြစ်ပါတယ်။ သက်ကြီးရွယ်အိုလူဦးရေတိုးပွားလာနေတဲ့ အခက်အခဲလည်းမရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ သို့သော်လည်း အခုလို စွမ်းရည်အရင်းအမြစ်တွေ ကြွယ်ဝနေမှုကို အင်အားအဖြစ်ပြောင်းလဲနိုင်မယ့် စွမ်းရည်ဟာ နိုင်ငံရေးအရ ထိရောက်မှုမရှိခြင်း၊ ပေါင်းစပ်ဆောင်ရွက်နိုင်စွမ်း ကင်းမဲ့နေခြင်းတို့ကြောင့် အဟန့်အတား ဖြစ်နေပါတယ်။ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ Bharatiya Janata Party (BJP) အများစုအနိုင်ရရှိပြီး တစ်ပါတီတည်းက အစိုးရဖွဲ့စည်းနိုင်ခဲ့ခြင်းဟာ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်လာခဲ့ပါတယ်။ ယခင်က ပါတီစုံမဟာမိတ်ဖွဲ့စည်းပြီး အစိုးရဖွဲ့စည်းခဲ့ရခြင်းကြောင့် ကွဲပြားခြားနားမှုတွေများပြီး နိုင်ငံရဲ့ကာကွယ်ရေးကဏ္ဍမှာ အလေးပေးနိုင်မှု အားနည်းခဲ့ရပါတယ်။ ဝန်ကြီးချုပ် မိုဒီ အာဏာရရှိလာပြီး နောက်ပိုင်းမှာတော့ အခြေအနေတွေဟာ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ အခုဆိုရင် အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကာကွယ်ရေးအတွက် ဘတ်ဂျက်ငွေ ပဉ္စမမြောက် အများဆုံးသုံးစွဲတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့အတွေးအခေါ်အယူအဆအရ နိုင်ငံဟာ ယဉ်ကျေးမှုထွန်းကားမှုမှာ ကြီးကျယ်မြင့်မြတ်တဲ့ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကာကွယ်ရေးပိုင်းမှာလည်း အင်အားသုံးစွဲမှုကို အားမပေးတဲ့ အယူအဆပိုကဲတာကြောင့် အိန္ဒိယနိုင်ငံဟာ လုံခြုံရေးဆိုင်ရာ မဟာဗျူဟာမှာ ချုပ်တည်းမှုကို အလေးပေးတဲ့အပြင် စစ်ရေးဆိုင်ရာ မိတ်ဖက်ဖွဲ့စည်းမှုတွေ၊ မဟာမိတ်ဖွဲ့မှုတွေမှာ ပါဝင်ဖို့ ဆန္ဒနည်းပါးတဲ့ နိုင်ငံဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာမြောက်စိန်ခေါ်မှုတွေကတော့ ပါကစ္စတန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဖြစ်ပါတယ်။ ကက်ရှ်မီးယားဒေသပိုင်ဆိုင်မှုကို အငြင်းပွားနေတဲ့ကိစ္စရယ်၊ အိန္ဒိယနိုင်ငံတွင်းမှာ အခြေပြုလှုပ်ရှားနေတဲ့ အကြမ်းဖက်အဖွဲ့တွေကို ပါကစ္စတန်နိုင်ငံက အားပေးထောက်ခံမှုတွေ ပြုလုပ်နေတယ်လို့ ယူဆတာကြောင့် ပါကစ္စတန်နိုင်ငံဟာ အိန္ဒိယနိုင်ငံအတွက် အဓိကအကျဆုံး ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့လည်း နှစ်နိုင်ငံအကြား နယ်နိမိတ်တိုင်းတာ သတ်မှတ်ခြင်းမပြုနိုင်သေးတဲ့ နယ်စပ်ဒေသတွေမှာ တရုတ်နိုင်ငံက ကင်းလှည့်မှုတွေ တိုးမြှင့်ပြုလုပ်လာတာကြောင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှုတွေ ဖြစ်လာနိုင်တဲ့ အလားအလာတွေ များပြားလာမှုအပေါ် အိန္ဒိယနိုင်ငံဟာ ပိုမိုအလေးထားဆောင်ရွက်လာခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံရဲ့ အနောက်ဘက် မျက်နှာစာမှာ ပါကစ္စတန်နိုင်ငံနဲ့ ထိပ်တိုက်ရင်ဆိုင်မှုဖြစ်လာခဲ့ရင် ဒါကိုအခွင့်ကောင်းယူပြီး အရှေ့ဘက်မျက်နှာစာမှာ တရုတ်နိုင်ငံက နောက်ထပ်စစ်မျက်နှာတစ်ခု ဖွင့်လာမှာကို အိန္ဒိယနိုင်ငံက စိုးရိမ်မှုရှိပါတယ်။ ပြည်တွင်းက လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကတော့ လက်နက်ကိုင်သောင်းကျန်းမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဘာသာရေးဆိုင်ရာ အကြမ်းဖက်မှုတွေပဲ ဖြစ်ပါတယ်။

**အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံဟာ သဘာဝသယံဇာတအရင်းအမြစ်တွေနဲ့ လူငယ်လုပ်သားအင်အားစုကို ပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်ပါတယ်။ သို့သော်လည်း ပထဝီအနေအထားအရ ကျွန်းတွေအမြောက်အမြားနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုဖြစ်နေတာကြောင့် အမျိုးသားရေးအရ ပေါင်းစည်းမှုကို ဆောင်ရွက်ရာမှာ အခက်အခဲတွေအများကြီး ရင်ဆိုင်ရတဲ့နိုင်ငံဖြစ်ပါတယ်။ ပထဝီအနေအထားအရ သီးခြားစီ တကွဲတပြားနေထိုင်ကြရတဲ့ ပြည်သူများကို အုပ်ချုပ်နိုင်ဖို့ ဗဟိုအစိုးရဟာ ဒေသ ၅၀၀ ကျော်ကို လုပ်ပိုင်ခွင့်နဲ့ သယံဇာတခွဲဝေပေးမှုမှာ ပိုမိုပေးအပ်ထားရပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ဖြစ်နိုင်ခြေရှိတဲ့ ပြည်ပကခြိမ်းခြောက်မှုအန္တရာယ်ကို တန်ပြန်နိုင်ဖို့ထက် ပြည်တွင်းက စိန်ခေါ်မှုတွေကို ပိုမိုအသားပေးတဲ့ မဟာဗျူဟာမြောက် အစဉ်အလာရှိပါတယ်။ ဒေသတွင်းမှာ ဆယ်စုနှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှု ရရှိခဲ့ပြီးနောက် အင်ဒိုနီးရှားတပ်မတော်ဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို ပိုမိုဦးစားပေးဆောင်ရွက်လာတာကို တွေ့မြင်နိုင်ပါတယ်။ ရေတပ်ရဲ့သင်္ဘောထက်ဝက်ခန့်ဟာ ပင်လယ်ပြင်ကို စိတ်ချလက်ချသွားရောက်နိုင်တဲ့အခြေအနေမှာမရှိသလို သင်္ဘောထက်ဝက်ခန့်ဟာလည်း သက်တမ်းကြာနေတဲ့ အနေအထားမှာရှိပါတယ်။ ကြည်းတပ်ကတော့ အင်အားရှိပြီး သြဇာလည်းကြီးမားမှုရှိပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့မဟာဗျူဟာမှာ အဓိကကဏ္ဍ ၃-ရပ်ရှိပါတယ်။ ပထမအချက်က ကျွန်းပေါင်းများစွာပြန့်ကျဲနေတဲ့ ပထဝီအနေအထားနဲ့ တိုင်းရင်းသားမျိုးနွယ်စုပေါင်း အမြောက်အမြားရှိနေတဲ့အတွက် နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်မှုနဲ့ တက်ကြွမှုကို အလေးပေး ဖော်ပြခြင်းဖြစ်ပါတယ်။ ဒီမူဝါဒအရ ဒေသတွင်းမှာရှိနေတဲ့ အခြားအင်အားကြီးနိုင်ငံတွေကို နိုင်ငံရဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ဖြစ်လာနိုင်ခြေရှိတဲ့ ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခြင်းမရှိပါဘူး။ ပြည်တွင်းရေးကိစ္စကို ပိုမိုအလေးပေးတာကြောင့် ကာကွယ်ရေးအပိုင်းမှာ နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့၊ အင်အားဖြန့်ကြက်ဖို့ စွမ်းအားနည်းပါးနေတာကြောင့် အင်ဒိုနီးရှားနိုင်ငံဟာ ကိုယ့်ရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်ဖို့ အာဆီယံအဖွဲ့ကြီးအတွင်းမှာ ဦးဆောင်အခန်းကဏ္ဍရယူပြီး သံတမန်ရေးရာလုပ်ငန်းစဉ်တွေအပေါ်မှာပဲ မှီခိုနေရပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ အဓိကခြိမ်းခြောက်မှုတွေက ပြည်တွင်းကရော ပြည်ပကပါ ရှိနေခဲ့ပါတယ်။ ကျွန်းပေါင်း ၁၇၀၀၀ ကျော်ပေါ်မှာ နေထိုင်နေကြတဲ့ မတူကွဲပြားတဲ့ လူမျိုးစုများအကြား စုစည်းညီညွတ်မှုရရှိရေးနဲ့ ရာသီဥတုပြောင်းလဲမှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေလို နိုင်ငံဖြတ်ကျော် ခြိမ်းခြောက်မှုတွေကို သမားရိုးကျလုံခြုံရေးခြိမ်းခြောက်မှုထက် ပိုမိုအလေးပေးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း သူတို့ရဲ့နယ်မြေပိုင်ဆိုင်မှုကို အစက်အပျောက်မျဉ်း ၉-ခုနဲ့ သတ်မှတ်ခဲ့ရာမှာ အင်ဒိုနီးရှားနိုင်ငံပိုင် နာတူနာကျွန်း (Natuna Island) ရဲ့ သီးသန့်စီးပွားရေးဇုန်နား ရောက်ရှိလာချိန်ကျမှ အင်ဒိုနီးရှားနိုင်ငံဟာ ပြည်ပရဲ့အနေအထားအပေါ်မှာ စတင်စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံဟာ ပြည်ပအင်အားကြီးနိုင်ငံတွေနဲ့ မဟာမိတ်ဖွဲ့စည်းခြင်း၊ မိမိကိုယ်တိုင်အင်အားတည်ဆောက်ခြင်းထက် သီးခြားလွတ်လပ်တဲ့ နိုင်ငံခြားရေးမူဝါဒကိုချမှတ်ပြီး ကာကွယ်ရေးအပိုင်းမှာလည်း လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ်ကတည်းက သုံးခဲ့တဲ့ ဟမ်ကမ်ရာတာ (hankamrata) လို့ခေါ်တဲ့ အလုံးစုံပြည်သူ့စစ် (total people's war) သဘောတရားကို ဆုပ်ကိုင်ထားဆဲဆိုတာ တွေ့မြင်နိုင်ပါတယ်။

**ထိုင်ဝမ် (တရုတ်တိုင်ပေ)**

ထိုင်ဝမ်ဟာ ၁၉၇၀ ပြည့်နှစ် ကာလတွေလောက်ကစပြီး စီးပွားရေးအင်အားရှိဒေသတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ သဘာဝသယံဇာတအရင်းအမြစ် အကန့်အသတ်ရှိတဲ့အတွက် လိုအပ်တဲ့ စွမ်းအင်ပမာဏရဲ့ ၉၈ ရာခိုင်နှုန်းကို ပြည်ပက တင်သွင်းနေရပါတယ်။ အခုဆိုရင် ထိုင်ဝမ်ဟာ ကမ္ဘာ့ဈေးကွက်မှာ အဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချလျက်ရှိရာမှာ ချစ်ပ်ပြားတွေထုတ်လုပ်တဲ့ HTC နဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ ထုတ်လုပ်တဲ့ Hon Hai Precision ခေါ် Foxconn တို့ဟာ နာမည်ကျော်ကုမ္ပဏီကြီးတွေ ဖြစ်ပါတယ်။ စစ်အေးတိုက်ပွဲကာလအတွင်းကတော့ ထိုင်ဝမ်ဟာ တရုတ်ပြည်မကြီးနဲ့ စီးပွားရေးအဆက်အဆံ နည်းပါးခဲ့သော်လည်း စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုတွေရရှိခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ထိုင်ဝမ်ဟာ သူ့ရဲ့စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် တရုတ်ပြည်မကြီးကို ပိုမိုမှီခိုနေလာရပြီ ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ ထိုင်ဝမ်ရဲ့ပြည်ပပို့ကုန် ၄၀ ရာခိုင်နှုန်းဟာ တရုတ်ပြည်မကြီးနဲ့ ဟောင်ကောင်ဒေသကို တင်ပို့နေတာဖြစ်သလို ထိုင်ဝမ်လုပ်ငန်းရှင်တွေဟာ တရုတ်ပြည်မကြီးမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှုအများအပြား ပြုလုပ်နေကြပြီး ထိုင်ဝမ်ပြည်သူတစ်သန်းကျော်ဟာ တရုတ်ပြည်မကြီးမှာ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြပါတယ်။

ထိုင်ဝမ်မှာ ဒီမိုကရက်တစ်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Democratic Progressive Party-DPP) နဲ့ ကူမင်တန်ပါတီ (Kuomintang-KMT) ပါတီကြီး ၂-ခုဟာ အပြင်းအထန် သဘောထားကွဲလွဲမှုရှိနေပါတယ်။ KMT ပါတီဟာ တရုတ်ပြည်မကြီးနဲ့ စီးပွားရေးနဲ့ လူမှုရေးအရ ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံလိုတဲ့သဘောထားရှိပြီး လက်ရှိသမ္မတ စိုင်အင်ဝမ် ဦးဆောင်တဲ့ DPP ပါတီဟာ တရုတ်ပြည်မကြီးနဲ့ ခပ်ကင်းကင်းနေလိုတဲ့ဆန္ဒရှိပါတယ်။ ပါတီကြီး ၂-ခုအကြား ရွေးကောက်ပွဲမှာ အနိုင်ရရှိမှု အပြောင်းအလဲရှိတိုင်း မူဝါဒအပြောင်းအလဲဖြစ်ပေါ်လေ့ရှိတဲ့အတွက် ဒေသရဲ့စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အကန့်အသတ်ရှိနေတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

ထိုင်ဝမ်ရဲ့မဟာဗျူဟာကို လေ့လာကြည့်ရင် ၁၉၇၉ ခုနှစ်မှာ တရုတ်ပြည်မကြီးကို အမေရိကန်နိုင်ငံက အသိအမှတ်ပြုလိုက်ပြီး နောက်ပိုင်း ထိုင်ဝမ်ဟာ နိုင်ငံတကာနယ်ပယ်မှာ လျစ်လျူရှုခံအနေအထားကို ရောက်ခဲ့တဲ့အချက်အပေါ် အခြေခံနေပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ တိုင်တိုင် ဒီမဟာဗျူဟာအပေါ်မှာ အခြေခံပြီး ထိုင်ဝမ်အနေနဲ့ တရုတ်ပြည်မကြီးနဲ့ သီးခြားနေထိုင်နိုင်ခွင့်ကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ကမ္ဘာ့နိုင်ငံအများအပြားနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ပိုမိုအသိအမှတ်ပြုလာကြတဲ့အတွက် ထိုင်ဝမ်ရဲ့ နိုင်ငံတကာမှာ ရပ်တည်မှုဟာ ပိုမိုမှေးမှိန်လာခဲ့ပါတယ်။

ထိုင်ဝမ်အတွက် တစ်ခုတည်းသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့သြဇာလွှမ်းမိုးမှုနဲ့ ထိန်းချုပ်မှုပဲဖြစ်ပါတယ်။ ထိုင်ဝမ်အနေနဲ့ ကိုယ်ပိုင်ကာကွယ်ရေးအတွက် တိုးချဲ့ဆောင်ရွက်နေပေမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ မနှိုင်းယှဉ်နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ အမေရိကန်နိုင်ငံက ထိုင်ဝမ်အတွက် စစ်လက်နက်ပစ္စည်းတွေ ရောင်းချပေးနေမှုဟာ တရုတ်ပြည်မကြီးရဲ့ အမျက်ဒေါသကို ထိရှစေလျက်ရှိပါတယ်။ ထိုင်ဝမ်ရဲ့ နှစ်စဉ်ကာကွယ်ရေးအတွက် သုံးစွဲမှုစရိတ်ဟာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိပါတယ်။ ဒီပမာဏဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၇၀ ဘီလီယံနဲ့နှိုင်းစာရင် များစွာကွာဟနေတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ လေယာဉ်တင်သင်္ဘောတွေ၊ S-400 အမျိုးအစား ဒုံးကျည်စနစ်တွေ၊ ပဉ္စမမျိုးဆက်တိုက်လေယာဉ်တွေနဲ့ ရေတပ်နဲ့လေတပ်ရဲ့ စွမ်းဆောင်ရည်အင်အားကို တိုးမြှင့်လျက်ရှိနေချိန်မှာ ထိုင်ဝမ်ကတော့ စစ်ရေးပဋိပက္ခအချိန်မှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ အများကြီးကြိုးပမ်းရမယ့်အနေအထားမှာ ရှိနေပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ၊ ထောက်လှမ်းရေးလုပ်ငန်းတွေ၊ သံတမန်ရေးအရ ဖိအားပေးမှုတွေကတစ်ဆင့် ထိုင်ဝမ်အပေါ် ခြိမ်းခြောက်မှုတွေ ပြုလုပ်နေတယ်လို့ ထိုင်ဝမ်ကရှုမြင်နေပါတယ်။ အထူးသဖြင့် တရုတ်ပြည်မကြီးရဲ့ သံတမန်ရေးအရ ဖိအားပေးမှုကြောင့် ကမ္ဘာ့နိုင်ငံအများအပြားဟာ ထိုင်ဝမ်နဲ့ သံတမန်အဆက်အသွယ်တွေကို ပြန်လည်ဖြတ်တောက်လာကြသလို အမေရိကန်နိုင်ငံက ထိုင်ဝမ်အပေါ်ပြုထားတဲ့ မဟာဗျူဟာမြောက် ကတိကဝတ်ဟာလည်း သေချာရေရာမှု မရှိတော့တဲ့အခြေအနေကြောင့် ထိုင်ဝမ်ဟာ နိုင်ငံတကာမျက်နှာစာမှာ ပိုမိုအထီးကျန် ဖြစ်လာလျက်ရှိပါတယ်။ ထိုင်ဝမ်ရဲ့ လက်ရှိသမ္မတ စိုင်အင်ဝမ်ဟာ ကာကွယ်ရေးအသုံးစရိတ်ကို လာမယ့်သက္ကရာဇ် ၂၀၂၅ ခုနှစ်မှာ လက်ရှိအသုံးစရိတ်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုတိုးမြှင့်သုံးစွဲနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ ထိုင်ဝမ်ဟာ ပြည်တွင်းကာကွယ်ရေး စက်မှုလုပ်ငန်းတွေ အားကောင်းလာစေဖို့ ကြိုးပမ်းနေသလို အမေရိကန်နိုင်ငံကနေလည်း ခေတ်မီစစ်လက်နက်ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ထိုင်ဝမ်ဟာ ဒေသတွင်းမှာရှိတဲ့ ဒီမိုကရေစီနိုင်ငံတွေဖြစ်တဲ့ သြစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နိုင်ဖို့ အလားအလာတွေကို ရှာဖွေလျက်ရှိပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။**

**(စာရေးသူ)**

# မြိတ်မြို့တွင်း ဖြတ်ကျော်တံတားနှစ်စင်း တည်ဆောက်

**မြိတ် ဖေဖော်ဝါရီ ၂၅**

ကျွန်းမြို့တစ်မြို့ဖြစ်သည့် မြိတ်မြို့အတွင်း ထိုးဖောက်ဝင်ရောက်နေသည့် ဘုရားကိုင်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော တံတားနှစ်စင်းဖြစ်သည့် ဘုရားကိုင် ချောင်းကူးတံတား (ပါရမီပေါင်းကူးတံတား)နှင့် မြိတ်တောင်တံတားဦး ချောင်းကူးတံတား(မြို့သစ်တံတား)သည် ကြံ့ခိုင်မှုအားနည်းနေသဖြင့် ၂၀၁၈ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလမှ စတင်ပြုပြင်ချဲ့ထွင်တည်ဆောက်လျက်ရှိရာ တစ်စင်းတည်ဆောက်ပြီးစီး အသုံးပြုနေပြီဖြစ်ပြီး ကျန်တစ်စင်းမှာ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းအောင် (ဦးစီးအရာရှိ-မြို့ပြ)ထံမှ သိရသည်။

တံတားနှစ်စင်းအနက် တိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း၉၀ ဖြင့် တည်ဆောက်သည့် အရှည်ပေ ၄၀ အကျယ် ၃၂ ပေရှိ ပါရမီပေါင်းကူးတံတားမှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး အသုံးပြုနေပြီဖြစ်ပြီး တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၂၅၆ ဒသမ ၉ သန်းဖြင့် တည်ဆောက်လျက်ရှိသည့် အရှည် ပေ ၉၀ အကျယ် ပေ ၄၀ ရှိ မြို့သစ်တံတားမှာ ၇၅ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးသွားပြီဖြစ်ကာ တံတား၏တစ်ခြမ်းကို ယာဉ်များဖြတ်သန်းသွားလာနိုင်နေပြီဖြစ်သည်။

အဆိုပါ တံတားနှစ်စင်းသည် မြိတ်မြို့တွင်းရပ်ကွက်များသို့ ဖြတ်သန်းသွားလာရာတွင် နေ့စဉ်အသုံးပြုနေရသော တံတားများဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မြိတ်မြို့အဝင် တည်ဆောက်လျက်ရှိသော တံတားတစ်စင်းကို တွေ့ရစဉ်။

# ကောင်းမှုတော်နှင့် ဇေယျပူရ အမွေအနှစ်များ

မောင်သာ(ရှေးဟောင်းသုတေသန)



မြန်မာနိုင်ငံသမိုင်းတွင် ပုဂံနှင့်အတူ ခေတ်ပြိုင် တည်ထောင်ခဲ့သည့် စစ်ကိုင်းသည် များပြားသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုစည်းနေသည့် နေရာတစ်ခုအဖြစ် ထင်ရှားကာ စစ်ကိုင်းမြို့ဝန်းကျင်၌ မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။

ဗုဒ္ဓသာသနာထွန်းကားခဲ့သည့် မြန်မာနိုင်ငံတွင် စေတီပုထိုး အမြောက်အမြားကို နိုင်ငံတစ်ဝန်း တွေ့ရှိကြရသကဲ့သို့ စစ်ကိုင်းဒေသ ပတ်ဝန်းကျင်တွင်လည်း ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများကို ဖူးတွေ့ကြရပေသည်။ စစ်ကိုင်းတောင်ရိုးတစ်လျှောက်ရှိ များပြားလှသည့် ထုံးဖြူဖြူစေတီများသည် စစ်ကိုင်းမြို့၏ အမှတ်လက္ခဏာတစ်ခု ဖြစ်ပေသည်။ ထို့အတူ စစ်ကိုင်းမြို့မှခြောက်မိုင်အကွာ၌ တည်ရှိသည့် ကောင်းမှုတော်စေတီဟု ထင်ရှားသည့် ရာဇာမဏိစူဠာမဏိစေတီတော်သည်လည်း စစ်ကိုင်းသို့ရောက်လာကြသူတိုင်း မရောက်မဖြစ် သွားရောက်ဖူးမြော်ကြရသည့် ညောင်ရမ်းခေတ်လက်ရာ သာသနိကအဆောက်အအုံတစ်ခုဖြစ်သည်။

ပုဂံခေတ်နှောင်းပိုင်း ခရစ်နှစ် ၁၃၁၅ ခုနှစ်က တည်ထောင်ခဲ့သည့် စစ်ကိုင်းမြို့သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ပြီး ခေတ်အလိုက် သမိုင်းအမွေအနှစ်များစွာ ကျန်ရှိနေခဲ့ရာ ကောင်းမှုတော်စေတီတော်သည်လည်း အပါအဝင် ဖြစ်ပေသည်။

## သမိုင်းထဲမှစစ်ကိုင်း

ကုန်းဘောင်ခေတ် မြို့တော်ငါးခုတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည့် စစ်ကိုင်းသည် မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ ဇေယျပူရအမည်ဖြင့် ထင်ရှားခဲ့သည်။ စစ်ကိုင်းမြို့သည် မန္တလေးမြို့မှ ၁၂ မိုင်အကွာ မင်းဝံတောင်တန်း၏အောက်ခြေ၌ တည်ရှိကာ ဧရာဝတီမြစ်သည် စစ်ကိုင်းမြို့၏အရှေ့ဖျားတွင် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလာပြီး မြို့တောင်ဘက်တွင် အနောက်သို့ ချိုးကွေ့သွားသဖြင့် မြို့ကို ပွေ့ပိုက်ထားသည့်နှယ် ဖြစ်နေသည်။

ဦးဖေမောင်တင်နှင့် ဂျေအက်စ် ဖာနီဗယ်တို့ တည်းဖြတ်သည့် ဇမ္ဗူဒီပဦးဆောင်ကျမ်းတွင် 'စစ်ကိုင်းနယ်ကား အရှေ့ကိုလားသော် ဧရာဝတီ၊ တောင်ကိုလားသော် ဧရာဝတီ၊ အနောက်ကိုလားသော် ဆောက်တောအင်းထွက်ချောင်း၊ မြောက်ကိုလားသော် မန်ကျည်းစည်'ဟု စစ်ကိုင်းမြို့အကျယ်အဝန်းကို ဖော်ပြခဲ့သည်။

ပုဂံပျက်လုနီး နှောင်းပိုင်းအချိန်တွင် ရှမ်းညီနောင်သုံးယောက်အနက် အငယ်ဆုံးဖြစ်သော တစ်စီးရှင်သီဟသူ၏သား စောယွမ်းသည် သက္ကရာဇ် ၆၇၇ ခုနှစ်(ခရစ်နှစ် ၁၃၁၅ ခုနှစ်)တွင် စစ်ကိုင်းမြို့ကိုတည်၍ သီရိအသင်္ခယာဟူသော ဘွဲ့မည်ခံယူပြီး မြောက်ဘက်တစ်လွှားကို မင်းပြုခဲ့သည်။ ထို့ကြောင့် စစ်ကိုင်းမြို့တည်နှစ်ကို 'သားတိုးတိုင်း စစ်ကိုင်းတည်' ဟုလည်းကောင်း၊ 'သံတံတိုင်း စစ်ကိုင်းတည်'ဟုလည်းကောင်း မှတ်သားခဲ့ကြသည်။

မှန်နန်း မဟာရာဇဝင်တော်ကြီးတွင် စစ်ကိုင်းမြို့ အမည်တွင်ပုံကို သာသနာသက္ကရာဇ် ၄၀ ပြည့်နှစ်၌ တကောင်းဘုရင် သတိုးမဟာရာဇာ၏မိဖုရားသည် မျက်မမြင် သားတော်နှစ်ပါးဖြစ်သည့် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ အမြွှာညီနောင်ကို ဖွားမြင်ခဲ့ကြောင်း၊ ဖခင် ဘုရင်က မျက်မမြင်သားနှစ်ယောက်ကို သတ်ခိုင်းသော်လည်း မိခင် မိဖုရားကြီးက မသတ်ဘဲ အသက် ၁၉ နှစ် အရွယ်အထိ ဝှက်ထားခဲ့ပြီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်တစ်ဖောင်ပေါ်တင်ကာ မျှောလိုက်ကြောင်း၊ မျက်မမြင် ညီနောင်နှစ်ပါးတို့သည် ဧရာဝတီမြစ်ကြောင်းစဉ်အတိုင်း ဖောင်ဖြင့်မျောပါလာကြရာ စစ်ကိုင်းအရပ်သို့ ရောက်သောအခါ စစ်ပင်ကြီးတစ်ပင်၏အကိုင်းနှင့် ဖောင်နှင့် ချိတ်မိနေကြောင်း၊ ထိုအချိန်မှစ၍ ကိုင်းနေသည့်စစ်ပင်ကြီး ရှိနေသည့်အရပ်သည် စစ်ကိုင်းဟု အမည်တွင်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ရှေးဟောင်း စစ်ကိုင်းမြို့တော်တွင် မင်းဆက်ခုနစ်ဆက်က နှစ် ၅၀ ကျော် စိုးစံခဲ့ကြရာ အသင်္ခရာစောယွမ်းက ရှစ်နှစ်၊ နောင်တော် တရဖျားက ၁၄ နှစ်၊ တရဖျား၏သားဖြစ်သူ ရွှေတောင်တက်က သုံးနှစ်၊ အသင်္ခယာစောယွမ်း၏သား ကျော်စွာက ၁၀ နှစ်၊ ညီဖြစ်သူ နော်ရထာမင်းရဲက ခုနစ်လ၊ ညီ ဆင်ဖြူရှင် တရဖျားငယ်က သုံးနှစ်နှင့် မင်းပြောက်က ၁၃ နှစ် အုပ်စိုးခဲ့သည်။

## မျက်မှောက်ခေတ် စစ်ကိုင်း

လက်ရှိ စစ်ကိုင်းမြို့နယ်သည် အရှေ့မှ အနောက်သို့ ၂၄ မိုင်၊ တောင်မှမြောက်သို့ ၂၇ မိုင် ရှည်လျား၍ ၄၈၅ ဒသမ ၁၆ စတုရန်းမိုင် ကျယ်ဝန်းပြီး စစ်ကိုင်းမြို့၏အကျယ်အဝန်းသည် ၃ ဒသမ ၆၉ စတုရန်းမိုင်ဖြစ်သည်။ စစ်ကိုင်းမြို့၏ အမြင့်ဆုံးနေရာသည် စစ်ကိုင်းမြို့အရှေ့ဘက်ရှိ စစ်ကိုင်းတောင်တန်းမှ ၁၃၇၃ ပေမြင့်သည့် ရွှေမြင်တင်တောင်ထိပ်ဖြစ်သည်။

စစ်ကိုင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ အမြင့်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်၊ အနောက်ဘက်တွင် မူးမြစ်နှင့် မြင်းမူမြို့နယ်၊ တောင်ဘက်တွင် ဧရာဝတီမြစ်၊ တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်၊ မြောက်ဘက်တွင် ဝက်လက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိဆက်နေသည်။ စစ်ကိုင်းမြို့နယ်ကို မြို့နှစ်မြို့(စစ်ကိုင်းနှင့်ဆားတောင်)၊ ရပ်ကွက် ၃၄ ခု၊ ကျေးရွာအုပ်စု ၇၆ ခု၊ ကျေးရွာ ၁၇၇ ရွာတို့ဖြင့် ဖွဲ့စည်းထားကာ ၂၀၁၇ ခုနှစ် မတ်လက ထုတ်ပြန်ခဲ့သည့် စာရင်းများအရ စစ်ကိုင်းမြို့နယ်တွင် လူဦးရေ ၂၈၂၀၈၂ ဦး နေထိုင်လျက်ရှိပြီး လူဦးရေ ၉၉ ဒသမ ၈ ရာခိုင်နှုန်း(၂၈၁၅၂၃ ဦး)သည် ဗမာလူမျိုးများ ဖြစ်ကြသည်။

စစ်ကိုင်းဒေသသည် စစ်ကိုင်းငလျင်ကြောအတွင်း တည်ရှိနေသဖြင့် ၁၉၅၆ ခုနှစ်က ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ စစ်ကိုင်းမြို့နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြပြီး လက်မှုလုပ်ငန်းအဖြစ် အိုးလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ ငွေထည်ကြေးထည် လုပ်ငန်း၊ ကျောက်ပုတီးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုကြသည်။ စစ်ကိုင်းမြို့နယ်သည် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်းတို့ အချက်အချာကျသဖြင့် မြို့နယ်၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ပဲမျိုးစုံအပါအဝင် ဒေသထွက်ကုန်များကို အခြားဒေသများသို့ တင်ပို့ရောင်းချသည်။ ထို့အတူ မြစ်သဲထုတ်လုပ်ခြင်းနှင့် အုတ်ဖုတ်ခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။

စစ်ကိုင်းသည် သမိုင်းစဉ်ရှည်လျားခဲ့သော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့်အားလျော်စွာ ၂၀၁၇ ခုနှစ် မတ်လ စာရင်းများအရ စစ်ကိုင်းမြို့နှင့် မြို့နယ်အတွင်း၌ ဘုရား ၇၁၉ ဆူ၊ စေတီ ၈၈၁ ဆူ၊ ပုထိုး လေးဆူ၊ ဘုန်းကြီးကျောင်း ၁၂၀၁ ကျောင်း၊ သီလရှင်ကျောင်း ၃၇၇ ကျောင်းနှင့် ဓမ္မာရုံ ၂၉၈ ရုံ တည်ရှိသည်။ ထို့အတူ စစ်ကိုင်းမြို့နယ်တွင် ရဟန်း ၅၇၅၈ ပါး၊ သာမဏေ ၆၂၈၇ ပါး၊ သီလရှင် ၆၇၂၃ ပါး သီတင်းသုံးလျက်ရှိသဖြင့် ဗုဒ္ဓသာသနာတော်အတွက် အားရဖွယ်ဖြစ်ပေသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် စစ်ကိုင်းမြို့ရှိ အစေခံ ခံတပ်၊ သံချက်ဖို၊ အရိယဝံသချောင် ရုပ်စုံကျောင်းတို့ အပါအဝင် အဆောက်အအုံ ၁၀ ခု၊ မင်းကွန်းရှိ မင်းကွန်းခေါင်းလောင်း၊ မြသိန်းတန်စေတီ၊ ပုံတော်စေတီ၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနှစ်ကောင်၊ စက်တော်ရာဘုရားနှင့် ကြက်ထောင့်ကန်၊ ရွာသစ်ကြီးရှိ လောင်းဦးမော် ပိဋကတ်တိုက်တို့ကို ရှေးဟောင်းအဆောက်အအုံများအဖြစ် စောင့်ရှောက်ထိန်းသိမ်းထားသည်။

## သမိုင်းဝင်အဆောက်အအုံများ

မြို့တည်သက်တမ်း နှစ် ၇၀၀ ကျော်ခဲ့ပြီဖြစ်သည့် စစ်ကိုင်းမြို့သည် ရာစုနှစ် ခုနစ်ခုအတွင်း ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီးနောက် ယဉ်ကျေးမှုအမွေအနှစ်များစွာ ကျန်ရှိခဲ့ရာ စစ်ကိုင်းမြို့မှ မြောက်ဘက် ၁၂ မိုင်အကွာ မင်းကွန်းဒေသတွင်ရှိသည့် မင်းကွန်းခေါင်းလောင်းတော်ကြီးနှင့် ပုထိုးတော်ကြီးတို့သည် အထူး ထင်ရှားလှပေသည်။

မင်းကွန်းပုထိုးတော်ကြီးအား အမရပူရကို တည်ထောင်ခဲ့သူ ဘိုးတော်ဘုရား ဗဒုံမင်းက ၁၁၅၂ ခုနှစ် (ခရစ်နှစ် ၁၇၉၀ ပြည့်နှစ်)တွင် စတင်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်ခဲ့ချေ။ ရွှေတိုက်စာရင်းမူ ပုရပိုက်အရ ပုထိုးတော်ကြီးကို အချင်း ၂၉၃ တောင်နှင့် အမြင့် ၃၅၂ တောင် တည်ထားရန် ရည်ရွယ်ခဲ့သော်လည်း ပုထိုးတော်ကြီးသည် ပေ ၁၆၀ အမြင့်အရောက်တွင် ပြိုကျခဲ့ကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

တစ်ကောင်လျှင် ၉၅ ပေစီမြင့်သည့် ခြင်္သေ့ကြီးနှစ်ကောင်ကို ပုထိုးတော်ကြီး၏ အရှေ့ဘက်တွင် ဘိုးတော်ဘုရားကပင် မြန်မာသက္ကရာဇ် ၁၁၅၅ ခုနှစ်(ခရစ်နှစ် ၁၇၉၃ ခုနှစ်)က ထုလုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မြောက်ဘက်ရှိခြင်္သေ့ရုပ်ကြီး ပြိုကျခဲ့ပြီး ၁၃၁၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်ဒဏ်ကြောင့် တောင်ဘက်မှ ခြင်္သေ့ရုပ်ကြီးလည်း ပြိုပျက်ခဲ့သည်။ ဘိုးတော်ဘုရားသည် ဉာဏ်တော် ၁၅ ပေမြင့်သော ပုံတော်စေတီကိုလည်း သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် တည်ထားခဲ့သည်။

အလေးချိန် ၅၅၅၅၅ ပိဿာ (၉၀ ဒသမ ၅၂ တန်)ရှိသည့် မင်းကွန်း ကြေးခေါင်းလောင်းကြီးသည် အသံထွက်နိုင်သော ခေါင်းလောင်းများအနက် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ကာ ကုန်းဘောင်မင်းဆက်၏ ပဉ္စမမြောက်ဘုရင်ဖြစ်သူ ဗဒုံမင်း (၁၇၈၂-၁၈၁၃)က မြန်မာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်(ခရစ်နှစ် ၁၈၀၈ ခုနှစ် ဧပြီ ၂၉ ရက်) သောကြာနေ့တွင် သွန်းလုပ်ခဲ့သည်။

မြသိန်းတန်စေတီကို စစ်ကိုင်းမင်းသားက မြန်မာသက္ကရာဇ် ၁၁၆၃ ခုနှစ်တွင် တည်ထား၍ ၁၁၆၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စစ်ကိုင်းမင်းသားသည် ငွေကျပ်တစ်သိန်းတန် မြကျောက်ကို မတည်ကာ စေတီကိုတည်ခဲ့ခြင်းကြောင့် မြသိန်းတန်စေတီဟု အမည်တွင်ခဲ့သည်။

ဘေးနှစ်ဖက်နှင့် ရှေ့ပိုင်းကို ဖွင့်ထားပြီး နောက်ပိုင်းကို ပိတ်ထားသည့် အုတ်ပြာသာဒ်တိုက်ကြီးတစ်ခုဖြစ်သော စက်တော်ရာစေတီမှာ မိုးမိတ်မင်းသားကြီး၏ကြင်ရာတော် သီရိသုမင်္ဂလာနန္ဒာဒေဝီ၏ ကုသိုလ်တော်ဖြစ်သည်။ ဘုရားရှင်၏ ခြေတော်ရာအား နဂါးနှစ်ကောင်ပတ်ထားသည့် လက်ရာမှာ အမရပူရ ခေတ်လယ်လက်ရာဟု သတ်မှတ်ခဲ့ကြသည်။

စစ်ကိုင်းဒေသရှိ များပြားလှသော စေတီပုထိုးများအနက် အင်းဝဘုရင် နရပတိကြီး(၁၄၄၃-၁၄၆၉) တည်ထားခဲ့သော ထူပါရုံစေတီတော်သည် စစ်ကိုင်းမြို့ ပိုးတန်းရပ်တွင် ရှိသည်။ ထူပါရုံစေတီတော်ကြီးကို ခရစ်နှစ် ၁၄၄၇ ခုနှစ်တွင် ထီးတော်တင်ခဲ့စဉ်က ထောင်ပေါင်းများစွာသော ပြည်သူများသည် မြစ်ကိုဖြတ်လျက်ထိုးထားသည့် ယာယီတံတားကို ဖြတ်သန်း၍ ပျော်ရွှင်စွာ လာရောက်ခဲ့ကြသည်။ ၁၈၃၈ ခုနှစ်က စစ်ကိုင်းတွင်လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ထိုတံတား ပြိုပျက်ခဲ့ပြီး ပုဂံဘုရင်က ၁၈၄၉ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ချေ။

ထို့အတူ ကုန်းဘောင်ခေတ် အမွေအနှစ်များအဖြစ် ရွှေတော်ဦးမော်တောင်ထွတ် အနောက်ဘက်ခြေရင်းတွင် ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် သံချက်ဖို၊ ဧရာဝတီမြစ်ကမ်းရှိ အစေခံ ခံတပ်တို့ ရှိသကဲ့သို့ ၁၉၃၄ ခုနှစ်က တည်ဆောက်ခဲ့သည့် အင်းဝတံတားတို့ကို ယခုတိုင် ထိန်းသိမ်းထားခဲ့ပေသည်။

## ကောင်းမှုတော်

စစ်ကိုင်းမြို့မှ အနောက်မြောက်ယွန်းယွန်း ခြောက်မိုင်အကွာ၌ ညောင်ရမ်းခေတ်လက်ရာဖြစ်သည့် ကောင်းမှုတော်စေတီလုံးကြီးကို မန္တလေး-မုံရွာ ကားလမ်း၏ မြောက်ဘက်အခြမ်းတွင် ဖူးတွေ့ကြရသည်။ တွင်းသင်း မဟာရာဇဝင်သစ်အလိုအရ ညောင်ရမ်းမင်းဆက် တတိယမြောက်ဘုရင် သာလွန်မင်း(ခရစ်နှစ် ၁၆၂၉-၁၆၄၈)သည် မြန်မာသက္ကရာဇ် ၉၉၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်(ခရစ်နှစ် ၁၆၃၆ ခုနှစ် ဧပြီ ၈ ရက်)တွင် စစ်ကိုင်း ဖက်တင်ထိတ်အင်းအနီး၌ သီဟိုဠ်ကျွန်းမှ ထူပါရုံစေတီ ပုံစံအတိုင်း ရာဇမဏိစူဠာစေတီကို တည်ထားကိုးကွယ်ရန် မြေညှိခဲ့သည်။ ထိုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်(ခရစ်နှစ် ၁၆၃၆ ခုနှစ် စက်တင်ဘာ ၄ ရက်)တွင် ဌာပနာ ထည့်သွင်းခဲ့သည်။

ကောင်းမှုတော်စေတီ၏ ကြက်ဥပုံသဏ္ဌာန် အခုံသည် အဝန်း ၂၇၄ မီတာ(၈၉၉ ပေ)နှင့် အမြင့် ၄၆ မီတာ(၁၅၁ ပေ) ရှိသည်။ စေတီတော်၏ ပစ္စယာသုံးဆင့်တွင် အဝိုင်းပုံများ ဆင့်ထားကာ စေတီတော်ကို ငါးပေမြင့်သော ကျောက်သားတိုင် ၈၁၂ တိုင်ဖြင့် ဝိုင်းရံခဲ့သည်။ စေတီထုလုံး အောက်ပိုင်းကို အခေါင်းပေါက် ပြုလုပ်ထားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်းသည် ကောင်းမှုတော်စေတီတော် တောင်ဘက်မုခ်၌ လိုဏ်မုခ်တစ်ခုပြုလုပ်၍ ပဉ္စလောဟာ(ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲ ပေါင်းစပ်ထားသည့် သတ္တုစပ်) ရုပ်ပွားတော်တစ်ဆူကို ထုလုပ်ပူဇော်ထားရှိခဲ့သည်။ ကောင်းမှုတော်စေတီသို့ ရောက်ရှိလာကြသူများသည် တောင်ဘက်မုခ်မှ ဝင်ကြရသဖြင့် ယင်းရုပ်ပွားတော်ကို ဦးစွာ ဖူးမြင်ကြရပြီး တောင်းဆုပြည့်သည်ဟု ယုံကြည်ကြသည်။

စေတီတော်ကြီးကို တည်ဆောက်ခဲ့ရာတွင် အုတ်ချပ်ရေ ၁၀၁၈၆၅၂ ချပ်၊ မြေနီသရွတ် ၁၆၄၅၅၅ တောင်း၊ အင်္ဂတေ ၂၂၄၉၂ တောင်း အသုံးပြုခဲ့ရကြောင်း ကောင်းမှုတော်ဘုရားသမိုင်းတွင် ဖော်ပြထားသည်။ ကောင်းမှုတော်စေတီ၏ ထီးတော်ကို မြန်မာသက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း ၈ ရက်(ခရစ်နှစ် ၁၆၄၉ ခုနှစ် ဧပြီ ၈ ရက်) တနင်္ဂနွေနေ့တွင် သာလွန်မင်း၏သားတော် လေးထပ်ဒါယကာ ပင်းတလဲမင်း (ခရစ်နှစ် ၁၆၄၈-၁၆၆၁)က တင်လှူခဲ့သည်။ ကောင်းမှုတော်စေတီ၏ ထီးတော်သည် အဝ ၉ တောင် ၂ မိုက်၊ အမြင့် ၁၀ တောင် ၁ မိုက် ၄ သစ်ရှိကာ အလေးချိန်မှာ ၃၄၄၀ ပိဿာဖြစ်သည်။ ပင်းတလဲမင်းသည် ခမည်းတော်၏ ကောင်းမှုတော်စေတီတွင် အရံအဆောက်အအုံများဖြစ်သည့် စေတီရံ လေးကျောင်းနှင့် တန်ဆောင်းလေးရပ်တို့ကိုလည်း လှူဒါန်းခဲ့သည်။

ကောင်းမှုတော်စေတီတော် ရင်ပြင်တွင် စိုက်ထူခဲ့သည့် ကျောက်စာတွင် စေတီတော်သမိုင်းကြောင်းနှင့်တကွ စေတီတော်၏ ဝတ္တကမြေများ၊ စေတီတော်ကို စောင့်ရှောက်မည့် ကျွန်စာရင်းများကို မှတ်တမ်းတင်ထားခဲ့သည်။

ကောင်းမှုတော်စေတီကို ယခုအခါ ထုံးသင်္ကန်းများ ပြန်လည် ကပ်လှူလျက်ရှိသည်။ ကောင်းမှုတော်စေတီတော်ကို သာလွန်မင်းကြီး စတင်တည်ထားခဲ့စဉ်က မည်သည့် သင်္ကန်းတော်ကို ကပ်လှူခဲ့ကြောင်း မသိရှိရသော်လည်း ပြည်မင်းလက်ထက်(ခရစ်နှစ် ၁၆၆၁-၁၆၇၂)တွင် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် မှတ်တမ်းပြုခဲ့သည်။

## ဇေယျပူရ

အင်းဝဘုရင် သတိုးမင်းဖျားလက်ထက်(ခရစ်နှစ် ၁၃၆၄-၁၃၆၈)တွင်မင်းနေပြည်တော်ကို စစ်ကိုင်းမှ အင်းဝသို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော် အလောင်းဘုရား၏ သားတော်ကြီးဖြစ်သူ နောင်တော်ကြီးသည် စစ်ကိုင်းတွင် ခရစ်နှစ် ၁၇၆၀ မှ ၁၇၆၄ ခုနှစ်အထိ ပြန်လည်နန်းစိုက်ခဲ့သည်။ နောင်တော်ကြီးမင်း ကွယ်လွန်သောအခါတွင် မြို့တော်ကို အင်းဝသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။

နှစ် ၅၀ ကျော်ကြာ မြန်မာတို့၏ နန်းမြို့တော်ဖြစ်ခဲ့သည့် စစ်ကိုင်းသည် ပြည်တွင်း ပြည်ပ ခရီးသည်များ လာရောက်လည်ပတ်ကြည့်ရှုလေ့ရှိကြသည့် နေရာတစ်ခုအဖြစ် ထင်ရှားခဲ့သည်မှာ နှစ်ကာလ ကြာရှည်ခဲ့ပြီဖြစ်သည်။

မြို့တည်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ မှစ၍ ခေတ်ကာလအဆက်ဆက် တည်ရှိခဲ့သော စေတီပုထိုးများ၊ ခံတပ်များ၊ စက်ရုံများ၊ ကမ္ပည်းကျောက်စာ မော်ကွန်းများ၊ ယဉ်ကျေးမှုအဆောက်အအုံများနှင့် သူတော်စင်တို့ ကိန်းအောင်းရာ တောင်ပေါ်ချောင်များသည် စစ်ကိုင်းဒေသ၏ ထင်ရှားသော သင်္ကေတများအဖြစ် တည်ရှိနေကြသည်။ ယင်းတို့ကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသဖြင့်လည်း စစ်ကိုင်း ခေါ် အောင်ခြင်းမြို့တော်၊ ဇေယျပူရသည် ပြည်တွင်းပြည်ပ ခရီးသွားများအကြား၌ မြန်မာ့ယဉ်ကျေးမှု မြို့တော်တစ်ခုအဖြစ် ထင်ရှားလျက်ရှိပေသည်။ ။

"ကောင်းမှုတော်စေတီကို ယခုအခါ ထုံးသင်္ကန်းများ ပြန်လည်ကပ်လှူလျက်ရှိသည်၊ ကောင်းမှုတော်စေတီတော်ကို သာလွန်မင်းကြီး စတင်တည်ထားခဲ့စဉ်က မည်သည့်သင်္ကန်းတော်ကို ကပ်လှူခဲ့ကြောင်း မသိရှိရသော်လည်း ပြည်မင်းလက်ထက်(ခရစ်နှစ် ၁၆၆၁-၁၆၇၂)တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် မှတ်တမ်းပြုခဲ့သည်"

# ကျောက်ပန်းတောင်းမြို့နယ်မှ စိန်တစ်လုံးသရက်ခြံများ လေဒဏ်ကြောင့် အသီးမတင်မည်ကို တောင်သူများ စိုးရိမ်နေ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က တိုက်ခတ်ခဲ့သည့် လေနီကြမ်းကြောင့် မြို့နယ်အတွင်းမှ စိန်တစ်လုံးသရက်စိုက်ပျိုးကြသည့် သရက်ခြံပိုင်ရှင်များအနေဖြင့် သရက်ပွင့်များ၊ သရက်သီးကင်းများကို လေကြမ်းထိကာ အသီးမတင်မည်ကို စိုးရိမ်နေကြရကြောင်း ဆင်ဆင်းကျေးရွာမှ သရက်စိုက်ခြံပိုင်ရှင် ဦးအောင်ဝင်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ပုပ္ပားတောင်၏ ပတ်ဝန်းကျင်မှ ကျေးရွာများဖြစ်သည့် ဆည်ပေါက်၊ ညောင်ကန်၊ ဆင်ဆင်း၊ နဂါးလည်၊ ဆည်၊ ကျောက်ခွက်၊ သင်ပေါင်း၊ လျှော်တော၊ စီးမ၊ လက်ပံအိုင့်၊ ဂွေးကုန်းနှင့် လဲဂွကျေးရွာများသည် စိန်တစ်လုံးသရက်နှင့် အခြားသရက်အမျိုးမျိုးကို စိုက်ပျိုးနေကြသည့် ကျေးရွာများဖြစ်ကြကြောင်း၊ ယခုနှစ် သရက်ပွင့်များ လှိုင်လှိုင်ပွင့်နေချိန်၊ အချို့သရက်ခြံများ သီးကင်းလိုက်နေချိန် ဖေဖော်ဝါရီ ၁၇ ရက်တွင် တိုက်ခတ်ခဲ့သည့် လေနီကြမ်းကြောင့် သရက်ခြံများ လေဒဏ်ခံခဲ့ရ၍ စိန်တစ်လုံးသရက်ခြံများအနေဖြင့် အထွက်နှုန်းလျော့ကျနိုင်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ဒေသထွက် စိန်တစ်လုံးသရက်သည် အရည်အသွေးကောင်းမွန်သောကြောင့် နာမည်ကောင်းရနေသော သရက်အမျိုးအစားဖြစ်သည်။ ဆည်ကျေးရွာနှင့် စီးမကျေးရွာတို့ရှိ စိန်တစ်လုံးသရက်ခြံများမှာ သီးကင်းတင်သောအချိန်မှာပင် တရုတ်လူမျိုး သရက်သီးပွဲစားများကိုယ်တိုင် ခြံအထိ လာရောက်ကြည့်ရှု၍ ခြံပြတ် ဈေးဖြတ်ပြီး ဝယ်ယူသွားကြကြောင်း၊ အချို့တရုတ် သရက်ပွဲစားများမှာ ဈေးဖြတ်ပြီးသည့် သရက်ခြံများအတွက် ခြံစောင့်များပါလာတတ်ပြီး အချို့ပွဲစားများမှာ ခြံပိုင်ရှင်ကို ပြန်လည် အငှားစောင့်ခိုင်းကြောင်း သိရသည်။

"စိန်တစ်လုံးသရက်ပေါ်ချိန်မှာ အသီးသီးရင် အတော်တွက်ခြေကိုက်တာ၊ ရာသီဥတု မဖောက်ရင်တော့ စိတ်အေးရတာပေါ့၊ သရက်လှိုင်လှိုင်ပွင့်နေချိန်၊ အဖူးဖူးနေချိန်မှာ မိုးတိမ်တောင် အုံ့မှိုင်းရင်လည်း အပွင့်တွေ အစေးထွက်ပြီး သရက်သီးမတင်ဘူး၊ သရက်က မဖူးမပွင့်ဘဲ သရက်ရွက်အနုထွက်သွားရင်လည်း အဲဒီနှစ်မှာ မသီးပြန်ဘူး၊ ကျွန်တော်တို့ဘက်က စိန်တစ်လုံးသရက်ခြံတွေကို သဘာဝအတိုင်းပဲ ထားကြတာ၊ ဓာတ်မြေဩဇာ ဓာတုဆေးမှ မကျွေးတော့ နာမည်ရလာတာ၊ အရည်အသွေးကောင်းတဲ့အကြောင်း တစ်ဆင့်စကား တစ်ဆင့်နား ကြားရတော့ ကျောက်ပန်းတောင်းဒေသ စိန်တစ်လုံးသရက်ခြံပိုင်ရှင်တွေကိုယ်စား ဝမ်းသာရပါတယ်"ဟု နဂါးလည်ကျေးရွာမှ သရက်ခြံပိုင်ရှင် ဦးထွန်းထွန်းက ပြောသည်။

ပြီးခဲ့သည့်နှစ်က စိန်တစ်လုံးသရက်သီးများမှာ ဈေးကောင်းခဲ့သော်လည်း အခြားသရက်သီးများ ဈေးနှုန်းအဆမတန်ကျဆင်းမှုကြောင့် လုပ်အားခမကာမိဖြစ်၍ မခူးမရောင်းဘဲ ထားခဲ့ရကြောင်း၊ သရက်သီးဈေးကွက်တစ်ခု ခိုင်မာလျှင် သရက်စိုက်သူများ ပိုမို အဆင်ပြေလာနိုင်ကြောင်း၊ သရက်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ကြောင်းနှင့် သရက်သီးဈေးကွက်၊ အသီးအရည်အသွေး၊ အသီးဈေးနှုန်း ခိုင်မာမှုရှိခြင်းဖြင့် အပူပိုင်းဒေသ ကျောက်ပန်းတောင်းမြို့နယ်၏ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကာ သရက်စိုက်တောင်သူတို့၏ လူနေမှုဘဝကိုလည်း ပို၍ တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ်မှ စိန်တစ်လုံးသရက်ခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



အပွင့်များလှိုင်လှိုင်ပွင့်နေသော သရက်ခြံတစ်ခြံ

## ရွှေကူမြို့၌ အမျိုးသမီးခေါင်းဆောင်မှု သင်တန်းဖွင့်

**ရွှေကူ ဖေဖော်ဝါရီ ၂၅**
ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သည့် အမျိုးသမီးခေါင်းဆောင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၉)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ရွှေကူမြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇာနည်ဖြိုးထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းကော်မတီဝင် ဒေါ်ဆန်းဆန်းဝင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများအား မိတ်ဆက်ပေးပြီး မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဥက္ကဋ္ဌ) ဦးကိုကိုမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါသင်တန်းတွင် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာထောက်ပံ့ပေးခြင်းနှင့် နိုင်ငံသားတို့ရပိုင်ခွင့် အသိပညာများမျှဝေခြင်းအဖွဲ့ (Sisterhood, Moral Supporting and Civic Engagement)မှ ဥက္ကဋ္ဌ ဒေါ်နီမိုးလိုင်နှင့် နည်းပြဆရာသုံးဦးက အမျိုးသမီးများ၏ ခေါင်းဆောင်မှုအရည်အချင်း၊ လူ့အသိုင်းအဝိုင်းတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လူကုန်ကူးမှုအကြောင်း အသိပညာပေးလုပ်ငန်းများ၊ ဒီမိုကရေစီ၏ မရှိမဖြစ် အင်္ဂါရပ်များ၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများအကြောင်း၊ နိုင်ငံတကာ ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးများ စသည့် ခေါင်းစဉ်များဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသို့ ဒေသခံအမျိုးသမီးသင်တန်းသူ ၁၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်သို့ နေ့စဉ်ထုတ်သတင်းစာငါးစောင် တစ်နှစ်စာ လှူဒါန်း

**တောင်ငူ ဖေဖော်ဝါရီ ၂၅**
တောင်ငူမြို့ဗိုလ်ချုပ်ရင်ပြင်ရှိ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်သို့ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ စံတော်ချိန်၊ မြန်မာတိုင်း(မ်)၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာငါးစောင် တစ်နှစ်စာ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင် သတင်းစာဆရာ ဦးကျော်လှ(သမာဓိ)က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင်များဖြစ်သော ဦးကျော်လှ(သမာဓိ)နှင့် ဦးမင်းမင်းဦး မိသားစုတို့က သတင်းစာငါးစောင် တစ်နှစ်စာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဘဆွေက လက်ခံရယူပြီး အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝ၄၈)**



အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

## သထုံ၌ ဒူးရင်းသီးနှင့် မင်းဂွတ်သီးများ ယခုနှစ်တွင် အသီးထွက်နှုန်းနည်းနိုင်

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၅**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ကျေးရွာများ၌ စိုက်ပျိုးသည့် ရာသီပေါ်သီးနှံများဖြစ်သော ဒူးရင်းသီးနှင့် မင်းဂွတ်သီးများ ယခုနှစ် ဈေးကွက်အတွင်း စတင်ဝင်ရောက်သည့်အချိန်တွင် ဈေးကောင်းရရှိနိုင်သော်လည်း သီးနှံပင်များ ရှားပါးလာခြင်းကြောင့် အသီးအထွက်နှုန်းမှာ ယခင်နှစ်များထက် လျော့ကျနိုင်ကြောင်း သိရသည်။

"ဒူးရင်းသီးနဲ့ မင်းဂွတ်သီးတွေက ဒီဒေသရဲ့ ပြယုဂ်တစ်ခုပါ၊ လက်ဦးသီးရရင် ဈေးကောင်းရတယ်၊ မနှစ်ကဆို ဒေသဒူးရင်းသီး ပုံမှန်တစ်လုံးကို ကျပ် ၅၀၀၀ လောက် ရတယ်၊ မင်းဂွတ်သီးက တစ်လုံး ကျပ် ၂၅၀ လောက် ရတယ်ပေါ့၊ အခုက ခြံထဲမှာ ဒူးရင်းသီးတွေတော့ တစ်လုံးစ၊ နှစ်လုံးစ ကြွေနေပြီ၊ မင်းဂွတ်သီးတွေလည်း ရင့်မှည့်စပြုနေပါပြီ၊ ဒါပေမယ့် အရင်နှစ်တွေကို မပြောနဲ့၊ မနှစ်ကလောက်တောင် အသီးမများတော့ဘူး၊ ဒူးရင်းပင်တွေက ဘာကြောင့်မှန်းမသိဘဲ သေကုန်တော့ မနှစ်ကထက် အသီးနည်းနိုင်တယ်၊ အပင်တွေကလည်း သီးတဲ့အပင်ကသီး၊ မသီးတဲ့အပင်က မသီးနဲ့၊ တချို့အပင်တွေဆို အသီးမှည့်တော့မယ်၊ တချို့အပင်တွေက ဖူးပွင့်တုန်း ရှိသေးတယ်"ဟု ဒူးရင်းခြံပိုင်ရှင် ဝင်းပကျေးရွာသားတစ်ဦးက ပြောသည်။

သုဝဏ္ဏဝတီမြို့ရှိ သစ်သီးအရောင်းဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်တစ်ဦးကလည်း "ဒီအချိန်မှာ ဒီဒေသထွက် ဒူးရင်းသီးက တစ်လုံးစ၊ နှစ်လုံးစပဲ ရသေးတယ်၊ ရောင်းဈေးက တစ်လုံး ကျပ်ရှစ်ထောင်လောက် ရောင်းပါတယ်၊ မင်းဂွတ်သီးက မထွက်သေးပါဘူး၊ ဒီမှာရောင်းနေတဲ့ မင်းဂွတ်သီးတွေက ထိုင်းကလာတဲ့ အသီးတွေကိုပဲ ရောင်းနေရတာပါ"ဟု ပြောပြသည်။ ဒေသအသီးအနှံများ ထွက်ရှိချိန်မှာ တပေါင်းလမှ နယုန်လအထိဖြစ်ကြောင်း သိရသည်။



သုဝဏ္ဏဝတီမြို့ သစ်သီးအရောင်းဆိုင်တစ်ဆိုင်တွင် ရောင်းချနေသော ဒူးရင်းသီးနှင့် မင်းဂွတ်သီးများ

သုဝဏ္ဏဝတီမြို့တွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော် အချိန်ကတည်းက သီးနှံခြံမြေများပေါ်၌ ရော်ဘာပင်များ အစားထိုး စိုက်ပျိုးလာကြခြင်းကြောင့် ဒူးရင်းပင်နှင့် မင်းဂွတ်ပင်များ အရေအတွက် လျော့နည်းလာခဲ့သလို အပင်များ သဘာဝအလျောက် သေဆုံး၊ လျော့နည်းလာခဲ့ချိန်တွင် အစားထိုး ထပ်မံစိုက်ပျိုးမှုများလည်း နည်းလာခဲ့သောကြောင့် သုဝဏ္ဏဝတီမြို့၏ နာမည်ကျော် ဒူးရင်းသီးများ အထွက်နှုန်း လျော့နည်းလာခြင်းဖြစ်ရာ အဆိုပါသီးနှံပင်များကို ပြန်လည်စိုက်ပျိုးကြရန် လိုအပ်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင်မူ ခြံရှင်အချို့အနေဖြင့် အပင်သစ်များ ပြန်လည်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**
နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းအတွင်း ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့် အိမ်ထောင်စုများအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ဖေဖော်ဝါရီ ၂၄ ရက်က သွားရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် နေပြည်တော်ကောင်စီမှ ပေးအပ်သည့် အိမ်ထောင်စုတစ်စုလျှင် ကျပ် ၅၀၀၀၀ စီဖြင့် အိမ်ထောင်စု ၂၁ စုအတွက် ထောက်ပံ့ငွေ ကျပ် ၁၀၅၀၀၀၀ ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်း ဦးဆောင်သော အဖွဲ့ဝင်များက အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးနှင့် ရိက္ခာခုနစ်ရက်စာကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နေပြည်တော်တိုင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးတင်ငွေ ဦးဆောင်သော အဖွဲ့ဝင်များကလည်း အခြား ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မီးလောင်ကျွမ်းခဲ့သော နေရာများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**



မီးဘေးသင့်အိမ်ထောင်စုဝင်တစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်နေစဉ်

# ညောင်ရွှေမြို့ရှိ အင်းလေးကန်ကြီး ပြုပြင်ထိန်းသိမ်းနေပြီ



ပြုပြင်ထိန်းသိမ်းနေဆဲ အင်းလေးကန်။

မြန်မာနိုင်ငံ၏ အရှေ့ဘက်ကုန်းမြင့်ဒေသ တောင်ကြီးခရိုင် ညောင်ရွှေမြို့တွင် တောင်ပေါ်ပင်လယ်ဟု တင်စားခေါ်ဝေါ်နေသော သဘာဝခရီးသွားလုပ်ငန်း နယ်မြေတစ်ခုဖြစ်သည့် အင်းလေးကန်ကြီးရှိသည်။ အင်းလေးကန်၏ ထူးခြားသည့် ပထဝီအနေအထားအရ အင်းလေးကန်သည် ဇီဝမျိုးစုံ မျိုးကွဲများဖြင့် ပြည့်စုံနေ သည့်အပြင် တန်ခိုးကြီး ဖောင်တော်ဦးစေတီလည်း တည်ရှိသည်။ ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်လည်ပတ်လေ့လာနေသော ဒေသဖြစ်သည်။

အင်းလေးကန်သည် အင်းရေပြင်ဧရိယာ ၂၄ စတုရန်းမိုင်ရှိသည်။ အင်းလေးကန်တွင် ကျွန်းမျောရိုင်းဧရိယာ ၁၃ စတုရန်းမိုင်၊ ကျွန်းမျောစိုက်ခင်း ဧရိယာ ၁၅ စတုရန်းမိုင်၊ လူနေထိုင်သည့် ဧရိယာ ၃ စတုရန်းမိုင်နှင့် စိုက်ပျိုးမြေ ၈ စတုရန်းမိုင်ရှိပြီး လက်ရှိနယ်နိမိတ် ဧရိယာမှာ ၆၃ စတုရန်းမိုင်ဧရိယာရှိသည်။ အင်းလေးကန်သည် ထုံးကျောက်များ အရည်ပျော်ရာမှ ဖြစ်ပေါ်လာသည့် ကျောက်ပျော်ကန်အမျိုးအစားဖြစ်သည်။ အင်းလေးကန်သည် အရှေ့ဘက်နှင့် အနောက်ဘက်တွင် တည်ရှိသည့် တောင်နှင့် မြောက်သွယ်တန်းနေသော တောင်တန်းကြီးနှစ်ခုအလယ်တွင် တည်ရှိသည်။

အင်းလေးကန်၏ ရေဝေရေလဲဧရိယာသည် ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဖယ်ခုံမြို့နယ်များ ပါဝင်သည့် မြန်မာနိုင်ငံ၏ ရေတိမ်ဒေသကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံ၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် သဘာဝရေအိုင်ဖြစ်သည်။ အင်းလေးကန်သည် ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်နေသည့် ထင်ရှားသော နေရာတစ်ခုဖြစ်သည်။ အင်းလေးကန်တွင် လှေကို ခြေထောက်ဖြင့် လှော်ခတ်သည့် ဓလေ့မှာ ကမ္ဘာတွင် ထူးခြားဆန်းပြားသည့် ဓလေ့ဖြစ်သည်။

ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ဆက်စပ်ဖြစ်ပေါ်လာရသည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် လက်ရှိအချိန်တွင် အင်းလေးကန်သည် သဘာဝအနေအထား ပျက်သုဉ်းမှုဒဏ်ကို ခံစားနေရသည်။ ၂၀၁၀ ပြည့်နှစ်က အင်းလေးကန်အတွင်း ရေကျဆင်းမှုအဆိုးရွားဆုံး အခြေအနေဖြင့် ရင်ဆိုင်တွေ့ကြုံရသည်။ ထိုအခြေအနေဆိုးကို ကြုံတွေ့ရပြီး နောက်ပိုင်း အင်းလေးကန် ရေရှည်တည်တံ့ရေးကို ဌာနပေါင်းစုံ၊ ဘက်ပေါင်းစုံက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဆည်မြောင်းဌာန၊ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်း၍ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို စီမံကိန်းအသွင်ဖြင့် ၁၉၉၂ ခုနှစ်က ညောင်ရွှေတွင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတစ်ရုံး ဖွင့်လှစ်ကာ အင်းလေးကန် အမြဲစိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းကာကွယ်ရန် လုပ်ငန်းခေါင်းစဉ်တစ်ရပ်ချမှတ်ကာ ဆောင်ရွက်နေသည်။

အင်းလေးကန်အတွင်းသို့ မြောက်ဘက်မှ စီးဝင်သော ချောင်းတစ်ချောင်း၊ အရှေ့ဘက်မှ စီးဝင်သော ချောင်း ၁၇ ချောင်း၊ အနောက်ဘက်မှ စီးဝင်သော ချောင်း ၁၁ ချောင်း စုစုပေါင်း ၂၉ ချောင်းမှ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်ရှိသည်။ အင်းလေးကန်အတွင်းသို့ ချောင်း ၂၉ ချောင်းမှ နှစ်စဉ် သဲနုန်းကျင်းပေါင်း သုံးသိန်းမှ ငါးသိန်းအထိ ဝင်ရောက်ပို့ချလျက်ရှိသည်။ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နှစ်စဉ်ပျမ်းမျှကျင်းပေါင်း တစ်သိန်းခန့်သာ တူးဖော်ဖယ်ရှားနိုင်ခဲ့သည်။

အင်းလေးကန်အတွင်းသို့ သဲနုန်းများ ပို့ချလျက်ရှိသည့် အဓိကချောင်းများမှာ နမ့်လက်ချောင်း၊ နယ်ခြားချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့ဖြစ်သည်။ အင်းလေးကန်ထိန်းသိမ်းရေးနှင့် သာယာလှပရေးအတွက် ဆည်မြောင်းဌာနက ယနေ့အထိ နုန်းထိန်းတမံခြောက်ခု၊ နုန်းဖမ်းဆည် ၂၇၅ ခု၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို နှစ်စဉ်ပျမ်းမျှ သဲကျင်း ၁၀၅၂၅၀ ကို တူးဖော်ခဲ့ရာ ယနေ့အထိ သဲနုန်းကျင်းပေါင်း ၃၀ ဒသမ ၈၄ သိန်း တူးဖော်ပြီးဖြစ်သည်။

အင်းလေးကန်၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က နုန်းများဖြင့် ပြည့်နေပြီဖြစ်သည်။ ကန်ထောင့်ကန်၊ နဒီကန်၊ သာစည်ကန်၊ ကန်တော်ကန်၊ ကန်နီကန်စသည့် ကန်များအား နုန်းဝင်ကန်များအဖြစ် အသုံးပြုရန် သဲနုန်းများ တူးဖော်ခြင်း၊ ရေဖယ်နုန်းထိန်းတမံနှင့် သနပ်ခါး နုန်းထိန်းတမံတို့မှ သဲနုန်းဖယ်ရှားခြင်း၊ အင်းလေးကန်အတွင်း အဓိက စီးဝင်သည့် ချောင်းများကို စနစ်တကျ ပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊ အင်းလေးကန်၏ အဓိက ဆက်သွယ်သည့် ရေလမ်းကြောင်းများဖြစ်သည့် နန့်လတ်ချောင်း၊ ငါးဖယ်ချောင်း၊ ဖောင်တော်ဦးအလိုတော်ပေါက်ရေလမ်းကြောင်းနှင့် ကျေးရွာချင်းဆက်သွယ်သည့် ရေလမ်းကြောင်းများမှ သဲနုန်းများအား တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်နေသည်။

အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကန်အတွင်းနှင့် ကန်စပ်ဧရိယာများ၊ ရေဝင်ချောင်းများတွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအပြင် အင်းလေးကန်ရေဝေရေလဲ ဧရိယာအတွင်း သဲနုန်းကျဆင်းမှုကို ထိန်းသိမ်းကာကွယ်နိုင်မည့် သဲကောသစ်ပင်များ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ ကမ်းပါးပြိုများ စနစ်တကျထိန်းသိမ်းခြင်း၊ မြေယာအသုံးချမှု မှန်ကန်စေရေးအတွက် ကျေးရွာအထိ ကွင်းဆင်းစည်းရုံးကာ ပညာပေးဆောင်ရွက်နေသဖြင့် အင်းလေးကန်ကြီး အစဉ်ထာဝရ စိမ်းလန်းသာယာ စိုပြည်လှပမှုကို အဓွန့်ရှည်အောင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း ရေသားတင်ပြအပ်ပါသည်။ ။

**တင်လှိုင်(မိတ္ထီလာ)**

## ဆင်ဖြူရှင်တံတားလုံခြုံရေးပိုမိုကြီးကြပ်ပေးရန် ဒေသခံများလိုလားနေ




တိုင်းဒေသကြီးနှစ်ခုကို ဆက်သွယ်ပေးရာ ဆင်ဖြူရှင်တံတားကို တွေ့ရစဉ်။

**ရေစကြို ဖေဖော်ဝါရီ ၂၅**

ချင်းတွင်းမြစ်အား ဖြတ်သန်းကာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ထားသော ဆင်ဖြူရှင်တံတားကြီးပေါ်တွင် လုံခြုံရေးလျော့နည်းလျက်ရှိသဖြင့် ဆင်ဖြူရှင်တံတားလုံခြုံရေးကို ယခင်ထက်ပိုမိုကြီးကြပ်ပေးရန် မကွေးတိုင်းဒေသကြီးဘက်ခြမ်း ဆင်ဖြူရှင်တံတားအနီးရှိ ဒေသခံကျေးရွာများက လိုလားလျက်ရှိသည်။

ညအချိန်တွင် ဆင်ဖြူရှင် တံတားပေါ် တိုင်အမှတ် ၇ ၊ ၈ နေရာများတွင် အမည်မသိ ဒေသခံမဟုတ်သူများမှ ဘီယာပုလင်း၊ အရက်ပုလင်းများဖြင့် မူးယစ်သောက်စားပြီး တံတားပေါ်ဖြတ်သန်းသွားလာသူတချို့ကို ရန်ရှာခြင်း၊ တံတားပေါ် ပုလင်းများ ခွဲသွားခြင်းများကို မကွေးတိုင်းဒေသကြီးဘက်ခြမ်းရှိ ဆင်ဖြူရှင်တံတားအနီး နေထိုင်သူ ဒေသခံများ မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ဒေသခံမဟုတ်သူများက တံတားပေါ်ဖြတ်လာသော မိန်းကလေးများထံမှ ပိုက်ဆံလုယက်ခြင်းများ ရှိနေသည်ဟုလည်း ကြားနေရသဖြင့် မကွေးတိုင်းဒေသကြီးဘက်ခြမ်းမှ ဆင်ဖြူရှင်တံတားအနီး နေထိုင်သူဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မကြာသေးမီက ဆင်ဖြူရှင်တံတားပေါ် မိုးကြိုးလွှဲတပ်ဆင်ထားသည့် ငါးပင်လိမ်ကြေးကြိုးကို ဖြတ်တောက်ခိုးယူခံခဲ့ရပြီး ၁၂ လပိုင်းခန့်ကလည်း ဆင်ဖြူရှင်တံတားပေါ်မှ ရထားလမ်း ဇလီဖားတုံးပေါ်တွင် ဆေးလိပ်ပစ်ချခဲ့ခြင်းကြောင့် ရထားလမ်း ဇလီဖားတုံး မီးလောင်မှုဖြစ်ပွားခဲ့သေးကြောင်း ဆင်ဖြူရှင်တံတားမီးရထားလမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဝင် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးထံမှ သိရသည်။

ထို့ကြောင့် ဆင်ဖြူရှင်တံတားလုံခြုံရေးကို ယခင်ထက်ပိုမိုကြီးကြပ်ပေးရန် မကွေးတိုင်းဒေသကြီးဘက်ခြမ်းရှိဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ကချင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနရှစ်ခု တိုးချဲ့စစ်ဆေးသွားမည်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၉ ခုနှစ် မတ် ၆ ရက်မှ ၁၅ ရက်အထိ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်း ယခင် ပညာသင်နှစ်ထက် ယခုပညာသင်နှစ်တွင် စာစစ်ဌာန ရှစ်ခု တိုးချဲ့စစ်ဆေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စာစစ်ဌာန ၆၆ ခု ဖွင့်လှစ်၍ ကျင်းပစစ်ဆေးခဲ့ရာ ကျောင်းတွင်းဖြေ ကျောင်းသား ကျောင်းသူ ၂၀၇၂၂ ဦးရှိပြီး ကျောင်းပြင်ပဖြေ ၁၄၈၈၄ ဦး စုစုပေါင်း ၃၅၆၀၆ ဦးဖြေဆိုခဲ့ကာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းတွင်းနှင့် ကျောင်းပြင်ပဖြေ ကျောင်းသား ကျောင်းသူ ၃၈၁၄၈ ဦး စာရင်းပေးသွင်းထားရှိပြီး ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်တွင် စာစစ်ဌာနတစ်ခု၊ မိုးညှင်းခရိုင်တွင် စာစစ်ဌာန ငါးခု၊ ဗန်းမော်ခရိုင်တွင် တစ်ခုနှင့် ပူတာအိုခရိုင်တွင် တစ်ခု စုစုပေါင်း စာစစ်ဌာန ရှစ်ခု တိုးချဲ့ဖွင့်လှစ်စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးသန်းထွန်းထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



သီပေါမြို့စည်ပင်ဌာနမှ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်။

## ပြည်တွင်းပြည်ပနိုင်ငံခြားသားများ လာရောက်လျက်ရှိသည့် သီပေါမြို့ပုံရိပ်ကောင်းမွန်ရန် ပြည်သူနှင့် စည်ပင်ပူးပေါင်းဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မန္တလေး-သီပေါ-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌တည်ရှိပြီး သဘာဝအရင်းအမြစ်များနှင့် လှပထင်ရှားသော ရှေးမြို့တစ်မြို့ဖြစ်သဖြင့် နေ့စဉ်နှင့်အမျှ ပြည်တွင်း၊ ပြည်ပနိုင်ငံခြားသားခရီးသွားများလာရောက်အပန်းဖြေရာဒေသတစ်ခုဖြစ်သည်နှင့်အညီ မြို့၏ပုံရိပ်ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ် (၁၁) ရပ်ကွက်မှ စွန့်ပစ်အမှိုက်များကို ဌာန၏အမှိုက်သိမ်းယာဉ် လေးစီးဖြင့် နေ့စဉ်သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အမှိုက်စွန့်ပစ်မြေ ၃ ဒသမ ၅၈ ဧကတွင် စနစ်တကျ စွန့်ပစ်ဖျက်ဆီးနိုင်ရန် စက်ယန္တရားများဖြင့်လည်းကောင်း၊ စေတနာရှင်မြို့သူမြို့သားများဝယ်ယူ၍ စည်ပင်သာယာရေးဌာနသို့ လှူဒါန်းခဲ့သည့် မြေ ၄ ဧကခန့် မြေနေရာသစ်၌ လည်းကောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် လူအင်အား၊ မော်တော်ယာဉ်အင်အားများ ဖြည့်ဆည်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

## မြိတ်မြို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ဆောင်ရွက်သွားမည်

**မြိတ် ဖေဖော်ဝါရီ ၂၅**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို လာမည့် မတ် ၆ ရက်မှစတင်၍ တစ်နိုင်ငံလုံးတွင် ကျင်းပတော့မည်ဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ စာမေးပွဲကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံရေးအတွက် ပိုမိုအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်မျိုးမြင့်တို့ ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းချိတ်ဆက်ကာ စာမေးပွဲကာလတွင် ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရေးနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံရေးအတွက် စတင် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ကလေးတွေ စာမေးပွဲဖြေတဲ့ အသွားအပြန်အချိန်တွေမှာ ယာဉ်အန္တရာယ်ကင်းဝေးဖို့နဲ့ ယာဉ်ကြောပိတ်ဆို့မှု မရှိဖို့၊ မီးပွိုင့်တွေမှာ ယာဉ်တွေပိတ်ဆို့နေတာမျိုးတွေ မဖြစ်စေဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ၊ ဒါ့အပြင် စာစစ်ဌာနတစ်ခုစီမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ ချထားပြီး ယာဉ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ပေးသွားမှာပါ၊ ကလေးတွေ ဖြေဆိုခွင့်ကတ်ပြား ကျန်ခဲ့တာမျိုးတွေနဲ့ ကျန်းမာရေး အရေးပေါ်အခြေအနေမျိုးတွေမှာ အလျင်အမြန် ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက်လည်း အစဉ်စောင့်ကြည့်သွားပါမယ်"ဟု အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကိုကိုက ပြောသည်။

ယခုနှစ်တွင် မြိတ်မြို့နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် လျှောက်ထားသူ ကျောင်းဖြေ ၄၂၂၈ ဦးနှင့် ပြင်ပဖြေ ၂၉၈၉ ဦးရှိကာ ဖြေဆိုခွင့်ခုံအမှတ်ကတ်ပြားများကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ထုတ်ပေးလျက်ရှိပြီး စာမေးပွဲအတွက် မြိတ်မြို့တွင် စာစစ်ဌာနကိုးခုခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ် ပညာရေးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကနီမြို့နယ် တွင်းမအင်းသို့ ပြည်တွင်းခရီးသွား လာရောက်လည်ပတ်

**ကနီ ဖေဖော်ဝါရီ ၂၅**

ယခုနှစ် ပွင့်လင်းရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ တွင်းမအင်းသို့ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှု များပြားလာလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ လမ်းဘေးရှိ စိမ်းပြာရေညို စပီရူလိုင်းနားထုတ်လုပ်ခဲ့သော တွင်းမအင်းသည် ၂၀၁၇ ခုနှစ်မှစ၍ စိမ်းပြာရေညို မထွက်တော့သောကြောင့် ဒေသခံများက တွင်းမအင်း ပတ်လည်တွင် အပန်းဖြေအနားယူရန်နေရာများ ပြုလုပ်ထားခဲ့ရာ ထိုနေရာများသို့ ပြည်တွင်းခရီးသွားများ လာရောက်အပန်းဖြေမှု များလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတွင်းမအင်းကို ၂၀၁၅-၂၀၁၆ လောက်ကတည်းက ပြည်တွင်းခရီးသွား တစ်ဦးစ၊ နှစ်ဦးစ လာရင်းကနေ ခုနောက်ပိုင်းမှာ တွင်းမအင်းရဲ့ သဘာဝအလှရှုခင်းကို လာရောက်ကြည့်ရှုသူတွေ တဖြည်းဖြည်း များလာတယ်၊ နေ့စဉ် လူဦးရေ ၁၀၀ လောက်အထိ လာနေကြတယ်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဆို ပိုလာတယ်၊ နောက်ပိုင်းမှာ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာရင် အခုထက် ခရီးသွားဝင်ရောက်မှုပိုများလာမယ်လို့ မျှော်လင့်တယ်၊ ပြည်ပခရီးသွားကတော့ နည်းပါတယ်၊ ပြည်တွင်းကပဲ များတယ်၊ ကျောင်းသူ ကျောင်းသားတွေ အလာများတယ်"ဟု တွင်းထဲကျေးရွာမှ ကိုဇော်မျိုးမောင်က ပြောသည်။

တွင်းမအင်း တောင်ကုန်းကြီးမှာ ပေ ၈၀၀ ကျော် မြင့်ပြီး အင်းရေပြင်မှာ ဧက ၁၅၀ ကျော် ကျယ်ဝန်းကြောင်း၊ အင်းဘေးပတ်လည်တွင် အုန်းပင်ကြီးများ ဝိုင်းရံနေသည့်အတွက် ထူးခြားသည့် သဘာဝအလှများ၊ သာယာလှပသည့် အနေအထားများကြောင့် ခရီးသွားဧည့်သည်များအနေဖြင့် စိတ်ဝင်စားစွာ လာရောက်လည်ပတ်နေကြခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"၂၀၁၇ ခုနှစ်လောက်ကတည်းက ရေညို မထွက်တော့တာ၊ ထုတ်လုပ်တဲ့ကုမ္ပဏီလည်း နားသွားတယ်၊ အခု ကျွန်တော်တို့က အင်းပတ်လည်မှာ အပန်းဖြေအနားယူလို့ရတဲ့ ဆိုင်နေရာလေးတွေ လုပ်ထားတယ်၊ သဘာဝအတိုင်းဖြစ်နေတဲ့ အင်းရေပြင်ထဲမှာ စက်လှေစီးပြီး ဆောင်းခိုငှက်တွေ ကြည့်လို့ရအောင်၊ အုန်းရည်သောက်ရင်း အပန်းဖြေအနားယူလို့ရအောင် လုပ်ထားပါတယ်"ဟု တွင်းထဲကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

တွင်းမအင်းပတ်လည်တွင် အိမ်ခြေ ၉၀ ခန့်ရှိသည့် တွင်းထဲကျေးရွာရှိပြီး အဆိုပါကျေးရွာမှ ဒေသခံများသည် အင်းပတ်လည်တွင် သဘာဝအတိုင်းပေါက်ရောက်နေသော အုန်းပင်များမှ အုန်းသီးများခူးကာ ရောင်းချခြင်း၊ ကွမ်းစိုက်ခြင်းနှင့် တွင်းပိုးပြုလုပ်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)၊**
**ဓာတ်ပုံ - ဖြိုးအောင်(စစ်ကိုင်း)**



အုန်းပင်ကြီးများဖြင့် သာယာလှပနေသော တွင်းမအင်းပတ်လည် သဘာဝပတ်ဝန်းကျင်ကို တွေ့ရစဉ်။

## လားရှိုးမြို့မှ ဆေးဝါးဖြန့်ဖြူးရောင်းချသူများအား စံမမီဆေးဝါးများအကြောင်း အသိပေးရှင်းလင်း

**လားရှိုး ဖေဖော်ဝါရီ ၂၅**

လားရှိုးမြို့နယ်အတွင်းမှ ဆေးဝါးဖြန့်ဖြူးရောင်းချသူများနှင့် ဆေးဆိုင်ပိုင်ရှင်များအား မှတ်ပုံတင်မရှိသောဆေးဝါးများ၊ ဆေးဝါးအတုများနှင့် စံမမီဆေးဝါးများအကြောင်း အသိပေးရှင်းလင်းပွဲကို လားရှိုးမြို့ရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က အမှာစကားပြောကြားပြီး အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ဒေါက်တာစိုင်းမင်းသူထွန်းက စံမမီဆေးဝါးများ၊ ဆေးဝါးအတုများ၊ မှတ်ပုံတင်မရှိသောဆေးဝါးများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းပြသကာ ထိုဆေးဝါးများ ရောင်းချခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

လားရှိုးမြို့ရှိ တွဲဖက် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ FDA မှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့များသည် ဖေဖော်ဝါရီ ၂၀ ရက်က လားရှိုးမြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံနှင့် မြို့မဈေးအနီးရှိ ဆေးဆိုင်ငါးဆိုင်တို့ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ သက်တမ်းလွန်ဆေးဝါး ငါးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး ထပ်မံရောင်းချမှုမရှိစေရေးအတွက် ခံဝန်လက်မှတ်များ ရေးထိုးစေခဲ့ရကြောင်း၊ ထို့ကြောင့် ယနေ့ အသိပေးရှင်းလင်းပွဲကို ပြုလုပ်ခြင်းဖြစ်ကာ ရှင်းလင်းပွဲသို့ လားရှိုးမြို့ရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးဆိုင်များနှင့် ဆေးကုမ္ပဏီများမှ တာဝန်ရှိသူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဆေးဆိုင်ရှင်များအား စံမမီဆေးဝါးများအကြောင်း ပညာပေးပြောကြားနေစဉ်။

## ရွှေဘိုခရိုင်၌ နွေစပါးနှင့် နွေသီးနှံ ဧက သုံးသိန်းခွဲကျော် လျာထားစိုက်ပျိုးလျက်ရှိ

**ရွှေဘို ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း နွေသီးနှံ ဧက ၃၅၃၄၀၀ ကျော် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေသီးနှံများ လျာထားမှုတွင် အဓိကသီးနှံဖြစ်သည့် နွေစပါးကို ၂၄၂၃၈၅ ဧက စိုက်ပျိုးရန်နှင့် အခြားသီးနှံများကို ၁၁၁၀၁၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း၊ အဆိုပါသီးနှံများကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ရာ သဖန်းဆိပ်ရေလှောင်တမံမှ ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရေပေးမြောင်းကြီးလေးမြောင်းမှတစ်ဆင့် နွေသီးနှံ ဧက ၃၂၉၃၀၀ အတွက် ဆည်ရေများ စတင်ဖြန့်ဝေပေးထားပြီး နွေသီးနှံဧက ၂၄၁၀၀ ကိုမူ အခြားနည်းလမ်းများဖြစ်သော မြေအောက်ရေ၊ လျှပ်စစ်မြစ်ရေတင်၊ စက်ရေတင်နှင့် သဘာဝရေဝင်တို့ဖြင့် စိုက်ပျိုးရန် လျာထားလုပ်ဆောင်နေကြောင်း သိရသည်။

ရွှေဘိုခရိုင်၌ ပြီးခဲ့သည့်နှစ်က နွေသီးနှံ စုစုပေါင်း ၃၆၄၀၅၂ ဧက လျာထားခဲ့ပြီး လျာထားချက်ထက် အနည်းငယ်ပို၍ ၃၆၄၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင်မူ သဖန်းဆိပ်ရေလှောင်တမံ၌ ယမန်နှစ်ကရှိသော ရေသိုလှောင်ပမာဏ ဧကပေထက် လျော့နည်းနေသဖြင့် နွေသီးနှံစိုက်ဧက လျာထားမှုကိုလည်း ပြီးခဲ့သည့်နှစ်ထက်လျှော့၍ လျာထားသတ်မှတ်ရခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ယာယီခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်း၏ ပြောကြားချက်အရ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**



ရွှေဘိုခရိုင်အတွင်းမှ စိုက်ပျိုးရေးအတွက် မြေယာလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲကျင်းပမည့် အခြေခံပညာ စာစစ်ဌာနအသီးသီးတွင် ထုတ်ပေးနေပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စာစစ်ဌာနငါးခုဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး ယခုနှစ်တွင် မြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုရန် လျှောက်ထားသူ အရေအတွက်မှာ ကျောင်းဖြေ ၂၀၆၅ ဦးနှင့် အပြင်ဖြေ ၁၂၇၇ ဦး စုစုပေါင်း ၃၃၄၂ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်းအရ ဝါးဘိုးချောင်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း စတင်ဆောင်ရွက်

**ထီးလင်း ဖေဖော်ဝါရီ ၂၅**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တတိယနှစ်စက်ဝန်းကာလ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများအနက် ဝါးဘိုးချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းအနေနဲ့ ကျေးရွာလူထုကရွေးချယ်တဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတာပါ၊ အခုလည်း ဝါးဘိုးချောင်ကျေးရွာလူထုက တောင်းဆိုတဲ့ ကျေးရွာမီးလင်းရေးလုပ်ငန်းကို ကျေးရွာလူထုနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်"ဟု ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝါးဘိုးချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လူထုဗဟိုပြုစီမံကိန်းမှ ပံ့ပိုးငွေ ကျပ် ၁၉၃ သိန်းကျော်ဖြင့် ၁၀ မီတာအရှည် ကွန်ကရစ်တိုင် ၁၁ လုံး၊ ကိုးမီတာအရှည် ကွန်ကရစ်တိုင် ၂၄ လုံး စိုက်ထူမည်ဖြစ်ပြီး မီးကြိုးသွယ်တန်းမည့်အရှည်မှာ ပေ ၃၂၈၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလင်းရေးလုပ်ငန်းသည် အိမ်ထောင်စု ၄၆ စု၊ လူဦးရေ ၂၂၉ ဦးအား အကျိုးခံစားခွင့် ရရှိစေမည်ဖြစ်ကာ လုပ်ငန်းများကို ဟိဏ်းမိသားစုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထီးလင်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းကာလအတွင်း ကျေးရွာ ၄၃ ရွာတွင် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ မီးလင်းရေးလုပ်ငန်းများကို နှစ်လအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**စိန်ကျော်**



ကျေးရွာမီးလင်းရေးအတွက် ဓာတ်တိုင်များ လိုက်လံစိုက်ထူနေစဉ်။

# သင်လည်း တစ်နေ့ အိုရပါဦးမည်



ခင်သိင်္ဂီအောင်

**ယနေ့ခေတ်မျက်မှောက်လောကကြီးတွင် Ageism အမည်ရှိသည့် အသက်အရွယ်အရ ခွဲခြားဆက်ဆံခံနေရမှုများအား ကြုံတွေ့ရမှု များပြားလာပါသည်။ Ageism အမည်ရှိသော အသက်အရွယ်အရ ခွဲခြားဆက်ဆံခံနေရမှုသည် ဘာကိုခေါ်ပါသလဲ။**

၎င်းသည် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးအပေါ် မည်သို့သက်ရောက်နေပြီနည်း။Ageism ကို ဘယ်လိုတိုက်ဖျက်ကြမလဲ စသည့် အကြောင်းအရာများအား ဗဟုသုတရစေခြင်းအကျိုးငှာ ဤဆောင်းပါးအား ရေးသားရခြင်းဖြစ်ပါသည်။

**Ageism အမည်ရှိသောအသက်အရွယ်အရ ခွဲခြားဆက်ဆံခံနေရမှုသည် ဘာကိုခေါ်ပါသလဲ**

ယနေ့ကမ္ဘာကြီးတွင် ခွဲခြားဆက်ဆံခြင်းပုံစံမျိုးစုံကို နေရာအစုံတွင် တွေ့နေရပါသည်။ ဥပမာအားဖြင့် လူမျိုး အသားအရောင်အရ၊ လိင်အရ၊ ဘာသာရေးအရ၊ အသက်အရွယ်အရ၊ မသန်စွမ်းမှုအရ၊ လူနေမှုစနစ်အရခွဲခြားခံရခြင်းစသည်တို့ရှိသဖြင့် Ageism သည် တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့၏အသက်အရွယ်ကြောင့် ခွဲခြားဆက်ဆံခံရခြင်းဖြစ်ပြီး ထို Ageism သည် ၎င်းတို့၏ ယုံကြည်မှု၊ အလုပ်အကိုင်များ၊ ငွေရေးကြေးရေးနှင့် ဘဝအရည်အသွေးများအပေါ်တွင် သက်ရောက်မှုရှိနိုင်ပါသည်။ ယနေ့ခေတ် ကမ္ဘာပေါ်တွင် အသက် ၆၀ ကျော် လူဦးရေ သန်း၆၀၀ ခန့်ရှိပြီး ၎င်းအရေအတွက်သည် ၂၀၂၅ တွင် နှစ်ဆဖြစ်မည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားပါသည်။ အောက်တိုဘာ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ (International Day of Older Persons) အဖြစ် တစ်ကမ္ဘာလုံးတွင် သတ်မှတ်ထားပါသည်။

John Knodel,Ph.D ရေးသားသော Aging in Myanmar စာအုပ်တွင် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ခန့်မှန်းချက်သုတေသနများအရ စင်ကာပူနိုင်ငံတွင် လူဦးရေစုစုပေါင်း၏ အသက် ၆၀ ကျော်လူဦးရေမှာ ၁၇ ဒသမ ၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁၅ ဒသမ ၈ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၆ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံသည် အလယ်အလတ်နှုန်းအဆင့် ဖြစ်နေပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ယခုနှုန်းအတိုင်း ဆက်လက်သွားမည်ဆိုပါက ၂၀၅၀ ပြည့်နှစ် အရှေ့တောင်အာရှနိုင်ငံများတွင် သက်ကြီးရွယ်အိုပမာဏသည် များပြားလာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာသည် ၂၀၃၀ ပြည့်နှစ်တွင် အသက် ၆၀ အထက်လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်လာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ မျှော်မှန်းခန့်မှန်းထားပါသည်။

**Ageism ၏ အကျိုးသက်ရောက်မှုသည် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးအပေါ် သက်ရောက်နေပြီလား**

Ageismသည် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ထိခိုက်လာနိုင်သော အဓိအချက်များထဲတွင် တစ်ခုအပါအဝင် ဖြစ်နေပါသည်။ ၎င်းတို့သည် စိတ်ဖိစီးမှုများ များပြားလာပြီး မိမိကိုယ်မိမိ ဘာမှမလုပ်နိုင်တော့ဟု ထင်မြင်လာရာမှ ကျန်းမာရေးကို ထိခိုက်လာပြီး စိတ်ဖိစီးမှုများ ခံစားလာရကာ အဆိုးမြင်လာမည်။ လူ့အသိုင်းအဝိုင်းထဲတွင် သီးသန့်နေရသလို ခံစားလာမည်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ထိခိုက်လာပြီး စီးပွားရေးများကို ကောင်းမွန်စွာ မလုပ်ဆောင်နိုင် ဖြစ်လာပါမည်။ ထိုကဲ့သို့သော လူဦးရေများ များပြားလာပါက လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးအား ထိခိုက်မှုများစွာဖြစ်စေနိုင်ပါသည်။

Ageism သည် အသက်အရွယ်ကို ခွဲခြားခြင်းဖြစ်သဖြင့် အသက်အရွယ်ကြီးသူများ တိုက်ရိုက်ခံစားလာရပါသည်။ထို့ကြောင့် သက်လတ်များနှင့် သက်ကြီးသမားများအား အဆိုးမြင်သမားဖြစ်စေရန် တွန်းပို့ပေးသကဲ့သို့ ဖြစ်နေပါသည်။ အထူးသဖြင့် လုပ်ငန်းခွင်ထဲတွင် အသက်အရွယ်ကြီးသူများအတွက် ဆိုးကျိုးများ ဖြစ်ပေါ်နေပါသည်။ အလုပ်အကိုင်ရရှိခြင်းများတွင် အသက်အရွယ်သည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ကိုရီးယားနိုင်ငံသို့ ပညာတော်သင်သွားစဉ်က အချင်းချင်းစတင်တွေ့ဆုံ၍ နှုတ်ဆက်သည့်အခါ အသက်ဘယ်လောက်ရှိပြီလဲဟု စတင်အမေးခံရဖူးသဖြင့် တအံ့တဩ ဖြစ်ခဲ့ဖူးပါသည်။ မြန်မာနိုင်ငံတွင် အသက်အရွယ်သည် ထိုမျှကဲ့သို့ သက်ရောက်မှုပေးနေကြောင်း မခံစားမိဖူးပါ။

သုတေသနများအရ ငယ်ရွယ်သူများနှင့် နှိုင်းယှဉ်ပါက အသက် ၄၀ ကျော်သမားများသည် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးကြောင်းနှင့် သက်လတ်နှင့် သက်ကြီး နှိုင်းယှဉ်ပါက သက်လတ်သမားသည် အလုပ်အကိုင်ပိုမိုရရှိပြီး အလုပ်ကို ပိုမိုလုပ်ကိုင်နိုင်သည်ဟု တွေ့ရှိကြပါသည်။

**Ageism ကိုဘယ်လိုတိုက်ဖျက်ကြမလဲ**

မူဝါဒချမှတ်သူများ၊ အလုပ်ရှင်များသည် မီဒီယာများမှတစ်ဆင့် Ageism အားနားလည်သဘောပေါက်စေရန် အသိပညာဗဟုသုတပေးခြင်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးရပါမည်။ အလုပ်ရှင်များ၊ အဖွဲ့အစည်းများမှတစ်ဆင့် အသိပညာပေးသင်တန်းများ၊ သင်ကြားပေးမှုများ လုပ်ဆောင်ပေးရပါမည်။ Ageism အား အပြုသဘောဆောင်သောကိစ္စရပ် (positive images) အဖြစ် အသက်အရွယ်ကြီးသူများ မြင်လာစေရန်၊ လက်ခံလာစေရန် ဆောင်ရွက်ပေးရပါမည်။ အမေရိကန်နိုင်ငံတွင် ထိုကဲ့သို့လုပ်ဆောင်ခဲ့ပြီး Ageism ကို သိသိသာသာ လျှော့ချနိုင်ပြီ ဖြစ်ပါသည်။ Ageismသည် မြန်မာနိုင်ငံတွင် သတိမထားမိသေးသော်လည်း Ageism ကို ရင်ဆိုင်နေရသော ကိုရီးယားနှင့် ဂျပန်နိုင်ငံကဲ့သို့ နိုင်ငံများတွင် မျှော်မှန်းသက်တမ်း (life expectancy) အလွန်အမင်းမြင့်မားပြီး သက်ကြီးရွယ်အိုများ များပြားသည့်ဒဏ်ကို ခံစားနေရပြီး Ageism သည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ ထိုနိုင်ငံများတွင် အစိုးရက Ageism ၏ အကျိုးသက်ရောက်မှုကို လျော့ကျစေနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အသက်အရွယ်ကြီးသူများအား ၎င်းတို့စွမ်းဆောင်ရည်အလိုက် အလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရပါမည်။ ဥပမာအားဖြင့် အသက်အရွယ်ကြီးသူများအား ၎င်းတို့အသက်အရွယ်နှင့် ၎င်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာ ဆောင်ရွက်နိုင်မှုအလိုက် လုပ်ငန်းများ၊ အများပြည်သူအကျိုးပြု ပရဟိတလုပ်ငန်းများ စသည်ဖြင့် အလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အသက်အရွယ်ကြီးသူများသည် ကိုယ်လက်လှုပ်ရှားမှုကြောင့် ကျန်းမာရေးအခြေအနေ တိုးတက် ကောင်းမွန်ရုံမျှမက အပိုဝင်ငွေလည်းရရှိသကဲ့သို့ ၎င်းတို့သည် မိမိကိုယ်မိမိ ဘာမှအသုံးမဝင်တော့ဟု ထင်မြင်နေရာမှ မိမိသည် စွမ်းဆောင်နိုင်သေးကြောင်း၊ အလုပ်အကိုင်များ လုပ်ကိုင်နိုင်သေးကြောင်း မိမိကိုယ်ကိုမိမိ ယုံကြည်မှုများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးသင့်ပါသည်။ ထို့အပြင် အသက်အရွယ်ကြီးသူများအချင်းချင်း တစ်ပတ်တစ်ကြိမ် (သို့မဟုတ်) တစ်လတစ်ကြိမ်ခန့် စုဝေးကာ အတူချက်ပြုတ်စားသောက်ကြခြင်း၊ ဗဟုသုတများဖလှယ်ကြခြင်း၊ ခရီးအတူသွားကြခြင်း၊ လမ်းလျှောက်ခြင်း၊ တောင်တက်ကြခြင်းစသည်တို့ ဆောင်ရွက်ပေးခြင်းဖြင့် စိတ်ဖိစီးမှုကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်သော ပျော်ရွှင်သောဘဝဖြစ်စေရန် နေထိုင်ဆောင်ရွက်သင့်ပေသည်။ ဤနည်းများအားဖြင့်လည်း သက်ကြီးရွယ်အိုတို့၏ ယုံကြည်မှုများ၊ အလုပ်အကိုင်များ၊ ငွေရေးကြေးရေးနှင့် ဘဝအရည်အသွေးများအား ပြန်လည်မြှင့်တင်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများနှင့် ပတ်သက်သော ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ ထိုဥပဒေတွင် သက်ကြီးရွယ်အိုဆိုသည်ကို အသက် ၆၀ အထက်ရှိသူများအား သတ်မှတ်ပြီး မြန်မာနိုင်ငံအစိုးရမှ ၂၀၁၆ ခုနှစ်တွင် သက်ကြီးရွယ်အို ၄ ဒသမ ၇၅ သန်းရှိသည်ဟုခန့်မှန်းပြီး မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ ၅၁ သန်းအနက် ၉ ဒသမ ၀၆ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းပါသည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ဆောင်မှုလုပ်ငန်း များစွာရှိသည့်အနက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်အဖြစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း**

မြန်မာနိုင်ငံသည် အခြားနိုင်ငံများကဲ့သို့ သက်ကြီးရွယ်အို အလွန်အမင်းများပြားသည့်ဒဏ်ကို မခံစားရသေးသော်လည်း နောင်လာမည့်ဆယ်စုနှစ်များတွင် ယင်းပြဿနာကို ရင်ဆိုင်နိုင်သည်ဖြစ်ပါသောကြောင့် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအားလုံး ဂုဏ်သိက္ခာရှိရှိနှင့် သွက်လက်ကျန်းမာပြီး လုံခြုံစိတ်ချရသောဘဝမျိုးဖြင့် လျှောက်လှမ်းနိုင်မည့် အစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုများအတွက် အဓိကလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အနာဂတ်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းသည် သမားရိုးကျ ဘိုးဘွားရိပ်သာများလုပ်ငန်းတစ်ခုတည်းနှင့် လုံလောက်မှုမရှိသည့်အတွက် အခြားနည်းစနစ်များကိုလည်း ရှာဖွေဆောင်ရွက်လျက်ရှိပါသည်။

**"မြန်မာနိုင်ငံတွင် Ageism ၏ အကျိုးသက်ရောက်မှုကို ယခုအချိန်တွင် မခံစားရသေးသော်လည်း နောင်တစ်ချိန်တွင် မဖြစ်ပေါ်လာနိုင်ဟု ကောက်ချက်ချ မပြောနိုင်ပါသောကြောင့် အကယ်၍ ခံစားလာရပါက အသက်အရွယ်ကြီးသူများအား မည်သို့ ကြင်နာစွာဆက်ဆံကြမည်၊ မည်သို့မည်ပုံဆောင်ရွက်ကြမည်ကို ကြိုတင်မှန်းဆကာ အနာဂတ်အတွက် စီမံကိန်း တစ်ခု ကြိုတင်ရေးဆွဲသင့်"**

**ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း**

မြန်မာနိုင်ငံတွင် ကိုရီးယားအာဆီယံအိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကို ၂၀၀၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲနွမ်းပါးပြီး အထီးကျန်ဆန်နေသော သက်ကြီးရွယ်အိုများကို လူမှုရေးနှင့် ကျန်းမာရေးအရ စောင့်ရှောက်မှုပေးခြင်းဖြင့် ၎င်းတို့၏ဘဝ ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်ရေး ဖြစ်ပါသည်။

လုပ်ငန်းစဉ်မှာ ရွေးချယ်လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်းများက အထီးကျန်ဆန်ပြီး စောင့်ရှောက်ရန်လိုအပ်နေသည့် ဘိုးဘွားတစ်ဦးဆီအား စေတနာ့ဝန်ထမ်းတစ်ဦးက တာဝန်ယူစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ စောင့်ရှောက်ရာတွင် လူမှုရေးအရစောင့်ရှောက်ခြင်း၊ ရှေးဦးသူနာပြုစုခြင်းကဲ့သို့သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် Help-Age International (Myanmar) နှင့် ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ကျေးရွာစုစုပေါင်း ရွာ ၄၀ တွင် ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပြီး သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့(Older People Self-Help Groups- OPSHGs) ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် Help-Age International (Myanmar) နှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတို့တွင် သက်ကြီးရွယ်အိုများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ဧပြီလမှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လစဉ်တစ်လ ၁၀၀၀၀ နှုန်းဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါသည်။

**သင်လည်းတစ်နေ့အိုရပါဦးမည်**

**(Ageism will soon affect you too)**

မြန်မာနိုင်ငံတွင်Ageism ၏ အကျိုးသက်ရောက်မှုကို ယခုအချိန်တွင်မခံစားရသေးသော်လည်း နောင်တစ်ချိန်တွင် မဖြစ်ပေါ်လာနိုင်ဟု ကောက်ချက်ချ မပြောနိုင်ပါသောကြောင့် အကယ်၍ ခံစားလာရပါက အသက်အရွယ်ကြီးသူများအား မည်သို့ကြင်နာစွာဆက်ဆံကြမည်၊ မည်သို့မည်ပုံဆောင်ရွက်ကြမည်ကိုကြိုတင်မှန်းဆကာ အနာဂတ်အတွက် စီမံကိန်းတစ်ခုကြိုတင်ရေးဆွဲသင့်ပေသည်။ ကျွန်မတို့ မြန်မာနိုင်ငံတွင် အသက်အရွယ်ကြီးနေသော်လည်း နိုင်ငံ့တာဝန်များအား ကျရာအခန်းကဏ္ဍမှ ယခုအချိန်ထိ တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ခေါင်းဆောင်များ၊ ဝန်ထမ်းများ အများအပြားရှိပါသည်။ နိုင်ငံ့ခေါင်းဆောင်များ၊ ဝန်ထမ်းများမဟုတ်ကြသော်လည်း ကျရာတာဝန်မှ ထမ်းဆောင်နေကြသော သား သမီးများ၏ တာဝန်သာမက မြေးများအထိ တာဝန်ယူကာ မိမိတတ်နိုင်သော၊ ဆောင်ရွက်နိုင်သော အခန်းကဏ္ဍမှ ဆောင်ရွက်နေကြသော ဘိုးဘိုးဘွားဘွားများလည်း အများအပြားရှိပါသည်။ အသက်အရွယ်ကြီးသူများသည် ဉာဏ်ပညာပြည့်စုံကြသည်။ လူငယ်များထက် စဉ်းစားတွေးခေါ်မှုအားကောင်းသည်။ အတွေ့အကြုံဗဟုသုတ များစွာရှိကြသည်။အသက်အရွယ်ကြီးသူများသည် ရုပ်ပိုင်းဆိုင်ရာအရ မသန်မာ မစွမ်းဆောင်နိုင်တော့သော်လည်း ၎င်းတို့သည် ၎င်းတို့ဖြတ်သန်းခဲ့ကြသော အတွေ့အကြုံများ ဖြစ်တည်ခဲ့မှုများအရ အကြံဉာဏ်ကောင်းများ ပေးနိုင်ကြပါသည်။ အသက်အရွယ်ကြီးသူများ၏ စိတ်ပိုင်းဆိုင်ရာခံစားနေရမှုများကို နားလည်ပေးနိုင်ရပါမည်။ လူ့လောကအဖွဲ့အစည်းကြီးအား အကျိုးပြုရန်အတွက် လုပ်ငန်းဆောင်တာများအား အတူတကွလက်တွဲ ဆောင်ရွက်သွားကြရပါမည်။ နိုင်ငံတော်အစိုးရမှလည်း သက်ကြီးရွယ်အိုများအား အလေးထား ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုဘက်မှလည်း သက်ကြီးရွယ်အိုများအား ခွဲခြားဆက်ဆံမှုကင်းစွာ ဖေးမ စောင့်ရှောက်ကြရမည်ဟူသော အသိပညာများ ဖြန့်ဖြူးပေးကာ သက်ကြီးရွယ်အိုများအား ဖေးဖေးမမချစ်ချစ်ခင်ခင် ဆက်ဆံပေးကြရပါမည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဟူသောစကားပုံသည် သင်လည်းတစ်နေ့အိုရဦးမည်ဟု ပြောနေသယောင်ပင်ဖြစ်ပါသောကြောင့် အသက်အရွယ်ကြီးသူများအား အသက်အရွယ်အရ ခွဲခြားဆက်ဆံမှုကင်းသော လူငယ်လူကြီးချစ်ချစ်ခင်ခင် ပူးပေါင်းသော ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းဘဝများကို ဖန်တီးတည်ဆောက်ကြရင်း Ageism ကို တိုက်ဖျက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ရွှေမင်းကံ စကြာမုနိကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရပ်ဝေးရပ်နီးအသီးသီးမှ၊ အလှူရှင်များနှင့်တကွ သာဝက၊ ဝေနေယျများအား၊ လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ သြဇာလမ်းရှိ မိုးကုတ်မမွှေရိပ်သာ ရွှေမင်းကံကျောင်းတိုက်တွင်၊ မဟာဗောဓိစေတီတော်၊ စကြာမုနိရုပ်ပွားတော်မြတ်များ၊ တည်ထားကိန်းဝပ်စမ္ပာယ်တော်မူရာ-(ဘက်စုံသုံး၊ ငါးထပ်ခွဲ)ကျောင်းတော်ကြီး၌၊ ဗုဒ္ဓါဘိသေကမင်္ဂလာ၊ ရေစက်ချအလှူတော်မင်္ဂလာ သိန်း ၁၀၂၀-မှ၊ ၁-သိန်းအထိ အလှူရှင်များအား၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ အခမ်းအနားကို၊ တပြိုင်နက် ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍၊ သာသနာ ၂၅၆၂/ကောဇာ-၁၃၈၀/တပို့တွဲလဆုတ်(၁၂)ရက်၊ ၃. ၃. ၂၀၁၉-ခု၊ တနင်္ဂနွေနေ့- နံနက်(၈)နာရီအရောက်၊ ကြွရောက်ကြပါရန်၊ အတိဂါရဝ၊ နိဝါတဖြင့်၊ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

## ဖြည့်စွက်ရှင်းလင်း အသိပေးကြေညာခြင်း

ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းမှ စီမံကိန်းမြေနေရာ ပိုင်းခြားသတ်မှတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များ အသိပေးထုတ်ပြန်ခြင်းခေါင်းစဉ်ဖြင့် ၁၈-၂-၂၀၁၉ ရက်နှင့် ၂၀-၂-၂၀၁၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းဖော်ပြခဲ့သော ကြေညာချက်အား အောက်ပါအတိုင်း ဖြည့်စွက်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

(၁) အဆိုပါကြေညာချက်၏ ရည်ရွယ်ချက်မှာ ဒီးဒုတ်စီမံကိန်းကြောင့် သက်ရောက်မှုရှိလာနိုင်သော မြေနေရာများနှင့်ပတ်သက်ပြီး စီမံကိန်းသက်ရောက်ဧရိယာအတွင်းရှိ ကျေးရွာများတွင် ဆွေးနွေးရှင်းပြနေသော အသေးစိတ်တိုင်းတာ၊ ရေတွက်စစ်တမ်း၊ ကောက်ယူမည့်အစီအစဉ်များအကြောင်းကို မသိရှိသေးသော စီမံကိန်းသက်ရောက်ရာဒေသရှိ ကျေးရွာလူထုများသို့ အသိပေးအကြောင်းကြားလိုခြင်း ဖြစ်ပါသည်။ ယင်းကြေညာချက်သည် စီမံကိန်းမြေနေရာ ပိုင်းခြားသတ်မှတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို အသိပေးကြေညာချက်သာဖြစ်ပါကြောင်းနှင့် ဥပဒေကြောင်းရာအရ လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းအပြင် လယ်ယာမြေသိမ်းယူခြင်းဥပဒေ၊ အခန်း(၄)အရ လုပ်ဆောင်သွားမည်မဟုတ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ၎င်းကြော်ငြာချက်ကြောင့် နားလည်လွဲမှားမှုများဖြစ်ပေါ်ခဲ့ပါသဖြင့် ကျေးရွာလူထုများနှင့် မြေပိုင်ရှင်များသို့ အနူးအညွတ်တောင်းပန်အပ်ပါသည်။

(၂) ဖော်ပြထားခဲ့သော ဧရိယာအတိုင်းအတာ

| မြို့နယ် | စုစုပေါင်းဧရိယာ(ဧက) | |
|---|---|---|
| | အပြီးသတ်လွှဲပြောင်းရယူမည့်မြေယာ | ယာယီလွှဲပြောင်းရယူမည့်မြေယာ |
| ကျောက်ဆည် | ၂၇၈ဒသမ၉၁ | ၅၀ဒသမ၆၈ |
| ပြင်ဦးလွင် | ၂၀၆ဒသမ၄၇ | ၂၉ဒသမ၁၂ |
| စုစုပေါင်း | ၄၈၅ဒသမ၃၈ | ၇၉ဒသမ၈၀ |

| မြို့နယ် | စုစုပေါင်းဧရိယာ(ဟက်တာ) | |
|---|---|---|
| | အပြီးသတ်လွှဲပြောင်းရမည့်မြေယာ | ယာယီလွှဲပြောင်းရယူမည့်မြေယာ |
| ကျောက်ဆည် | ၁၁၂ဒသမ၈၇ | ၂၀ဒသမ၅၁ |
| ပြင်ဦးလွင် | ၈၃ဒသမ၅၅ | ၁၁ဒသမ၇၈ |
| စုစုပေါင်း | ၁၉၆ဒသမ၄၂ | ၃၂ဒသမ၂၉ |

အဆိုပါကြေညာချက်ပါ ဖော်ပြထားသော ဧရိယာအတိုင်းအတာများသည် အကြိုအင်ဂျင်နီယာ နည်းပညာဖြင့် တွက်ချက်ထားသော ကနဦးအတိုင်းအတာများသာ ဖြစ်ပါသည်။ နောက်ပိုင်းတွင် မြေပြင်ကွင်းဆင်းတိုင်းတာပြီး ရရှိလာသည့် နောက်ဆုံးဧရိယာအတိုင်းအတာများကသာ အတည်ဖြစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(၃) သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
ဒီးဒုတ်စီမံကိန်းကြောင့် သက်ရောက်မှုရှိလာနိုင်သော မြေနေရာများနှင့်ပတ်သက်ပြီး စီမံကိန်းသက်ရောက်ဧရိယာအတွင်းရှိ ကျေးရွာများတွင် ဆွေးနွေးရှင်းပြနေသော အသေးစိတ်တိုင်းတာ၊ ရေတွက်စစ်တမ်း၊ ကောက်ယူမည့်လုပ်ငန်းစဉ်များကို မသိရှိသေးသော သက်ဆိုင်သူများရှိပါက ဆက်သွယ်နိုင်ရန်အတွက်သော်လည်းကောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ သိရှိမေးမြန်းလိုပါကသော်လည်းကောင်း အောက်ဖော်ပြပါ ဆက်သွယ်ရမည့်လိပ်စာ(သို့မဟုတ်)ဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒီးဒုတ်စီမံကိန်းရုံးခန်း**
**အမှတ်(၄၁၃/၂) ၃၅လမ်း၊ ၆၃×၆၄ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၈၉၄၇၈၃၈၅၉**
**High Tech Construction Trust Co,Ltd**

## အမည်မှန်

ကသာမြို့၊ ရပ်ကွက်(၁)၊ ရွှေမေတ္တာလမ်းနေ ဦးကျော်ကျော်လွင်၏ သမီး အထက(၁) စတုတ္ထတန်းမှ မမေမိုးထက်၏ အမည်မှန်မှာ မမေမီမိုး ဖြစ်ပါကြောင်း။ **မမေမီမိုး**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) နဝမတန်း(A)မှ မသွယ်သွယ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးညီညီခိုင် ၁/ဗမန(နိုင်)၀၅၄၁၂၀ ဖြစ်ပါကြောင်း။ **ဦးညီညီခိုင်**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးထွန်းဦး ၁၄/ပသန(နိုင်)၁၄၅၈၂၅ ၏သမီး မစုမြတ်ထွန်း ၁၄/ပသန(နိုင်)၂၄၇၉၈၅အား ယနေ့မှစ၍ မစုမြတ်ထွန်း(ခ)မစန်းပွင့်စံ ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

## အမည်မှန်

သာပေါင်းမြို့နယ်၊ အထက(သာပေါင်း) တက္ကသိုလ်ဝင်တန်း(B)မှ ဦးကျော်မင်းလှိုင်၏ သမီး မပပကျော်အား မခင်ပပကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ပပကျော်**

## အမှန်ဖတ်ရှုပါရန်

၂၄-၂-၂၀၁၉ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဦးစိုင်းဝင်းထွန်းအား ဦးနိုင်ဝင်းထွန်း ၁၂/မဂတ(နိုင်)၀၂၁၄၈၉ဟု လည်းကောင်း၊ A-1နှင့် B-1 မြေညီထပ်တို့၏ (ခေါင်းရင်းခန်း) နှစ်လွှာအား A-1 နှင့် B-1 မြေညီထပ်တို့၏ မှန်ခန်း(ခေါင်းရင်းခန်း) ဟု လည်းကောင်း၊ ဦးခင်မောင်ဝင်း ၁၂/တကန(နိုင်)၁၂၄၇၆၅ အား ၁၂/တကန(နိုင်)၁၂၇၄၆၅ဟုလည်းကောင်း အမှန်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးရောင်ကြာရှီး ၁၃/လရန(နိုင်)၀၆၁၄၅၂ ၏သား လားရှိုးမြို့၊ ရပ်ကွက်(၆)နေ မောင်သွင်သူဟိန်းနှင့် မောင်ဘုန်းမြတ်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၀ ဖြစ်ပါကြောင်း။

**မောင်သွင်သူဟိန်း(ခ)**
**မောင်ဘုန်းမြတ်သူ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၇၈၉၂၆ Dayang.110 M/Cယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာ(၄)လမ်း၊ ဧရိယာ ၀ဒသမ ၂၄၂ဧက၊ မြေကွက်အမှတ်(A-035)နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ပိုင်ရှင် ဦးတင်စိုး ၁၃/နခတ(နိုင်)၀၅၀၁၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးညွန့်၊ အထက်တန်းရှေ့နေ (စဉ်-၃၉၈၇၃)**
**၅/၉(ခ)၊ တောင်သာအုပ်စု၊ ကျော်ညီနောင်ရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၉၆၃၂၇၅၉၀၄၊ ၀၉-၄၀၀၀၉၆၅၆၃**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနလက်အောက်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံတွင် ထည့်သွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါ ရုပ်/သံနှင့် ဆက်စပ်လုပ်ငန်းများနှင့် စာကြည့်တိုက်လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ တင်ဒါပုံစံများကို တစ်စောင်လျှင် ဖော်ပြပါသတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | Lot No. | တင်ဒါပုံစံကြေး |
|---|---|---|---|
| (က) | Audio အသံစနစ်နှင့် ဆက်စပ်ပစ္စည်းများ | Lot No.(1) | ၅၀၀၀ိ/- |
| (ခ) | Video ရုပ်မြင်စနစ်နှင့် ဆက်စပ်ပစ္စည်းများ | Lot No.(2) | ၂၀၀၀ိ/- |
| (ဂ) | Conference Room အတွက် Tv Wall နှင့် ဆက်စပ်လုပ်ငန်းများ | Lot No.(3) | ၅၀၀၀ိ/- |
| (ဃ) | စာကြည့်တိုက်လုပ်ငန်းသုံးပစ္စည်းများ | Lot No.(4) | ၂၀၀၀ိ/- |
| (င) | စာကြည့်တိုက်သုံးစက်ပစ္စည်းများ | Lot No.(5) | ၂၀၀၀ိ/- |

၂။ တင်ဒါပုံစံများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၂-၂၀၁၉ မှ ၂၅-၃-၂၀၁၉ ထိ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့် အချိန်** - ၂၆-၃-၂၀၁၉၊ ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - ၂၈-၃-၂၀၁၉၊ နံနက် ၁၀ နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမှတ်(၈၅/က)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့
**တင်ဒါတင်သွင်းရန်နေရာ** - အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမှတ်(၈၅/က)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းကမ်းချက်များ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၃၉၀၂၊ ၀၁-၆၆၂၄၇၀ နှင့် ၀၆၇-၃၄၀၈၃၈၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) (၁၂)လ ဘတ်ဂျက် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၀၀·၀၀၀ သန်းနှင့် နတလဦးစီးဌာန ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၆၀၀·၀၀၀ သန်း စုစုပေါင်းငွေကျပ် ၁၈၀၀·၀၀၀ သန်းဖြင့် ဆောင်ရွက်မည့် မြို့မှ (၂၂)မိုင်ကွာဝေးသော ခွေဗားရေထွက်မှ ရေသွယ်ယူမည့် ထန်တလန်မြို့ရေပေးရေး (မြို့တွင်းရေပေးရေးအပါအဝင်)လုပ်ငန်းကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၉ရက် (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၇-၃-၂၀၁၉ရက်(ညနေ ၄:၃၀နာရီ)
**တင်ဒါရောင်းချမည့်ရက်** - ၂-၄-၂၀၁၉ရက် (နံနက် ၁၀နာရီ) ချင်းပြည်နယ်အစိုးရအဖွဲ့ခန်းမ၊ ဟားခါးမြို့
**ဆက်သွယ်ရန်ဖုန်း** - ၀၇၀-၂၁၃၂၁၊ ၀၉-၄၅၉၅၉၈၁၅၁၊ ၀၉-၄၃၀၁၀၁၃၈၊ ၀၉-၂၆၂၆၉၉၅၉၁

**တင်ဒါကော်မတီ**

## မွေးသက္ကရာဇ် အမှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ) သတ္တမတန်းမှ မောင်မျိုးအောင်(ခ)ကျောက်ရှဲ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၉-၂၀၀၁ ဖြစ်ပါကြောင်း။ **မောင်မျိုးအောင်(ခ)ကျောက်ရှဲ**

## မိဘအမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက(မင်္ဂလွန်း) တက္ကသိုလ်ဝင်တန်းမှ မခင်ဇာနည်ဝင်းနှင့် သတ္တမတန်းမှ မခင်ဇာခြည်လင်းတို့၏ မိဘအမည်မှန်မှာ ဦးမိုးဝင်းနှင့် ဒေါ်အေးတိုးဖြစ်ပါကြောင်း။

**ဦးမိုးဝင်း-ဒေါ်အေးတိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းကင်းမြို့နယ်၊ ကျွန်းတောကျေးရွာနေ ကျွန်မ မသီတာဝင်း ၅/မကန(နိုင်)၀၉၃၅၄၂၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဝင်း(ခ)ဦးမောင်ခိုင် ၅/မကန(နိုင်)၀၁၇၂၇၃ ဖြစ်ပါကြောင်း။

**ဦးခိုင်ဝင်း(ခ)ဦးမောင်ခိုင်**

## ပျောက်ဆုံးကြောင်း

POE THIYI KYAW CO.,LTD မှ တာဝန်ယူတင်သွင်းခဲ့သော Brand Name:BOMAG,Mdl Year: 2007,Chassis No:101920021364, Country Of Origin:Japan အား ID NO.(100090370552)ဖြင့် အခွန်ဆောင်ထားပြီး ဖြစ်ပါသည်။ အထက်ပါ BOMAG ၏ ဂျူတီမူရင်းဖိုင်တွဲမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၅၅၅၀၈၅**
**POE THIRI KYAW CO.,LTD**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/3600 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အများသိစေရန်

နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ အကွက်အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၂၅၅)၊ မြေဧရိယာ(၀ဒသမ ၁၁၀)ဧကရှိ မြို့မြေကွက်အား ဒေါ်နန်းသန္တာခိုင် ၁၃/နမတ(နိုင်)၀၃၂၉၂၆ အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ရာ ၎င်းမြေပေးမိန့်မှာ ပျောက်ဆုံးသွားသဖြင့် ယခုမြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နောင်ချိုမြို့သို့ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းသန္တာခိုင်**
**၁၃/နမတ(နိုင်) ၀၃၂၉၂၆**

## ဦးထွန်းရင်သိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ (၁)ရပ်ကွက်၊ ပန်ပေါင်းရပ်ရှိ မြေကွက် ကွင်းအမှတ်(၅၅)၊ ဦးပိုင်အမှတ် ၁၅၁၊ ဧရိယာ ၀ဒသမ ၁၆၅ဧက မြေကွက်အား လွန်ခဲ့သော (၁-၁၂-၂၀၁၁)က ဦးထွန်းရင်ထံမှ ဦးစိုင်းညွန့် ဝယ်ယူခဲ့ပါသည်။ ယခုအခါတွင် ဦးစိုင်းညွန့်မှာ ရာသက်ပန် သာသနာ့ဘောင်သို့ ဝင်သွားပြီဖြစ်သောကြောင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စောပု ၁၃/ကမန(နိုင်)၀၂၀၅၂၉ နှင့် သား စိုင်းခွန်စောထီ ၁၃/ကမန(နိုင်)၀၉၅၄၇၂တို့ တရားဝင်ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ပါမြေကွက်အား ယခုအခါ ဂရန်အမည်ပြောင်းရန်အတွက် ဦးထွန်းရင်အား ဆက်သွယ်၍မရပါသောကြောင့် ဦးထွန်းရင် သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောပု ၁၃/ကမန(နိုင်)၀၂၀၅၂၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ ၂၀၁၉ ခုနှစ်၏ လုပ်ငန်းအမည် ချီဖွေငယ်စက်ရုံ ၂၀၁၉ ခုနှစ် မိုးရာသီကာလ လမ်းမပိတ်စို့မှုလုပ်ငန်း လုပ်ငန်းအမှတ်စဉ် XQP-2019-007 လုပ်ငန်းအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါကြောင်း ကြေညာခြင်း။

**တင်ဒါအဆိုပြုလွှာပုံစံနှင့်ကန့်သတ်အချိန်ကာလ**

၁။ **တင်ဒါလျှောက်လွှာထုတ်ယူနိုင်သည့်ရက်** - ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့)မှ

၂။ **တင်ဒါတင်သွင်းမည့် နောက်ဆုံးရက်** - ၅-၃-၂၀၁၉ ရက် မွန်းတည့် ၁၂:၀၀ နာရီထိ

၃။ **တင်ဒါပုံစံဝယ်ယူနိုင်ရန်နှင့် တင်သွင်းရမည့်နေရာ** - ချီဖွေငယ်ဓာတ်အားပေးစက်ရုံ (ချီဖွယ်ငယ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီခွဲ) ချီဖွေမြို့နယ်၊ နန်းဦးကျေးရွာအနီး

၄။ **ဆက်သွယ်ရန်ဖုန်းနံပါတ်-** Daw Pyu Pyu Aung- Phone 09-444324885
We Chat ID: fy 212816
U Kyaw Soe- Phone: 09-402551628
We Chat ID: kyaw soe 521

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံစုံးဒေသ ၄၂ ဒသမ ၆၈ စတုရန်းကီလိုမီတာတွင် ဘိလပ်မြေထုတ်လုပ်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါဖွင့်ရက်နှင့်ပိတ်ရက်**

**တင်ဒါဖွင့်ရက်** - ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ၀၉:၃၀ နာရီ

**တင်ဒါပိတ်ရက်** - ၂၆-၃-၂၀၁၉ ရက် (အင်္ဂါနေ့) ၁၆:၃၀ နာရီ

၃။ စိတ်ဝင်စားသည့် ကုမ္ပဏီများသည် တင်ဒါလျှောက်လွှာပုံစံကို ဝန်ကြီးဌာန Website (www.mining.gov.mm)တွင် အခမဲ့ Download ရယူနိုင်ပြီး အသေးစိတ်သိလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၁၄၀၃၅၊ ၀၆၇-၄၁၄၅၄၁**
**e-mail -dgsejvsec@ gmail.com**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(သတ္တုရေးရာ)**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်**
**ရာဇသင်္ဂဟလမ်း**
**နေပြည်တော်**

## ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့
## ပဲခူးတိုင်းဒေသကြီး
## သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
## တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
**၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော်(၃)ရက်**
**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်**

၁။ တောင်ငူခရိုင်စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ ခု အောက်တိုဘာလမှ ၂၀၁၉ခု စက်တင်ဘာလအထိ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကတ္တရာဝယ်ယူခြင်းလုပ်ငန်း (၁)ခုအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်ငန်းရှင်များအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၂၂-၂-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၈-၃-၂၀၁၉ရက် (သောကြာနေ့) ၄:၀၀ နာရီ

**အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၃-၂၀၁၉ ရက် ညနေ ၄:၀၀နာရီ

**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** - ၁၁-၃-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၂-၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၀၅၂**

## ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
**၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် (၃)ရက်**
**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်**

၁။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သိန်း(၁၀၀)အထက် ငွေလုံးငွေရင်းလုပ်ငန်း(၂)ခုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့(သာမန်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း(၁)ခုတို့အား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၂၆-၂-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၉:၀၀ နာရီ

**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၁၃-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီ

**အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၃-၃-၂၀၁၉ရက် ၁၆:၀၀နာရီ

**Technical နှင့် Profile ဖွင့်မည့်ရက်** - ၁၅-၃-၂၀၁၉ ရက်၊ ၉:၀၀ နာရီ

**အိတ်ဖွင့်တင်ဒါ Price Proposal ဖွင့်လှစ်မည့်ရက်၊ နေရာ** - ၁၉-၃-၂၀၁၉ ရက်၊ ၉:၀၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ထန်းတပင်မြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၆-၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ထန်းတပင်မြို့**
**ဖုန်း-၀၅၄-၈၂၀၁၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို ၁၅ လမ်း၊ အမှတ်(G/၉၇)အမည်တွင်သည့် ဦးရင်ထွန်း စလစ်အမည်ပေါက် ပေ(၆၀×၄၀) အနက်မှ အရှေ့ခြမ်းပေ(၃၀×၄၀)ရှိခြံနှင့် ယင်းပေါ်ရှိအိမ်တို့ကို ဦးမျိုးထွန်းနိုင် ၁၂/သလန(နိုင်)၀၀၈၇၁၂ထံမှ ဒေါ်သီသီဌေးက ၂၉-၈-၂၀၁၇ ရက်က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၁၁၇၅၀)**
**အမှတ်(H/၁၁၁)၊ ဗဟို ၁၃ လမ်း၊အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၉ခုနှစ်တွင် ကျင်းပမည့်ပထမအကြိမ် Computer Based Test(CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီးမြန်မာနိုင်ငံသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက်ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ်အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်ရက်၊ အချိန်**

(က) စာမေးပွဲကို(၂၂-၄-၂၀၁၉)ရက်မှစတင်ကျင်းပပါမည်။

(ခ) စာမေးပွဲစစ်ဆေးမည့်အချိန်

| ဖြေဆိုရမည့် အချိန် | ဖြေဆိုသူများအား စစ်ဆေးဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်းဆွေးနွေးချိန် | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) | အကြားစွမ်းရည် (Listening) |
| ပထမပိုင်း | ၀၉:၂၀ မှ ၀၉:၃၀ | ၀၉:၃၀ မှ ၁၀:၀၀ | ၁၀:၀၀ မှ ၁၀:၂၅ | ၁၀:၂၅ မှ ၁၀:၅၀ |
| ဒုတိယပိုင်း | ၁၀:၅၀ မှ ၁၁:၀၀ | ၁၁:၀၀ မှ ၁၁:၃၀ | ၁၁:၃၀ မှ ၁၁:၅၅ | ၁၁:၅၅ မှ ၁၂:၂၀ |
| တတိယပိုင်း | ၁၃:၂၀ မှ ၁၃:၃၀ | ၁၃:၃၀ မှ ၁၄:၀၀ | ၁၄:၀၀ မှ ၁၄:၂၅ | ၁၄:၂၅ မှ ၁၄:၅၀ |
| စတုတ္ထပိုင်း | ၁၄:၅၀ မှ ၁၅:၀၀ | ၁၅:၀၀ မှ ၁၅:၃၀ | ၁၅:၃၀ မှ ၁၅:၅၅ | ၁၅:၅၅ မှ ၁၆:၂၀ |

(ဂ) **ဖြေဆိုသူများသတိပြုရန်**

- (၁၀:၀၀)နာရီမှ (၁၀:၅၀)နာရီထိ (ပထမပိုင်း)၊ (၁၁:၃၀)နာရီမှ(၁၂:၂၀)နာရီထိ(ဒုတိယပိုင်း)နှင့်(၁၄:၀၀)နာရီမှ (၁၄:၅၀)နာရီထိ(တတိယပိုင်း)နှင့်(၁၅:၃၀)နာရီမှ(၁၆:၂၀)နာရီထိ(စတုတ္ထပိုင်း) လေးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား (၆၀)ဦးစစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် (၀၉:၀၀)နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် (၁၀:၃၀)နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုမည့်သူများသည်(၁၃:၀၀)နာရီတွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုသူများသည်(၁၄:၃၀)နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင်နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

-CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ်(၈၀)အထက်ရရှိသူများအား အမှတ်အနည်း/အများအလိုက်သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၉ခုနှစ်၊ မတ် ၁၂ရက်မှ ၂၀၀၁ခုနှစ်၊ မတ် ၁၁ရက်အတွင်းမွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ခြင်း/ပြန်ပို့ခြင်းမခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက်ဆေးစစ်ခြင်းပြုလုပ်ပါမည်)

(င) E-9 E-10 ဗီဇာဖြင့်ကိုရီးယားသမ္မတနိုင်ငံတွင် (၅)နှစ်နှင့်အထက် နေထိုင်ခဲ့သူများစာမေးပွဲဖြေဆိုခွင့်မရှိပါ။

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) **လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်** - ၁၁-၃-၂၀၁၉မှ ၁၃-၃-၂၀၁၉ရက်အတွင်း(နေ့စဉ် ၀၉:၃၀မှ ၁၆:၃၀နာရီထိ)

(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** - လျှောက်ထားသူကိုယ်တိုင်လာရောက်တင်ရမည်။

(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူတစ်စောင်(မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့စဉ်ကကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ)စာမေးပွဲလျှောက်လွှာတွင်သက်တမ်း(၆)လရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအားကပ်ပေးရပါမည်။

(၃) (၃.၅စမ×၄.၅စမ)ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ(၆လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)(နောက်ခံဆေးသားအဖြူရောင်)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ

(င) **စာမေးပွဲဖြေဆိုခ** - အမေရိကန်ဒေါ်လာ (၂၄)(သို့မဟုတ်)ညီမျှသောမြန်မာကျပ်ငွေ
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့်လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါကပယ်ဖျက်ပေးမည့်အပြင်စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့်အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းများ | | |
|---|---|---|---|
| | ကိုရီးယားသမ္မတနိုင်ငံတွင်ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | လုပ်ငန်းနှင့်ဆိုင်သည့်ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းများ |
| ၂၀၁၆ | | ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲအဆင့်(၃) အထက်ရရှိပါက အမှတ်(၂၀)ရရှိပါမည်။ စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ | - လုပ်ငန်းထူထောင်ခြင်း(လုပ်ငန်းရှင်)ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပါကအမှတ် ၅မှတ်ရရှိပါမည်။<br>- စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ |
| ၂၀၁၇ | - ကိုရီးယားသမ္မတနိုင်ငံမှပြုလုပ်သည့် သင်တန်းဆင်းအောင်လက်မှတ်ရရှိပါက အမှတ် (၅)မှတ်ရရှိပါမည်။<br>- စာမေးပွဲကြေးကင်းလွတ်ခွင့်ရရှိပါမည်။ | | |

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀ ပုဒ်<br>လုပ်ငန်းဆိုင်ရာ (၁၀) ပုဒ်<br>အထွေထွေ (၁၀)ပုဒ် | ၁၀၀ | ၂၅ မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် |
| အကြားစွမ်းရည် (Listening) | ၂၀ ပုဒ် | ၁၀၀ | ၂၅ မိနစ် | စာမေးပွဲအား တစ်ဆက်တည်း |
| စုစုပေါင်း | ၄၀ ပုဒ် | ၂၀၀ | ၅၀ မိနစ် | ဖြေဆိုရမည် |

**မှတ်ချက်။** စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု download ရယူနိုင်ပါသည်။ Homepage (http;//eps.hrdkorea.or.kr), (http;//www.hrd korea.or.kr/3/3/3/1/2)

၈။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**

(က) ၈-၄-၂၀၁၉ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၉။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) ကြေညာမည့်ရက် ၂၀-၅-၂၀၁၉ရက် တနင်္လာနေ့

(ခ) ကြေညာမည့်နည်းလမ်း

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်းနှင့် POEA-EPS Facebook

(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPSTOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage, (http;//eps.hrdkorea.or.kr), (http;//www.hrd korea.or.kr 3/3/3/1/2)

(၃) စာမေးပွဲသက်တမ်း (၂၀-၅-၂၀၁၉)မှ (၁၉-၅-၂၀၂၁)(အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ (၂)နှစ်တာ)

၁၀။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင်ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ) ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၁။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အောင်စာရင်းကို ၂၀-၅-၂၀၁၉ရက်တွင် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုရန်အတွက် စာမေးပွဲလျှောက်လွှာထုတ်ယူရာတွင် ကာယကံရှင်၏ ဆန္ဒအရသာ လျှောက်လွှာထုတ်ယူရမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

(ဂ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP 3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။

(ဃ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၃)နှစ်ကြာပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(င) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါအချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ သတ်မှတ်ငွေစာရင်းအမှတ်သို့ပေးသွင်း၍ ကျပ်သိန်း ၃၀ တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်၁၅သိန်းကို အာမခံထားသူနှစ်ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဗိုလ်မှူးချုပ် သီရိပျံချီ လွန်းသီ (ငြိမ်း)**
ကွမ်းခြံကုန်း
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)၊
သူရဲကောင်းမှတ်တမ်းဝင်၊
အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)၊
စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း)
ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ကွမ်းခြံကုန်းမြို့မဲဆန္ဒနယ်)
အသက်(၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2-B)နေ ဒေါ်ခင်မာအေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ် သီရိပျံချီ လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)**
အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါက်တာဥမ္မာမေတင်လှိုင်မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)**
အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီဗိုလ်မှူးချုပ်လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီ (ငြိမ်း)**
စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)
အသက်(၈၀)

သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလွန်းသီ**
**(ဗိုလ်မှူးချုပ်လွန်းသီ-ငြိမ်း)**
**အသက်(၈၀)**

ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌသည် ၂၅-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်**
**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီ (ငြိမ်း)**
စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)
အသက်(၈၀)

ကျေးဇူးရှင်ဆရာ သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)**
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊
သူရဲကောင်းမှတ်တမ်းဝင်
အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)
စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)
ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ကွမ်းခြံကုန်းမြို့ မဲဆန္ဒနယ်မြေ)
အသက်(၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေဒေါ်ခင်မာအေး၏ကျေးဇူးရှင်ခင်ပွန်း၊ ဦးဇော်လွန်း-ဒေါ်တင်မိုးသူ၊ ဒေါ်မြစိမ်းအေး၊ ဒေါက်တာဇင်မောင်လွန်း-ဒေါက်တာဇာခြည်ကိုတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး သီရိပျံချီဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)(ကွမ်းခြံကုန်းမြို့)**
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊
သူရဲကောင်းမှတ်တမ်းဝင်
အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)
စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)
ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ကွမ်းခြံကုန်းမြို့ မဲဆန္ဒနယ်မြေ)
အသက်(၈၀)

ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်နေ (ဦးလှမောင်-ဒေါ်သက်ပု)တို့၏သား၊ (ဦးကံညွန့်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ (ဦးမြမောင်-ဒေါ်မြအေး)၊ (ဦးမောင်ကြီး-ဒေါ်တင်လှ)၊ (ဦးသန်းတင်)-ဒေါ်မြရီတို့၏ညီ/မောင် သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီ (ငြိမ်း)**
အသက်(၈၀)

DSAအပတ်စဉ်(၄) သူရဲကောင်းမှတ်တမ်းဝင်၊ အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၁း၂၀နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်နှင့်ဇနီးဒေါ်အေးအေးခိုင် မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီ (ငြိမ်း)**
အသက်(၈၀)

DSAအပတ်စဉ်(၄) သူရဲကောင်းမှတ်တမ်းဝင်၊ အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဦးသောင်း [လ/ထ ညွှန်ကြားရေးမှူး(သူနာပြု)ငြိမ်း)]**
ကျန်းမာရေးဦးစီးဌာန
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ် ၈၅၈နေ (ဦးအောင်-ဒေါ်တင်စိန်)တို့၏သား၊ (ဦးရွှက်ဆိုင်-ဒေါ်ရွှက်ခမ်း)တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)၏ ခင်ပွန်း၊ ဦးအောင်တေဇ၊ ဒေါ်ခင်စောညို၊ ဦးလှမျိုး-ဒေါ်သန္တာဝင်း၊ ဗိုလ်ကြီးကျော်သူရ-ဒေါ်ချောအိလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မောင်စည်သူသောင်း၊ မခင်မှူးပြည့်သူတို့၏ အဘိုးသည် ၂၅-၂-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်မာလာ(တောင်ငူ)**
အသက်(၆၉)နှစ်

တောင်ငူမြို့၊ အမှတ်(၁၆/၈၂)၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကျော်စိန်-ဒေါ်သန်းရီ)တို့၏သမီး၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ၊ ဦးသန်းထွဋ်-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာကြည်ကြည်စိန်၊ (ဦးသိန်းဆွေ)-ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်တင့်-ဒေါ်ကြွယ်ကြွယ်စိန်တို့၏အစ်မ၊ တူ၊တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူပြီးသော ကလေးမြို့၊**
**မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ပဓာနနာယကဆရာတော်**
**ဘဒ္ဒန္တတေဇဝန္တမဟာထေရ်၏**
**အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပမည်**

ဘဝနတ်ထံပျံလွန်တော်မူပြီးသော စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တမဟာထေရ်၏ ဥတုဇရုပ်ကလာပ်အား ၁၃၈၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၉ရက် ၂၈-၂-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားနှင့် အောက်ပါတရားပွဲများကိုလည်း တစ်ပေါင်းတည်း ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များ ဒါယကာ ဒါယိကာမများအား အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| (၂၅-၂-၂၀၁၉ရက်) တနင်္လာနေ့ | - | မန္တလေးမြို့၊ စည်ရှင်ကျောင်း ဘဒ္ဒန္တဝဏ္ဏိတ လင်္ကာရာဘိဝံသ |
| (၂၆-၂-၂၀၁၉ရက်) အင်္ဂါနေ့ | - | ရန်ကုန်၊ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာ တော် ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ |
| (၂၇-၂-၂၀၁၉ရက်) ဗုဒ္ဓဟူးနေ့ | - | တိပိဋကဓရ ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဿစရိယ |
| (၅-၃-၂၀၁၉ရက်) အင်္ဂါနေ့ | - | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် |

**အန္တိမအဂ္ဂိစျာပန ဖြစ်မြောက်ရေးအဖွဲ့**

---

**ဒေါ်မြရွှေ (ကွမ်းခြံ)**
**(ဆရာမ၊ ငြိမ်း) အမက-၈၊ ကမာရွတ်**
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံမြောက်ပိုင်း၊ လှည်းတန်းလမ်းမကြီး၊ တိုက် ၂၀၈/၂၁၂၊ အခန်း ၀၀၁၊ ဟံသာရိပ်မွန်နေ (ဦးစိန်-ဒေါ်ရင်)တို့၏သမီး၊ (ဦးကံထွန်း-ဒေါ်စိန်စိန်)၊ (ဒေါ်သန်းရီ)၊ (ဦးလှအောင်-ဒေါ်လှတင်)၊ ဒေါ်သန်းကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၊ (ဦးကျော်ညွန့်-ဒေါ်မြကြီး)၊ (ဒေါ်တင်ရွှေ)တို့၏ညီမ၊ (ဒုတိယဗိုလ်မှူးကြီးလှိုင်အောင်-ဒေါ်သန်းတင်)၊ ဒေါ်သန်းသန်းငွေ(ကျောင်းအုပ်ဆရာမကြီး၊ အထက-၄၊ အလုံ၊ ငြိမ်း)တို့၏ အစ်မသည် ၂၄-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ည ၇း၃၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၉ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ ရက်(စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်ဒါယိကာမကြီး
**ဒေါ်တင်တင်မြင့် (ရွှေဘို၊ မန္တလေး)**
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၉၃/၅)နေ (ဦးစိန်ရ-ဒေါ်စောသိန်း)တို့၏သမီး၊ (ဦးဘိုးသိန်း-ဒေါ်ဆင်တန်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ရီ(ကုန်သွယ်ရေး၊ ဒု-ဝန်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်လွင်(ဒု-စက်ရုံမှူး၊ ငြိမ်း၊ အမှတ်-၁ရေနံချက်စက်ရုံ၊ သန်လျင်)- ဒေါက်တာခင်ရီဦး(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ Lab Advisor Clinton Health Access Initiative)၊ (ဦးလှဝင်း)-ဒေါ်တင်ရီမြတ် (International School Yangon)၊ ဦးသင်းမောင်မောင်ရီ-Carina Yi (USA) တို့၏ချစ်လှစွာသောမိခင်၊ နှင်းရည်ဝင်း(Australia)၊ ဝတ်ရည်ဝင်း(USA)၊ အောင်မြင်ဦး(Sr.Executive,Tokio Marine and Nichido Fire Insurance Co,Ltd)-ကျော့ကျော့စံ၊ Katrina, Kaitlan, Patrickတို့၏အဘွား၊ လင်းမြတ်သွယ်၏ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်ဒါယိကာမကြီး
**ဒေါ်တင်တင်မြင့် (ရွှေဘို၊ မန္တလေး)**
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၃/၅နေ (ဦးစိန်ရ-ဒေါ်စောသိန်း) တို့၏သမီး၊ (ဦးဘိုးသိန်း-ဒေါ်ဆင်တန်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ရီ(ကုန်သွယ်ရေး၊ ဒုဝန်ကြီး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်အေး-ဒေါ်မြရီ)၊ (ဦးခင်မောင်ငွေး)-ဒေါ်ခင်မြ၊ (ဦးမောင်မောင်-ဒေါ်ကြည်ကြည်)၊ (ဦးလှဖေ-ဒေါ်စိန်စိန်)တို့၏ညီမ၊ ဦးလှသိန်း-(ဒေါက်တာ ဒေါ်ခင်မမ)၊ ဒေါက်တာတင်ထွဋ်-ဒေါ်ကြည်ကြည်၊ (ဒေါ်ခင်မာရီ)၊ ဒေါ်သောင်းသောင်း(ရွှေဘို)၊ (ဦးခင်မောင်သန်း-ဒေါ်အုံးမေ)တို့၏အစ်မ၊ တူ တူမ ၁၈ ယောက်တို့၏အဒေါ်သည် ၂၅-၂- ၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးမောင်မောင်ကြီး (တောင်ကုတ်)**
**အငြိမ်းစားစိုက်ပျိုးရေးကျောင်းအုပ်ကြီး**
အသက်(၉၁)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ(ဦးအောင်ဘသိန်း-ဒေါ်ညီမ)တို့၏သား၊ (ဒေါ်စိန်စိန်)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၅၃) အခန်း(၁)နေ ဒေါ်ညီမလေး၊ (ဦးသိန်းမောင်)၊ ဦးလှကျော်အောင်-ဒေါ်အေးကြွယ်၊ ဦးအောင်ခင်-ဒေါ်သိန်းကြွယ်တို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်နေ ဒေါ်သီတာ၏ဖခင်၊ တူ၊တူမ ၁၀ယောက်တို့၏ဦးကြီး၊ မြေး ၁၈ယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၁၉ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
**ဒေါ်တင်ဦး**
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက် ၄၀/၄၄၊ အခန်း၂၃၊ ၅၅ လမ်းနေ (ဦးမောင်လှ-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးတင်အေး၏ဇနီး၊ ဦးဝင်းမြင့်၏အစ်မ၊ ဒေါ်စိုးစိုးသန်း၊ ဦးလွင်ငွေး-ဒေါ်မြစန်းခိုင်၊ ဒေါ်ဥမ္မာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဦးကျော်စွာဝင်း-ဒေါ်ဖြိုးသဇင်အောင်တို့၏မိခင်၊ မနှင်းနှင်းအေး၊ မောင်ဝင်းမင်းဇော်၊ မောင်ကျော်ဇင်ဖြိုး၊ မောင်ဖြိုးဟန်ကျော်တို့၏အဘွားသည် ၂၅-၂-၂၀၁၉ ရက်(တနင်္လာနေ့)နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဖြည့်စွက်ဖတ်ရှုပါရန်**

၂၂-၂-၂၀၁၉ရက်(သောကြာနေ့) မြန်မာ့အလင်းသတင်းစာပါ(ဦးနေသာဝင်း-၆၅)နှစ်၏ နာရေးကြော်ငြာတွင် ဒေါ်ခင်ခင်စု၏ခင်ပွန်းဟု ဖြည့်စွက်ဖတ်ရှုပါရန်။

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၄ယ/၂၄၇၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ရွှေ ၇/ဖမန(နိုင်)၀၈၀၂၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

---

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 4P/7045 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

---

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၇)၊ ဦးပိုင်အမှတ်(၁၃၁)၊ ၅၆×၅၇ ကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဦးကျော်မင်း အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးကျော်မင်း၊ မိခင်ဒေါ်မုန်းတင်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၇/၂၀၁၈)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်သည့် ဒေါ်စုစုတင်၉/မနမ(နိုင်)၀၀၂၀၇၇၊ ဒေါ်ကြည်ကြည်မာ ၉/မနမ(နိုင်)၀၀၂၀၇၈၊ ဦးရဲမင်းသိန်း ၉/ခမစ(နိုင်)၀၀၅၇၄၂၊ ဦးရဲသီဟ ၉/ခမစ(နိုင်)၀၀၅၇၄၃ တို့က ဂရန်မိတ္တူ၊ တောမှမြို့ပြောင်း အမည်ပြောင်း လျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**သတိပေး**
**နှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ** တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊

*စာမျက်နှာ ၅ ကော်လံ ၁* ✳



ဒုတိယသမ္မတ ဦးမြင့်ဆွေ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ယူဂန္ဓာနိုင်ငံ၌ ကျင်းပသည့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ချန်ပီယံဆုရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**ယူဂန္ဓာနိုင်ငံ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် Uganda International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ချန်ပီယံဆုရရှိသည်။**



ချန်ပီယံဆုရခဲ့သည့် သက်ထားသူဇာအား ၂၀၁၈ အာဆီယံတက္ကသိုလ်များပြိုင်ပွဲတွင် ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

သက်ထားသူဇာသည် ယင်းပြိုင်ပွဲတွင် ပြိုင်ဘက်ကစားသမားများကို ပြတ်ပြတ်သားသား အနိုင်ရကာ ချန်ပီယံဆုရရှိခဲ့ခြင်းလည်းဖြစ်သည်။ သက်ထားသူဇာသည် နိုင်ငံတကာ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး ငါးလအတွင်း ပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရာ ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆုတစ်ကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

သက်ထား သူဇာသည် ယခုပြိုင်ပွဲတွင် ၃၂ ဦးအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ယူဂန္ဓာကစားသမား ရှာမင်ကို ၂၁-၈ မှတ်၊ ၂၁-၉ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ၁၆ ဦးအဆင့်တွင် ယူဂန္ဓာကစားသမား မူဂါဘီကို ၂၁-၁ မှတ်၊ ၂၁- ၇ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် ဇင်ဘာဘွေကစားသမား အိုဂါကို ၂၁-၉ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် အီရန်ကစား သမား ဆာမင်ကို ၂၁-၁၂ မှတ်၊ ၂၁-၁၅ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲတွင် ဂျော်ဒန်ကစားသမား အမ်ရိုကို ၂၁-၁၄ မှတ်၊ ၂၁-၁၂ မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရကာ ချန်ပီယံဆုရရှိခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဥရောပ၊ လက်တင်အမေရိက၊ အာဖရိကနိုင်ငံများမှ ကစားသမားအများအပြား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အာရှနိုင်ငံအချို့မှ ကစားသမားများလည်း ယှဉ်ပြိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၆* ❒

# AFC U-16 Women's Championship Thailand 2019 Qualifiers Round (2) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် ဘောလုံးပြိုင်ပွဲ Round (2) (AFC U-16 Women's Championship Thailand 2019 Qualifiers Round -2) ပွဲစဉ်များအနက် မြန်မာယူ-၁၆ အမျိုးသမီးဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီတွင် တရုတ်အမျိုးသမီးဘောလုံးအသင်းနှင့် လည်းကောင်း၊ မတ် ၁ ရက် ညနေ ၆ နာရီတွင် ဘင်္ဂလားဒေ့ရှ် အမျိုးသမီးဘောလုံးအသင်းနှင့် လည်းကောင်း၊ မတ် ၃ ရက် ညနေ ၆ နာရီတွင် ဖိလစ်ပိုင်အမျိုးသမီးဘောလုံး အသင်းနှင့်လည်းကောင်း မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

